# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၄ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၁၂) ရက် ၊ အင်္ဂါနေ့ ၊ (17-1-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၆၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

(၂) လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

(၃) ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့်စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

(၄) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

(၅) အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးအထူးအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖွံ့ဖြိုးတိုးတက်ရေးအထူးအစည်းအဝေးတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၆**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖွံ့ဖြိုးတိုးတက်ရေးအထူးအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ မာလာတောင်အားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးလှမိုး၊ ဦးသောင်းဟန်၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☞




ရတနာပုံ
၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၇ ရက်
အယ်ဒီတာ့အာဘော်

# ဘယ်လောက်ဝေးဝေး ကျန်းမာရေးစောင့်ရှောက်ပေးသူ သမားဇာနည်များ

မြန်မာနိုင်ငံသည် တိုင်းရင်းသားပေါင်းစုံနေထိုင်ကြပြီး တောတောင်ရေမြေ၊ တောင်တန်း၊ မြေပြန့်နှင့် မြစ်ဝှမ်းလွင်ပြင် အစရှိသည့် မြေမျက်နှာသွင်ပြင်စုံလင်သည့်နိုင်ငံဖြစ်သည်။ ထိုကဲ့သို့ သောဒေသများတွင် တိုင်းရင်းသားများနေရာအနှံ့ ပျံ့နှံ့နေထိုင်ကြသည်ကိုလည်း တွေ့ရမည်ဖြစ်သည်။ သွားလာရခက်ခဲသည့်တောင်တန်းဒေသများတွင် နေထိုင်ကြသည့်တိုင်းရင်းသားများသည် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်ပါက လက်လှမ်းမမီခဲ့သည့်အတွက် ကျန်းမာရေးအဆင့်အတန်းသည်လည်း ခေတ်အဆက်ဆက်နိမ့်ကျခဲ့သည်ကို တွေ့ရသည်။

ထို့ကြောင့် ဝေးလံခေါင်ဖျားပြီး ကျန်းမာရေးစောင့်ရှောက်မှုလက်လှမ်းမမီသည့် တိုင်းရင်းသားဒေသများကို တပ်မတော်အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့သည်။ ထိုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် တပ်မတော်သားဆေးမှူးအရာရှိများကို ၂၀၁၆ ခုနှစ်ကတည်းက စေလွှတ်ခဲ့ရာ ပထမအကြိမ် ၄၄ ဦး၊ ဒုတိယအကြိမ် ၄၄ ဦး၊ တတိယအကြိမ် ၄၆ ဦးနှင့် စတုတ္ထအကြိမ် ၁၈ ဦးဖြင့် ဆေးမှူးအရာရှိ ၁၅၂ ဦးကို လေးကြိမ်ခွဲ၍ စေလွှတ်နိုင်ခဲ့ပြီးဖြစ်သည်။

**"မိမိတို့ တပ်မတော်သည် ခေတ်အဆက်ဆက်တွင်လည်း၊ နိုင်ငံ့အရေး၊ တိုင်းရင်းသားပြည်သူများအရေးတို့နှင့်ပတ်သက်ပါက အစဉ်အမြဲဆောင်ရွက်ခဲ့သည့်အဖွဲ့အစည်းဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်သည့်နေရာတွင် တပ်မတော်၏ မူလတာဝန်များဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးကို ဆောင်ရွက်သည့်နည်းတူ ပြည်သူလူထုကျန်းမာရေးနှင့် ပညာရေးများကိုလည်း တစ်ဖက်တစ်လမ်းက ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ဝေးလံခေါင်ဖျားသည့် ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုတာဝန်များ ထမ်းဆောင်နိုင်ခဲ့သည့်အတွက်လည်း ချီးကျူးဂုဏ်ပြုကြောင်း ကိုပြောကြားလိုကြောင်း၊"** နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် ဘုရင့်နောင်ရိပ်သာ၌ ကျင်းပပြုလုပ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ဝေးလံခေါင်ဖျား၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသများမှ ဒေသခံပြည်သူများ၏ ကျန်းမာရေးကဏ္ဍမြှင့်တင်ပေးရန်အတွက် ဆရာဝန်လိုအပ်လျက်ရှိသော ဆေးရုံများတွင် တာဝန်ထမ်းဆောင်ခဲ့သည့် တပ်မတော်သားဆရာဝန်များကို ဂုဏ်ပြုပွဲအခမ်းအနား၌ ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

တပ်မတော်သားဆရာဝန်များသည် တပ်အသီးသီးရှိ တပ်မတော်သားများ၊ တပ်မိသားစုဝင်များ၏ ကျန်းမာရေးနှင့် အသိပညာပေးရေးများအပြင် တိုင်းရင်းသားပြည်သူလူထု၏ ကျန်းမာရေးကာကွယ်စောင့်ရှောက်မှု၊ ကျန်းမာရေးအသိပညာပေးဖြန့်ဝေမှု၊ ဖြစ်ပေါ်လာသည့် ရောဂါကုသပေးမှု စသည့်တာဝန်များကို လက်ဆင့်ကမ်းထမ်းဆောင်ကြရမည်ဖြစ်သည်။ တပ်မတော်သားကောင်း၊ စစ်သားကောင်းတစ်ယောက်ဖြစ်ရန်အတွက် မိမိတို့အပေါ် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်နိုင်ရန် အမြဲတမ်းကြိုးစားအားထုတ်နေရန် လိုပေသည်။

သို့ဖြစ်ရာ ဝေးလံခေါင်ဖျား၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်ဒေသများရှိ ဆေးရုံဆေးခန်းများတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ကျန်းမာရေးကို စေတနာတရား၊ အကြင်နာတရားအပြည့်ဖြင့် ကျန်းမာရေးပြုစုစောင့်ရှောက်ခဲ့သည့် တပ်မတော်သားဆရာဝန် သမားဇာနည်များကို လှိုက်လှဲစွာချီးကျူးဂုဏ်ပြုအပ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့် ပဲစင်းငုံ(နီ) ဈေးကောင်းရရှိ

**မန္တလေး ဇန်နဝါရီ ၁၆**

မန္တလေး ပဲ၊ နှမ်းဈေးကွက်တွင် နှမ်းနှင့် ပဲစင်းငုံ(နီ)များ အရောင်းအဝယ်ကောင်းမွန်လာပြီး ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခင်က ပဲ၊ နှမ်း စသည့်ကုန်စည်များထဲတွင် နှမ်းနှင့် ပဲစင်းငုံ(နီ)မှာ ပြည်တွင်းဈေးကွက်အတွင်း ဝယ်ယူမှုနည်းခြင်းကြောင့် အရောင်းအဝယ်အေးနေခဲ့ကြောင်း၊ ယခုလက်ရှိတွင် နှမ်းနှင့် ပဲစင်းငုံ(နီ)များကို ကုန်သည်များက ဝယ်ယူမှုများပြားလာပြီး အရောင်းအဝယ်ကောင်းမွန်လာကြောင်း သိရသည်။

"နှမ်းနဲ့ ပဲစင်းငုံ(နီ)က အရင်တစ်ပတ်လောက်က အရောင်းအဝယ် သိပ်ပြီးမကောင်းတာကြောင့် မန္တလေးဈေးကွက်ထဲ ဈေးကောင်းသိပ်မရခဲ့ဘူး။ အခုလက်ရှိမှာတော့ အရောင်းအဝယ်ပြန်ကောင်းမွန်လာတဲ့အပြင် ပြည်ပကပါ ဝယ်ယူမှုတွေရှိလာတာကြောင့် ဈေးကောင်း ပြန်ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ပဲ၊ နှမ်း ဈေးကွက်တွင် ဇန်နဝါရီ ၉ ရက်ပေါက်ဈေးအရ နှမ်းဖြူ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၀၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၅၀၀၀၊ နှမ်းနက်(စမုန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀ သာပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ နှမ်းဖြူ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၀၀၀၀၊ နှမ်းနက်(စမုန်) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အလားတူ မန္တလေး ပဲ၊ နှမ်း ဈေးကွက်တွင် ဇန်နဝါရီ ၉ ရက် ပေါက်ဈေးအရ ပဲစင်းငုံ(နီ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၆၇၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း ယနေ့ပေါက်ဈေးအရ ပဲစင်းငုံ(နီ) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၇၃၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

(၁၈၄)

# မဟာမုနိရုပ်ရှင်တော်အား ပင့်ဆောင်ခဲ့သူ ဗဒုံမင်းနှင့် သားတော် အိမ်ရှေ့ဥပရာဇာတို့၏ ကြေးသွန်းရုပ်တုကို ဝါဆိုခြင်းရုံရှေ့တွင် ထားရှိမည်



**မန္တလေး ဇန်နဝါရီ ၁၆**

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်(ဘုရားကြီး) အနောက်ဘက် ၄၅ တာရှိ ဝါဆိုခြင်းရုံရှေ့ အဝိုင်းပတ်တွင် မဟာမုနိရုပ်ရှင်တော်အား ရခိုင်ပြည်မှ ပင့်ဆောင်ခဲ့သည့် ဗဒုံမင်းနှင့် သားတော် အိမ်ရှေ့ဥပရာဇာတို့၏ ကြေးသွန်းရုပ်တုကို ပြသထားရှိမည်ဖြစ်ကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးကျော်ကျော်ဦးက ပြောပြ၍ သိရသည်။

ယခုအခါ အဆိုပါ ကြေးသွန်းရုပ်တုကို မဟာမုနိရုပ်ရှင်တော် ပရိဝုဏ်အတွင်း အရှေ့မြောက်ထောင့်သမိုင်းပန်းချီပြတိုက်အနီး၌ နောက်ခံမဏ္ဍပ်ဖြင့် အများပြည်သူ လေ့လာနိုင်ရန် ယာယီပြသထားကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို ပင့်ဆောင်ခဲ့လို့ ဂုဏ်ပြုတဲ့အနေနဲ့ကော အများပြည်သူလဲ သိရှိစေချင်တဲ့ရည်ရွယ်ချက်နဲ့ပါ ဆောင်ရွက်တာဖြစ်တယ်။ ကြေးသွန်းရုပ်တုကို ခြင်းရုံပေါက်က အဝိုင်းပတ်မှာထားဖို့ အောက်ခံခုံစလုပ်တော့မှာပါ။ နိုင်ငံခြားသားတွေလာတဲ့နေရာဖြစ်လို့ သူတို့လဲ ဒါကိုပိုပြီးသတိထားမိမှာပါ"ဟု မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးကျော်ကျော်ဦးက ပြောပြသည်။

လာမည့် ဖေဖော်ဝါရီလတွင် ယာယီပြသည့်နေရာမှ ထားရှိမည့်နေရာသို့ ရွှေ့ပြောင်းမည်ဖြစ်ပြီး ဗဒုံမင်းရုပ်တုမှာ အမြင့် ကိုးပေ ငါးလက်မနှင့် သားတော်အိမ်ရှေ့ဥပရာဇာရုပ်တုမှာ အမြင့် ငါးပေ ငါးလက်မရှိပြီး နှစ်ခုပေါင်း ကြေးပိဿာချိန် ၃၅၀ ကျော်ရှိကြောင်း၊ အဆိုပါ ကြေးသွန်းရုပ်တုကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၅ ရက်က ကြေးသွန်းအလုပ်ရုံမှ မဟာမုနိရုပ်ရှင်တော်သို့ သယ်ဆောင်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(၁၈၅)

# ကျေးရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ထားသည့် စိန်ပန်းကုန်းကျေးရွာသို့ ပြည်တွင်း၊ ပြည်ပခရီးသွား လည်ပတ်မှုများပြား

**မန္တလေး ဇန်နဝါရီ ၁၆**

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် စိန်ပန်းကုန်းကျေးရွာသို့ ပြည်တွင်း၊ ပြည်ပခရီးသွား ဝင်ရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ရောဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ခေါင်းဆောင် ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

ကျေးရွာအခြေပြုခရီးသွားလုပ်ငန်းဖော်ဆောင်ထားသည့် ကျေးရွာများထဲမှ ခရီးသွားများစိတ်ဝင်စားမှုရှိသည့် ကျေးရွာမှာ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းရှိ စိန်ပန်းကုန်းကျေးရွာဖြစ်ကြောင်း၊ ၎င်းကျေးရွာ၌ ရက်ကန်းလုပ်ငန်း၊ အိုးလုပ်ငန်း၊ ခမောက်လုပ်ငန်း၊ ဆေးပေါ့လိပ်လုပ်ငန်း၊ ဖိနပ်လုပ်ငန်းများအပါအဝင် အခြားလုပ်ငန်းများကိုလည်း ခရီးသွားများ စိတ်ဝင်စားကြကြောင်း၊ ထို့ပြင် စိန်ပန်းကုန်းကျေးရွာမှ ရောဝတီမြစ်အတွင်း စက်လှေစီးကာ ရောဝတီလင်းပိုင်များကို သွားရောက်ကြည့်ရှုသည့် ခရီးသွားများလည်း များပြားလာကြောင်း သိရသည်။

"ကျေးရွာအခြေပြုခရီးသွားလုပ်ငန်း ဖော်ဆောင်ဖို့အတွက် ၂၀၁၄ ခုနှစ်ကနေစပြီးတော့ သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) နဲ့ ငါးလုပ်ငန်းဦးစီးဌာန၊ ရောဝတီလင်းပိုင်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့ ပူးပေါင်းလုပ်ဆောင်ခဲ့ပါတယ်။ လုပ်ငန်းဖော်ဆောင်ထားတဲ့ ကျေးရွာတွေကတော့ မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်းမှာက ဆင်ကျွန်းကျေးရွာ၊ အေးကျွန်းကျေးရွာ၊ မြေခွန်းကျေးရွာ၊ စိန်ပန်းကုန်းကျေးရွာ၊ စဉ့်ကူးမြို့နယ်အတွင်းမှာတော့ မြစ်ကမ်းကြီးကျေးရွာ၊ ဆည်သည်ကျေးရွာနဲ့ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်အတွင်းမှာ ဖော်ဆောင်တာကတော့ ရွာသစ်ကျေးရွာ၊ တကောင်းကျေးရွာနဲ့ ရှိမ်းမကားကျေးရွာတို့ဖြစ်ပါတယ်"ဟု ဦးမောင်မောင်လေးက ပြောပြသည်။

အဆိုပါကျေးရွာများထဲတွင် စိန်ပန်းကုန်းကျေးရွာသို့ ဝင်ရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားများမှာ ဇန်နဝါရီလ ပထမပတ်က တစ်ရက်လျှင် ခရီးသွားဦးရေ ၆၀ ကျော်သာ လာရောက်လည်ပတ်ခဲ့ကြသော်လည်း ဇန်နဝါရီ ၁၄ ရက်မှစ၍ တစ်ရက်လျှင် ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၂၀၀ ကျော်ထိရှိလာကြောင်း သိရသည်။

"အခုက ရောဝတီမြစ်အတွင်း ရေနည်းချိန်ဖြစ်ပေမဲ့လဲ ခရီးသွားရာသီကာလဖြစ်တာကြောင့် ရေယာဉ်နဲ့ ခရီးသွားလာတဲ့ ခရီးသည်တွေ တော်တော်လေးပြန်များလာတယ်။ အခုလက်ရှိ စိန်ပန်းကုန်းကျေးရွာကို မန္တလေးဆိပ်ကမ်းကနေ ရေယာဉ်နဲ့သွားရောက်လည်ပတ်တဲ့ ခရီးသွားတွေ တော်တော်လေးပြန်များလာတယ်"ဟု ဦးမောင်မောင်လေးက ပြောပြ၍ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# သီပေါမြို့နယ်တွင် ကျောက်ဂူ-နောင်ဝိုး-နမ့်လန်လမ်း ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**သီပေါ ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် လမ်းဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၇၃၉ ဒသမ ၃ သန်းဖြင့် ကျောက်ဂူ-နောင်ဝိုး-နမ့်လန်လမ်း ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ဦးကျော်သူရနှင့် တာဝန်ရှိသူများက ကျောက်ဂူ-နောင်ဝိုး-နမ့်လန်လမ်း ကတ္တရာလမ်းချဲ့ခြင်း၊ ကျောက်ရောမြေလမ်းပခုံးပြုလုပ်ခြင်း၊ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)က လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားသည်။

ကျောက်ဂူ-နောင်ဝိုး-နမ့်လန်လမ်း မိုင်တိုင်အမှတ်(၄၉/၃)မှ (၅၀/၇)ထိ အရှည်တစ်မိုင်လေးဖာလုံ၊ အကျယ် ၁၈ ပေကို ကတ္တရာလမ်းချဲ့ခြင်း၊ အဆိုပါလမ်းမိုင်တိုင်အမှတ်(၄၆/၄)မှ (၄၆/၆)ထိ အရှည် နှစ်ဖာလုံ၊ မိုင်တိုင်အမှတ်(၄၈/၀)မှ(၄၉/၃)ထိ တစ်မိုင် သုံးဖာလုံကို ကျောက်ရောမြေလမ်းပခုံးပြုလုပ်ခြင်း၊ မိုင်တိုင်အမှတ်(၃၆/၂)မှ (၅၁/၆)ထိ သာမန်ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို သီပေါမြို့နယ် လမ်းဦးစီးဌာနက ၂၀၂၂ ခုနှစ် ဇွန် ၁၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးသွားပါက လမ်းတစ်လျှောက်ရှိ ကျေးရွာ ၇၄ ရွာမှ အိမ်ခြေ ၇၉၀၁ အိမ်၊ လူ ၃၅၆၂၆ ဦး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သီပေါမြို့နယ် လမ်းဦးစီးဌာနမှ သိရသည်။

**ကျော်ဇေဘုံး(မော်ရှမ်းမြေ)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ စိတ္တဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ မဟာမြိုင်အပိုင်း(၁)နေ ဦးအေးကျော်မိသားစုက ဒေါ်ဝမ်းကြည်အားရည်စူး၍ ဆေးပဒေသာပင်အတွက် ငွေကျပ် ၄၅၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ရမည်းသင်းမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ ဆည်ရေသောက်စနစ်ဖြင့် နွေစပါးဧက ၁၄၀၀ စိုက်ပျိုးသွားမည်



ယခုနှစ် မိုးစပါးစိုက်ခင်းကို တွေ့ရစဉ်။

**ရမည်းသင်း ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ ဆည်ရေသောက်စနစ်ဖြင့် နွေစပါးဧက ၁၄၀၀ လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

ရမည်းသင်းမြို့နယ်အတွင်းရှိ နွေစပါးစိုက်ဧကများကို ဆည်ရေသောက်စနစ်ဖြင့် လျာထားဧက ၁၄၀၀ ကို ယခုနှစ် ဖေဖော်ဝါရီလ ဒုတိယပတ်မှစ၍ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးကြရာတွင်လည်း စိုက်ပျိုးရေးဦးစီးဌာနက သိပ္ပံနည်းကျစိုက်နည်းစနစ်များနှင့် စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးသွားမည့်စပါးမျိုးများအနေဖြင့် မနောသုခ၊ ရွှေသွယ်ရင်၊ သီးထပ်ရင် စသည့်အထွက်ကောင်းစပါးမျိုးများကို အဓိကထား စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"အခုနှစ်နွေစပါးစိုက်ပျိုးရာသီမှာ ဒေသနဲ့ကိုက်ညီတဲ့ စပါးမျိုးတွေကို ဆည်ရေသောက်စနစ်နဲ့ စိုက်ပျိုးသွားမှာပါ။ ဒီမျိုးတွေအပြင် အခြားအထွက်နှုန်းကောင်းတဲ့ စပါးမျိုးတွေကိုလဲ စိုက်ပျိုးကြပါတယ်။ နွေစပါးစိုက်ပျိုးရာသီ ဖေဖော်ဝါရီလဒုတိယကနေ စပြီးစိုက်ပျိုးသွားမှာပါ။ စပါးမျိုးသက်တမ်းတွေအနေနဲ့ကတော့ မျိုးအလိုက်သက်တမ်းရှိကြပါတယ်။ သက်တမ်းတွေကတော့ အသင့်အတင့်မျိုးတွေကို စိုက်ပျိုးကြတာပါ။ နွေစပါးစိုက်ပျိုးနိုင်ဖို့အတွက် မြေတွေကိုလဲ ထွန်ယက်ပြုပြင်နေပါတယ်"ဟု ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဆန်စားသုံးမှုဖူလုံစေရေးအတွက် ရမည်းသင်းမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ နွေစပါးဧက ၁၄၀၀ လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း၌ နွေစပါးကို ဆည်ရေသောက်စနစ်ဖြင့် စိုက်ပျိုးခြင်း၊ မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးခြင်းနှင့် မြေအောက်ရေစနစ်ဖြင့် စိုက်ပျိုးခြင်း စသည့်စနစ်သုံးမျိုးဖြင့် စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးအောင်မျိုးသန့်က ပြောပြ၍ သိရသည်။

(၁၈၅)

# မိုးနဲမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မိုးနဲ ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကုန်းလုံကျေးရွာနှင့် လွိုင်ယူးကာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ အဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက လွိုင်ယူးကာကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့်တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၁ ဒသမ ၁ သန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များက ကုန်းလုံကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူအသင်းသား၊ အသင်းသူဦးရေ ၃၀ ကိုငွေကျပ် ၂၀ ဒသမ ၅ သန်းနှင့် လွိုင်ယူးကာကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူအသင်းသား၊ အသင်းသူဦးရေ ၃၀ ကို ငွေကျပ် ၂၀ ဒသမ ၆ သန်း စုစုပေါင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၁ ဒသမ ၁ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# မြောက်ဦးမြို့နယ် ခွေးတောက်ချောင်းကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်မှု စစ်ဆေး


**မြောက်ဦး ဇန်နဝါရီ ၁၆**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ခွေးတောက်ချောင်းကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစော၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာကော်မတီဝင်များနှင့်အတူ ခွေးတောက်ချောင်းကျေးရွာ၌ မြေသားရေကန်တူးဖော်ခြင်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စကားလက်ကုမ္ပဏီ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြမှုအပေါ် မြို့နယ်ဦးစီးမှူး ဦးဘစောက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေးကြီးကြပ်ဆောင်ရွက်သွားရန် မှာကြားသည်။

ခွေးတောက်ချောင်းကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရခွင့်ပြုရန်ပုံငွေကျပ် ၃၅ သန်းဖြင့် အလျားပေ ၂၀၀၊ အနံပေ ၂၀၀၊ အနက် သုံးပေရှိ မြေသားရေကန်တူးဖော်ခြင်းနှင့် အရှည်ပေ ၁၀၀၀ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို စကားလက်ကုမ္ပဏီက တာဝန်ယူ၍ ၂၀၂၂ ခုနှစ် မေ ၂၅ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများဆောင်ရွက်ပြီးစီးပါက ခွေးတောက်ချောင်းကျေးရွာရှိ အိမ်ခြေ ၁၅၀၊ လူ ၈၅၅ ဦးနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် သန့်ရှင်းသောသောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘစောက ပြောပြ၍ သိရသည်။

**ကိုသန်း**



# ပြန်လည်ပြည့်ဖြိုးမြဲ နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ထုတ်လုပ်ခြင်း (အပိုင်း-၁)

**ပါမောက္ခကိုကိုအောင်**



လူတို့မှီတင်းနေထိုင်ရာ ဤမြေကမ္ဘာကြီးသည် နေစကြဝဠာအဖွဲ့အစည်းအတွင်းရှိ ဂြိုဟ်ကြီး ကိုးလုံးအနက် သက်ရှိတို့ ရှင်သန်ရပ်တည်နေထိုင်နိုင်သည့် တစ်ခုတည်းသော ဂြိုဟ်ဖြစ်သည်။ နေစကြဝဠာအဖွဲ့အစည်းအတွင်းရှိ ကျန်ဂြိုဟ်များ၌ မည်သည့်ဇီဝရုပ်တို့မျှ ရှင်သန်ရပ်တည်နေထိုင်နိုင်စွမ်းမရှိကြပေ။ ထို့ပြင် ဤမြေကမ္ဘာပေါ်သို့ ကျရောက်သော နေ၏အလင်းတန်းများနှင့် အပူရှိန်တို့သည် လွန်ကဲပြင်းထန်ခြင်းမရှိဘဲ သင့်တင့်မျှတသည့်အတွက် ကမ္ဘာပေါ်ရှိ ပင်လယ်ရေနှင့် သမုဒ္ဒရာရေများ၊ မြစ်ချောင်းအင်းအိုင်များထဲရှိ ရေချိုများ၊ မြေအောက်ရေကြောများအတွင်းရှိ ရေအိုင်များထဲမှ ရေချိုများနှင့် မြေလွှာအောက်၌ စီးဆင်းနေသော ရေချိုများသည် အရည်ဘဝဖြင့် တည်ရှိနေနိုင်ကြသည်။

နေသူရိန်ဟူ၍လည်းကောင်း၊ နေမင်းကြီးဟူ၍လည်းကောင်း၊ နေစကြဝဠာ၏ အဓိပတိဟူ၍လည်းကောင်း အမည်နာမအမျိုးမျိုးတပ်၍ ခေါ်ဝေါ်နေကြသော နေလုံးကြီးသည် မြေကမ္ဘာနှင့်အနီးကပ်ဆုံးသော ကြယ်ကြီးတစ်လုံးဖြစ်ကာ အပူချိန်အားဖြင့် ၁၀၃၀၀ ဒီဂရီဖယ်ရင်ဟိုက်ခန့် ရှိမည်ဟု သိပ္ပံပညာရှင်တို့က ခန့်မှန်းထားကြသည်။ နေလုံးကြီး၏ မျက်နှာပြင်ပေါ်ရှိ ရှုပ်ထွေးနေသော သံလိုက်စက်ကွင်းများ၏ ရောယှက်သက်ရောက်မှုကြောင့် အင်္ဂလိပ်အက္ခရာ S ပုံသဏ္ဌာန်ရှိ ဆစ်ဂ်မွိုက်ဓာတ်ငွေ့တိမ်တိုက်များဖြစ်ပေါ်ကာ တစ်နေ့တာအတွင်း မှာပင် ပုံမှန်အားဖြင့် အကြိမ်ရေအတော်များများ ပေါက်ကွဲလျက်ရှိနေသည်။ ထိုပေါက်ကွဲမှုများကြောင့် အပူဓာတ်နှင့် အလင်းတန်းများထွက်ပေါ်ကာ ကမ္ဘာမြေအတွက် လိုအပ်သောအလင်းရောင်နှင့် အပူရှိန်တို့ကို ရရှိစေသည်။

ထိုကဲ့သို့သော ပေါက်ကွဲမှုများအနက် အင်အားအလွန်ကြီးမားသော ရောမပေါက်ကွဲမှုကြီးမျိုးမှာ ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် ၂၅ ကြိမ်ခန့်ဖြစ်ပေါ်တတ်သည်။ ရောမပေါက်ကွဲမှုကြီးများ ဖြစ်ပေါ်သည့်အခါ ပူလောင်သော လျှပ်စစ်ဓာတ်သယ်ဆောင်ထားသည့် ဓာတ်ငွေ့တန်ချိန်သန်းပေါင်း ၁၀၀၀၀ ခန့်ကို အာကာသထဲသို့ထုတ်လွှတ်ကာ အာကာသအတွင်း၌ သံလိုက်ဓာတ်အား မုန်တိုင်းတစ်ခုကိုဖြစ်ပေါ်စေသည်။ နေမုန်တိုင်းဟုခေါ်ဆိုသော အဆိုပါသံလိုက်ဓာတ်အားမုန်တိုင်းကြောင့် ခရမ်းလွန်ရောင်ခြည်နှင့် ကော့စမစ်ရောင်ခြည်များ ဖြာထွက်လာသည်။

နေမှဖြာထွက်လာသော ခရမ်းလွန်ရောင်ခြည်သည် လူ့အရေပြားကို သင့်တင့်မျှတစွာ သင့်ရောက်ခဲ့လျှင် ခန္ဓာကိုယ်အတွက် လိုအပ်သော ဗီတာမင်ဒီကို ရရှိစေသော်လည်း အညွန်းကိန်းမြင့်မားသည့် ခရမ်းလွန်ရောင်ခြည်များ သင့်ရောက်ခဲ့လျှင်မူ ရုပ်ဆင်းသွင်ပြင် အိုမင်းရင့်ရော်ခြင်းနှင့် ပြင်းထန်သော အရေပြားရောဂါများကို ခံစားကြရနိုင်သည်။ သို့ရာတွင် ကမ္ဘာ့မြေပြင်အထက် ၁၆ ကီလိုမီတာမှ ၄၈ ကီလိုမီတာအတွင်း၌ သဘာဝအလျောက်တည်ရှိနေသော အိုဇုန်းလွှာကြီးက အုပ်မိုးပေးထားခြင်းကြောင့် လူတို့အတွက် အကာအကွယ်ကောင်းစွာရရှိနေသည်။

နေလုံးကြီးမှ ဖြာထွက်လာသည့် နောက်ထပ်ရောင်ခြည်တစ်မျိုးဖြစ်သော ကော့စမစ်ရောင်ခြည် သင့်ရောက်ခဲ့လျှင် ကိုယ်လက်အင်္ဂါမစုံလင်သော ကလေးများမွေးဖွားလာမည်ဖြစ်သည်။ ကမ္ဘာ့လူသားတို့အတွက် ကံကောင်းနေသည့်အချက်မှာ နေမှဖြာထွက်လာသော ကော့စမစ်ရောင်ခြည်များအားလုံးကို အာကာသအတွင်းရှိ မျက်စိဖြင့် မမြင်ရသော Magnetic Bubble ခေါ် သံလိုက်အမြှုပ်များက သဘာဝအလျောက် တားဆီးပေးထားခြင်းပင်ဖြစ်သည်။

ထိုကဲ့သို့သော သဘာဝအကာအရံ အတားအဆီးများကြောင့်ပင် ကော့စမစ်ရောင်ခြည်၏အန္တရာယ်ကို ကမ္ဘာသူ၊ ကမ္ဘာသားတို့က စိုးရိမ်ရန် မလိုအပ်သလို အိုဇုန်းလွှာကြီး တည်တံ့ကောင်းမွန်နေသရွေ့ ခရမ်းလွန်ရောင်ခြည်၏ အန္တရာယ်ကိုလည်း ကြောင့်ကြနေရန် မလိုအပ်ပေ။ သို့ရာတွင် အန္တာတိကတိုက် အပေါ်တည့်တည့်ရှိ စတုရန်းမိုင် ၁၁ သန်းခန့်ရှိသော ရောမအိုဇုန်းလွှာအပေါက်ကြီးကြောင့် ကမ္ဘာမြေပေါ်သို့ ခရမ်းလွန်ရောင် A နှင့် B တို့ကျရောက်နေခြင်းက ကမ္ဘာ့လူသားတို့၏ ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိနေသည်။

နာနိုမီတာ ၂၅၀ အောက်ရှိသည့် C အုပ်စု ခရမ်းလွန်ရောင်ခြည်များက ကမ္ဘာ့လေထုလွှာအတွင်းသို့ ရောက်မလာနိုင်သော်လည်း နာနိုမီတာ ၂၅၀ မှ ၃၁၅ နာနိုမီတာကြားရှိ B အုပ်စု ခရမ်းလွန်ရောင်ခြည်များနှင့် ၃၁၅ နာနိုမီတာမှ နာနိုမီတာ ၄၀၀ ကြားရှိ A အုပ်စု ခရမ်းလွန်ရောင်ခြည်တို့ကမူ အိုဇုန်းလွှာအကာအကွယ်မဲ့နေသော နေရာများမှတစ်ဆင့် ကမ္ဘာမြေပေါ်သို့ ကျရောက်လျက်ရှိနေကြသည်။ ခရမ်းလွန်ရောင်ခြည်သင့်ရောက်ခံရပါက ရောင်ခြည်သင့်သည့်အချိန်ကာလကြာမြင့်မှုအပေါ် မူတည်ပြီး အရေပြားပေါ်၌ နေလောင်ကွက်များဖြစ်ပေါ်ခြင်း၊ ရုပ်ဆင်းသဏ္ဌာန် အိုမင်းရင့်ရော်ခြင်း၊ မျက်စိတိမ်စွဲခြင်းနှင့် အရေပြားကင်ဆာဝေဒနာခံစားရခြင်း စသည်တို့ကို ဖြစ်ပေါ်စေနိုင်သည်။

ရှင်သန်နိုင်ရန် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သော နေရောင်အလင်းကြောင့် လူတို့အပါအဝင် သက်ရှိမျိုးစိတ်များ ရှင်သန်နေထိုင်နိုင်ကာ မျိုးဆက်ပွားကြရသကဲ့သို့ သစ်ပင်တို့ကလည်း မြေကြီးထဲမှ စုပ်ယူထားသော အာဟာရများကို နေရောင်ဖြင့် အလင်းဖွဲ့အစာချက်ကာ ရှင်သန်ကြရသည်။

မျက်မှောက်ကမ္ဘာကြီးသည် တိုးပွားလာနေသည့် လူဦးရေနှင့်အညီ စွမ်းအင်ကဏ္ဍ၌လည်း လိုအပ်ချက်များ တစ်နေ့တခြား တိုးပွားများပြားလာနေသည့်အားလျော်စွာ လျှပ်စစ်စွမ်းအင်ကို နေရောင်ခြည်မှတစ်ဆင့် ထုတ်ယူသုံးစွဲသော နည်းပညာကလည်း ရှေ့တန်းသို့ရောက်ရှိလာသည်။ မည်သည့်အချိန်၌မဆို အသစ်တစ်ဖန် ပြန်လည်ရယူနိုင်သော နေစွမ်းအင်ကို သိပ္ပံပညာရှင်တို့က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy)ဟု အမည်နာမတပ်ခဲ့ကြသည်။ ယခုအခါ ကမ္ဘာ့ဒေသအနှံ့တွင် နေရောင်ခြည်ဖြင့် လျှပ်စစ်ထုတ်ယူသုံးစွဲနိုင်သော ဆိုလာလျှပ်စစ်ဓာတ်အားထုတ်စက် အရွယ်အစားအမျိုးမျိုးတို့ကို အသုံးပြုလျက်ရှိနေကြသည်။

နှစ်ဆယ်ရာစု၏ နောက်ပိုင်းကာလရောက်မှ တွင်ကျယ်စွာသုံးစွဲလာကြသော ဆိုလာလျှပ်စစ်ဓာတ်အားထုတ်စက်များ၏ နည်းပညာမှာ ၁၈၆၀ ပြည့်နှစ်ကတည်းက အစပျိုးခဲ့ခြင်းဖြစ်သည်။ ၁၈၆၀ ပြည့်နှစ်တွင် နေရောင်ခြည်မှ လျှပ်စစ်ဓာတ်အားထုတ်ယူနိုင်ကြောင်း စတင်ဖော်ထုတ်သိရှိခဲ့ကြသော်လည်း ကမ္ဘာ့လူဦးရေ အလွန်နည်းပါးလှသေးသည့် ထိုစဉ်ကာလများက လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကလည်း နည်းပါးမှုကြောင့် ကမ္ဘာ့ပြည်သူလူထုအတွင်း၌ ကျယ်ကျယ်ပြန့်ပြန့် မဖြစ်ခဲ့ပေ။

> ❖ မျက်မှောက်ကမ္ဘာကြီးသည် တိုးပွားလာနေသည့် လူဦးရေနှင့်အညီ စွမ်းအင်ကဏ္ဍ၌လည်း လိုအပ်ချက်များ တစ်နေ့တခြား တိုးပွားများပြားလာနေသည့်အားလျော်စွာ လျှပ်စစ်စွမ်းအင်ကို နေရောင်ခြည်မှတစ်ဆင့် ထုတ်ယူသုံးစွဲသော နည်းပညာကလည်း ရှေ့တန်းသို့ရောက်ရှိလာသည်။ မည်သည့်အချိန်၌မဆို အသစ်တစ်ဖန်ပြန်လည်ရယူနိုင်သော နေစွမ်းအင်ကို သိပ္ပံပညာရှင်တို့က ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy)ဟု အမည်နာမတပ်ခဲ့ကြသည်။ ယခုအခါ ကမ္ဘာ့ဒေသအနှံ့တွင် နေရောင်ခြည်ဖြင့် လျှပ်စစ်ထုတ်ယူသုံးစွဲနိုင်သော ဆိုလာလျှပ်စစ်ဓာတ်အားထုတ်စက် အရွယ်အစားအမျိုးမျိုးတို့ကိုအသုံးပြုလျက်ရှိနေကြသည်။ ❖

လူတို့နေထိုင်ရာ ကမ္ဘာကြီးနှင့် နေလုံးကြီးသည် ကီလိုမီတာပေါင်း ၁၄၄ သန်းခန့် ကွာဝေးသည့်အတွက် နေမှထုတ်လွှတ်လိုက်သော အလင်းတန်းများသည် လေဟာနယ်အတွင်း၌ တစ်စက္ကန့်လျှင် ကီလိုမီတာ ၃၀၀၀၀၀ အမြန်နှုန်းဖြင့် ရွေ့လျားလာပြီး အချိန် ၈ မိနစ်ကျော်ကျော် ကြာပြီးမှသာ ကမ္ဘာမြေပေါ်သို့ ရောက်ရှိလာသည်။ ဂြိုဟ်ကြီးတစ်လုံးပေါ်၌ ဇီဝရုပ်များ


# လှိုင်းဘွဲ့မြို့နယ် ဒိုင်းပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**လှိုင်းဘွဲ့ ဇန်နဝါရီ ၁၆**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒိုင်းပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆီထွက်သီးနှံ ဆောင်းနေကြာများ စိုက်ပျိုးထားရှိမှုနှင့် တစ်နိုင်တစ်ပိုင် အခြားအသေးစားစီးပွားရေးလုပ်ငန်းများဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းဇော်၊ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ဒိုင်းပြကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆီထွက်သီးနှံဆောင်းနေကြာများ စိုက်ပျိုးထားရှိမှုအခြေအနေနှင့် တစ်နိုင်တစ်ပိုင် အခြားအသေးစားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဒိုင်းပြကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ကျပ် ၂၉ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။



လုပ်ကိုင်သူဦးရေ ၄၀ ကို စီမံကိန်းရန်ပုံငွေ

**အထွေး**

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကို လက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

# စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် ဆောင်းကုလားပဲ ၂၅၅၈ ဧက စိုက်ပျိုးပြီးစီး

**ကန့်ဘလူ ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၂၅၅၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် ကုလားပဲ ၆၈၄၇ ဧကစိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကုလားပဲ ၂၅၅၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

“ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ကန့်ဘလူမြို့နယ်အတွင်း ကုလားပဲ ဧက ၆၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကုလားပဲ ဧက ၂၀၀၀ ကျော် စိုက်ပြီးပါပြီ။ ဆောင်းသီးနှံကုလားပဲ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ကုလားပဲ စိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းတဲ့မျိုးတွေ စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်”ဟု ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

၂၀၂၁ ခုနှစ်က ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် ကုလားပဲသီးနှံ ၆၈၄၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ကုလားပဲစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို ရွေးချယ်စိုက်ပျိုးကြပြီး ကုလားပဲတစ်ဧက စိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော်ကုန်ကျကာ တစ်ဧကလျှင် ကုလားပဲ ၁၉ တင်း ခန့်ထွက်ရှိကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ စိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန် နည်းပညာများပေးခြင်းကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)



# ငဲမြို့နယ် အုံးမြေခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဲ ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မင်းလှင်ကျေးရွာအုပ်စု အုံးမြေခုံကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၅ ရက်က အဆိုပါကျေးရွာမွှာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များက မြစိမ်းရောင်ကျေးရွာစီမံကိန်း စတုတ္ထအကြိမ်အဖြစ် အုံးမြေခုံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူတစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၁ ဦးကို ရန်ပုံငွေကျပ် ၃၃၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ငဲမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝိုင်းယုမော်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ကိုလှိုင်**

## ဆိတ်ဖူး

\- ဟိုရှေ့ဆီက ဤဒေသရှိ
ဗုဒ္ဓမြတ်စွာ စက်တော်ရာကို
တောမှာကျက်စား တောဆိတ်များက
ဝပ်တွားခယ ဖူးလာကြ၍
နာမည်ခေါ် ဆိတ်ဖူးကျော်သည်
တောင်ပေါ်ရှမ်းတို့ ရွာကလေး။

\- တောင်တို့၏ကြား ရွာတည်ထားလည်း
ဘုရားကျောင်းနှင့် တန်ဆောင်းနှင့်လျှင်
လယ်နှင့်ယာနှင့် စိမ့်စမ်းနှင့်လျှင်
စာသင်ကျောင်းနှင့် ဆေးခန်းနှင့်လျှင်
သင့်တင့်မျှတ ခံ့တည်လှသည်
ရိုးမနောက်ခံ ရွာကလေး။

\- ဤရွာဝန်းကျင် ဟိုယခင်က
လယ်တွင်စပါး အထွက်ပါးအောင်
ကျောင်းသားငယ်တို့ ပညာချို့အောင်
တောညိုမှိုင်းပြာ မီးလောင်ရာနှင့်
မာလာပွင့်ပန်း ဝတ်ရည်ခန်းအောင်
စိမ့်စမ်းမြိုင်တွင်း ရေကြည်ကင်းအောင်
ကလူနှိပ်စက် ခဲ့ဖူးသည်။

\- ရှေးနှင့်မတူ ယခုမူကား
ပြည်သူနှင့်တပ် ညီညွတ်လတ်၍
ဆတ်ဆတ်မခံ လက်တုံ့ပြန်၍
အားမာန်ဆင့်လှမ်း အောင်စည်ရွမ်း၍
ငြိမ်းချမ်းခဲ့ပါ ယခုခါဝယ်
စိမ်းပြာရိပ်မိုး ယာခရိုး၌
ရွှေချိုးကူသံ တညံညံနှင့်
ပန်းမန်ရောင်စုံ ဖူးတော့သည်။

\- သြော် . . .
တောင်ဘက်ဆီမှာ ပြာပြာညိုရောင်
တိမ်တောင်မှိုင်းညို့ နောင်ချိုမြို့နှင့်
မြောက်ဘက်ဆီမှာ ရတနာသိင်္ဂီ
ရေကြည်လဲ့ဝင်း သတ္တုတွင်းနှင့်
ရှုခင်းသာယာ ဆိတ်ဖူးရွာလျှင်
ရိုးရာဂီတ တေးချိုမြနှင့်
လျှကြတန်းကြ ရှုတိုင်းလှမို့
အလှထဲမှာ သင်လည်းပါအောင်
လာပါချစ်ဆွေ ကြိုနှင့်မည်။
ဆိတ်ဖူးချောင်းရေ ချိုဘိသည်။

**မြင်းမူမောင်နိုင်မိုး**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# နိုင်ငံတကာ သတင်းများ

# တရုတ်နိုင်ငံ၌ ဓာတုစက်ရုံပေါက်ကွဲမီးလောင်မှုကြောင့် လူ နှစ်ဦးသေဆုံးပြီး ၃၄ ဦးဒဏ်ရာရရှိ



**ပေကျင်း ဇန်နဝါရီ ၁၆**

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဒေသရှိ ဓာတုဗေဒစက်ရုံတစ်ရုံ၌ ဇန်နဝါရီ ၁၅ ရက်က ပြင်းထန်သည့် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးပြီး ၁၂ ဦးပျောက်ဆုံးနေကြောင်း အေပီသတင်းဌာနက ဖော်ပြခဲ့သည်။

လျောင်နင်းပြည်နယ် ပန်ကျင်းမြို့ဆင်ခြေဖုံး၌ တည်ရှိသည့် အဆိုပါဓာတုဗေဒစက်ရုံပေါက်ကွဲမှုကြောင့် လူပေါင်း ၃၄ ဦးလည်း ဒဏ်ရာများရခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် မီးသတ်သမားများက ဓာတုဗေဒစက်ရုံ ပေါက်ကွဲမီးလောင်မှုကို ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း လျောင်နင်းပြည်နယ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ပေါက်ကွဲမီးလောင်မှု ဖြစ်ပွားခဲ့သည့် ဓာတုဗေဒစက်ရုံတည်ရှိရာ နယ်မြေ၏ လေထုအရည်အသွေးကို လည်းစောင့်ကြည့်နေပြီး အဆိုပါစက်ရုံမီးလောင်မှုအကြောင်းရင်းကို တရုတ်တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

ကမ္ဘာ့ဒုတိယမြောက်စီးပွားရေးအင်အားအကြီးဆုံးနိုင်ငံဖြစ်သော တရုတ်နိုင်ငံသည် စက်မှုလုပ်ငန်းမတော်တဆမှုများနှင့် ပုံမှန်ရင်ဆိုင်ရလေ့ရှိကြောင်း သိရသည်။ KKO

# ပျက်ကျခဲ့သည့် နီပေါခရီးသည်တင်လေယာဉ်မှ ပျံသန်းမှုမှတ်တမ်းတင် ကိရိယာများ ရှာဖွေတွေ့ရှိ

**ခတ္တမန္ဒူ ဇန်နဝါရီ ၁၆**

ပိုခါရာမြို့အနီး၌ ဇန်နဝါရီ ၁၅ ရက်တွင် ပျက်ကျခဲ့သော ခရီးသည်တင်လေယာဉ်မှ လေယာဉ်မှူးခန်းအသံမှတ်တမ်းတင် ကိရိယာနှင့် ပျံသန်းမှု မှတ်တမ်းတင်ကိရိယာတို့ကို နီပေါတာဝန်ရှိသူများက ယနေ့တွင် ပြန်လည်ရှာဖွေတွေ့ရှိခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပြန်လည် တွေ့ရှိထားရသည့် မှတ်တမ်းတင် ကိရိယာများမှာ ကောင်းမွန်သည့် အခြေအနေရှိကြောင်း နီပေါတာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါကိရိယာများအတွင်းမှ အချက်အလက်များ ထုတ်ယူ၍ လေယာဉ်ပျက်ကျရမှု အကြောင်းရင်းကိုရှာဖွေရန် သက်ဆိုင်ရာ ကျွမ်းကျင်သူများ လက်ဝယ်သို့ ပျံသန်းမှုမှတ်တမ်းတင်ကိရိယာများကို လွှဲပြောင်းပေးအပ်ရေးအတွက် နီပေါတာဝန်ရှိသူများက စီစဉ်လျက်ရှိသည်။

လေယာဉ်မှူးခန်းအသံမှတ်တမ်းတင်ကိရိယာနှင့် ပျံသန်းမှုမှတ်တမ်းတင်ကိရိယာများမှ ထုတ်ယူရရှိမည့် အချက်အလက်များကို စိစစ်ခြင်းဖြင့်လေယာဉ်ပျက်ကျမှုကို ဖော်ထုတ်ရာတွင် အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း နီပေါတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဇန်နဝါရီ ၁၅ ရက်တွင် ဖြစ်ပွားခဲ့သည့်အေတီအာရ်-၇၂အမျိုးအစား ခရီးသည်တင်လေယာဉ်ပျက်ကျမှုကြောင့် အနည်းဆုံး လူပေါင်း ၆၈ဦးခန့် သေဆုံးခဲ့ရသည်။

အဆိုပါလေယာဉ် ပျက်ကျမှုသည် နှစ်ပေါင်း ၃၀ အတွင်း နီပေါနိုင်ငံအတွက် အသေအပျောက်အများဆုံးလေယာဉ်ပျက်ကျမှုဖြစ်ကြောင်း သိရသည်။ KKO

# ဘော့စဖောရပ်စ်ရေလက်ကြား၌ ယူကရိန်းကုန်တင်သင်္ဘော သောင်တင်

**အင်ကာရာ ဇန်နဝါရီ ၁၆**

ယူကရိန်းမှ တူရကီသို့ ရောက်ရှိလာသော အမ်ကေကေ-၁ အမည်ရှိ ကုန်တင်သင်္ဘောတစ်စီးသည် အစ္စတန်ဘူလ်မြို့ဘော့စဖောရပ်စ်ရေလက်ကြား၌ ယနေ့တွင် သောင်တင်နေကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ယူကရိန်း ကုန်တင်သင်္ဘော သောင်တင်မှုကြောင့် ဘော့စဖောရပ်စ်ရေလက်ကြား၌ ရေကြောင်းလမ်းပိတ်ဆို့မှုဖြစ်ပွားနေပြီး အဆိုပါ ယူကရိန်း ကုန်တင်သင်္ဘောကို ရေပြင်အတွင်း ပြန်လည်ဆွဲချရေးအတွက် ဆွဲသင်္ဘောများစေလွှတ်ထားကြောင်း တူရကီတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ယူကရိန်း ကုန်တင်သင်္ဘောသည် ယူကရိန်းနိုင်ငံ ပီဒင်ညီဆိပ်ကမ်းမှ တူရကီနိုင်ငံ မာစင်းဆိပ်ကမ်းသို့ သွားရောက်ရေးအတွက် ဘော့စဖောရပ်စ်ရေလက်ကြားကို ဖြတ်သန်းစဉ် သောင်တင်ခဲ့ရခြင်းဖြစ်သည်။

သင်္ဘော သောင်တင်မှုကြောင့် ထိခိုက်ပျက်စီးမှုနှင့် လောင်စာဆီယိုဖိတ်မှုပြဿနာများ မရှိခဲ့ကြောင်း တူရကီတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဘော့စဖောရပ်စ်ရေလက်ကြား၌ သောင်တင်နေသော အဆိုပါ ယူကရိန်းကုန်တင်သင်္ဘောပေါ်တွင် ပဲတန်ချိန် ၁၃၀၀၀ သယ်ဆောင်ထားကြောင်း သိရသည်။ KKO



# အရေးပေါ်အခြေအနေပြဋ္ဌာန်းချက်ကို ပီရူးအစိုးရသက်တမ်းတစ်လထပ်တိုး

**လီမာ ဇန်နဝါရီ ၁၆**



အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများဖြစ်ပွားနေသည့် လီမာမြို့၌ အခြားတောင်ပိုင်း ပြည်နယ်နှစ်ခုတို့အတွက် ထုတ်ပြန်ထားသည့် အရေးပေါ်အခြေအနေပြဋ္ဌာန်းချက်ကို ပီရူးအစိုးရက ဇန်နဝါရီ ၁၅ ရက်တွင် သက်တမ်းတစ်လထပ်တိုးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပီရူးနိုင်ငံသည် တစ်လကြာ အရေးပေါ်အခြေအနေပြဋ္ဌာန်းချက်ကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလလယ်တွင် ပထမဆုံးအကြိမ်အဖြစ် ထုတ်ပြန်ခဲ့သည်။

လွှတ်တော်အမတ်များ၏ အယုံအကြည်မရှိအဆိုကြောင့် လက်ဝဲဝါဒီသမ္မတဟောင်း ပက်ဒရိုကတ်စတီလိုရာထူးမှ ဖယ်ရှားခံခဲ့ရပြီး မကြာမီ ပီရူးအစိုးရက အရေးပေါ်အခြေအနေ ပြဋ္ဌာန်းချက်ကို စတင်ကြေညာခဲ့ခြင်းဖြစ်သည်။

သမ္မတ ပက်ဒရိုကတ်စတီလို ဖြုတ်ချခံရပြီးနောက် ပီရူးနိုင်ငံတစ်ဝန်းလုံး၌ အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများ စတင်ဖြစ်ပွားခဲ့သည်။

ဆန္ဒပြပွဲများအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသမားများကြား ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် ပြီးခဲ့သည့် ဒီဇင်ဘာလအစောပိုင်းမှစ၍ လက်ရှိအချိန်ထိ အနည်းဆုံး လူဦးရေ ၄၀ ကျော် သေဆုံးခဲ့ရခြင်းဖြစ်သည်။

ဆန္ဒပြပွဲများ ဖြစ်ပွားနေသည့် နယ်မြေများအတွက် အရေးပေါ်အခြေအနေပြဋ္ဌာန်းချက် သက်တမ်းတစ်လထပ်တိုးမှု အမိန့်ဒီကရီကို ပီရူးသမ္မတ ဒီနာဘိုလော့တီက ဇန်နဝါရီ ၁၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

KKO

# ရွှေ့ပြောင်းဝင်ရောက်သူများအတွက် နေရာမရှိကြောင်း နယူးယောက်မြို့တော်ဝန် အားရစ်အဒမ် ပြောကြား

**နယူးယောက် ဇန်နဝါရီ ၁၆**

အခြားပြည်နယ်များက ပို့ဆောင်နေသော ရွှေ့ပြောင်းဝင်ရောက်သူများအတွက် နယူးယောက်မြို့တွင် နေရာမရှိကြောင်း နယူးယောက်မြို့တော်ဝန် အားရစ်အဒမ်က ဇန်နဝါရီ ၁၅ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

မက္ကဆီကို နယ်စပ်အနီးရှိ အယ်လ်ပါဆိုမြို့သို့ ရောက်ရှိနေစဉ် နယူးယောက် မြို့တော်ဝန်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ရီပတ်ဘလီကန်ပါတီကထိန်းချုပ်ထားသည့် ပြည်နယ်များသည် ရွှေ့ပြောင်း ဝင်ရောက်သူများကို နယူးယောက်အပါအဝင် ဒီမိုကရက်တစ်ပါတီ ထိန်းချုပ်ထားသည့် မြို့ကြီးများသို့ ပြီးခဲ့သည့်လများအတွင်းက ဘတ်စကားများဖြင့် ပို့ဆောင်ခဲ့ကြသည်။

အမျိုးသားအစိုးရ အနေဖြင့် အမေရိကန် တောင်ပိုင်းနယ်စပ် လူဝင်မှုပြဿနာနှင့် ပတ်သက်၍ အလုပ်လုပ်ရန် အချိန်ကျပြီဖြစ်သည်ဟု ဒီမိုကရက်တစ်ပါတီဝင်တစ်ဦးဖြစ်သော နယူးယောက် မြို့တော်ဝန်က ပြောကြားခဲ့ကြောင်း သိရသည်။

နယူးယောက်မြို့သို့ ရွှေ့ပြောင်းဝင်ရောက်သူများ မြင့်မားလာခြင်းကြောင့် မူလကပင် အသုံးစရိတ်နည်းပါးမှုပြဿနာနှင့် ရင်ဆိုင်နေရသော နယူးယောက်မြို့၌ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံထိ ထပ်မံ ကုန်ကျရဖွယ်ရှိနိုင်သည်ဟု မြို့တော်ဝန် အားရစ်အဒမ်က ပြောဆိုထားကြောင်း သိရသည်။

KKO

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အီရန်က F-35 တိုက်လေယာဉ်များကိုတန်ပြန်ရန် Bavar-373 လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ကို ဆီးရီးယားတွင် တပ်ဖြန့်



အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုများနှင့် ကိုယ်ပျောက်တိုက်လေယာဉ် F-35 ကို တန်ပြန်ရန်အတွက် အီရန်သည် ၎င်း၏ နောက်ဆုံးမျိုးဆက် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ် Bavar-373 ကို ဆီးရီးယားတွင် တပ်ဖြန့်ချထားပြီးဖြစ်သည်ဟု ဇန်နဝါရီ ၁၀ ရက်ထုတ် Newsweek မဂ္ဂဇင်းမှ ထုတ်ဝေသည့် အချက်အလက်များအရ သိရသည်။

Bavar-373 သည် အမေရိကန်ထုတ် F-35 ကဲ့သို့သော ကိုယ်ပျောက်တိုက်လေယာဉ်များကို ရှာဖွေထောက်လှမ်းပြီး တိုက်ခိုက်ဖျက်ဆီးနိုင်မည်ဟု အီရန်ကာကွယ်ရေးလုပ်ငန်းမှ အချက်အလက်များကို ကိုးကား၍ ရေးသားဖော်ပြခဲ့သည်။ Bavar-373 လက်နက်စနစ်ရှိရေဒါသည် ထောက်လှမ်းနိုင်သောအကွာအဝေး ကီလိုမီတာ ၄၀၀ မှ ကီလိုမီတာ ၅၀၀၊ ခြေရာခံထိန်းကျောင်းနိုင်သော အများဆုံးအကွာအဝေး ကီလိုမီတာ ၂၀၀ နှင့် ညွှန်းရပ် ၃၆၀ ဒီဂရီပတ်လည် လွှမ်းခြုံကာကွယ်နိုင်စွမ်းရှိကြောင်း သိရသည်။

မကြာသေးမီနှစ်များအတွင်း အီရန်နိုင်ငံသည် ၎င်း၏သမားရိုးကျတပ်ဖွဲ့များကို အဆင့်မြှင့်တင်ခဲ့ပြီး စွမ်းရည်အသစ်များကို ပိုင်ဆိုင်ရန်ကြိုးပမ်းလာခဲ့သည်။ အီရန်နိုင်ငံ၏ နောက်ဆုံးငါးနှစ်အတွင်းဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များတွင် ဒုံးကျည်များ၊ ရေတပ်နှင့် လေကြောင်းရန်ကာကွယ်ရေးတို့အတွက် ဦးစားပေးဆက်လက်လုပ်ဆောင်နေသော်လည်း တိုက်ခိုက်ရေးလေကြောင်းစွမ်းအားနှင့် အီလက်ထရွန်နစ်စစ်ဆင်ရေး EW (Electronic Warfare) စွမ်းရည်များအပေါ် အာရုံစိုက်လုပ်ဆောင်လာမှုများရှိသည်။

အီရန်သည် ၎င်း၏ လေကြောင်းကာကွယ်ရေးတပ်ဖွဲ့များကို လေကြောင်းစောင့်ကြည့်ရေဒါများ၊ SAM စနစ်များ၊ ကွပ်ကဲထိန်းချုပ်မှု၊ ဆက်သွယ်ရေး၊ ကွန်ပျူတာများ၊ ထောက်လှမ်းရေး၊ စောင့်ကြည့်ထောက်လှမ်းရေးနှင့် ကင်းထောက်စနစ် (C4ISR) တို့ဖြင့် အဆင့်မြှင့်တင်လုပ်ဆောင်လျက်ရှိသည်။

အီရန်လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များသည် နိုင်ငံရှိ စွမ်းဆောင်ရည်အမြင့်ဆုံး လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ဖြစ်သည့် SA-20C ကို ပိုင်ဆိုင်ထားပြီး ၂၀၁၆ ခုနှစ်တွင် ရုရှားနိုင်ငံက ရောင်းချပေးခဲ့သော S-300PMU2 ၏ ပြည်ပတင်ပို့မှုဗားရှင်းအမျိုးအစားလည်းဖြစ်သည်။ ဤစနစ်သည် လှုပ်ရှားစစ်ကစားမှုမြင့်မားသောယာဉ်တင်စနစ်ဖြစ်ပြီး လေယာဉ်၊ ပဲ့ထိန်းဒုံးကျည်များနှင့်ခရုဇ်ဒုံးကျည်များကိုကာကွယ်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။ အီရန်သည် ၎င်း၏နျူကလီးယားနေရာများနှင့် တီဟီရန်ကဲ့သို့သော အရေးကြီးသော အခြေခံအဆောက်အအုံများကို ကာကွယ်ရန်အတွက် SA-20C ကို အသုံးပြုဖွယ်ရှိသည်။ အီရန်နိုင်ငံတွင် အမေရိကန်၊ ရုရှား၊ တရုတ်ထုတ် အခြားမြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်စနစ်များလည်းပိုင်ဆိုင်ထားသေးသည်။

အီရန်နိုင်ငံသည် တာဝေးပစ်လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်စနစ် Bavar-373 SAM စနစ်ကိုလည်း ပြည်တွင်း၌ပင် တီထွင်ထုတ်လုပ်နိုင်ခဲ့ပြီး ရုရှားနိုင်ငံထုတ် S-300 ထက်ပိုမိုအဆင့်မြင့်သည်ဟု ဆိုထားသည်။

Bavar-373 သည် တာဝေးနှင့်အမြင့်ပျံသန်းဝင်ရောက်လာသော ဒုံးကျည်များ၊ ဒရုန်းများနှင့် လေယာဉ်များကို ရှာဖွေ၊ ထောက်လှမ်း၊ တားဆီးရန် ဒီဇိုင်းထုတ်ထားသည့် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်စနစ်ဖြစ်သည်။ အဆိုပါစနစ်ကို အီရန်နိုင်ငံ၏ ဝေဟင်ပိုင်နက်နှင့် မဟာဗျူဟာမြောက်ပိုင်ဆိုင်မှုများကို လေကြောင်းနှင့်ဒုံးကျည်တိုက်ခိုက်မှုများမှကာကွယ်ရန် ရည်ရွယ်၍ထုတ်လုပ်ထားသည်။ အဆိုပါစနစ်သည် ပစ်မှတ်များကို ထောက်လှမ်းရန်၊ ခြေရာခံရန်၊ကြားဖြတ်တိုက်ခိုက်ရန်အတွက် ရေဒါ၊ အာရုံခံကိရိယာများနှင့် အမိန့်ပေး၊ ထိန်းချုပ်မှုစနစ်များကို ပေါင်းစပ်အသုံးပြုထားကြောင်း သိရသည်။

စနစ်တွင် အစိတ်အပိုင်းများစွာပါဝင်ဖွဲ့စည်းထားရာ TEL (Transporter Erector Launcher) ဒုံးပစ်လောင်ချာယာဉ်များ၊ Meraj-4 ယာဉ်တင် S-band ကြိုတင်သတိပေးရေး 3D AESA (Active Electronically Scanned Array) ရေဒါ၊ ပစ်မှတ်ရှာဖွေထောက်လှမ်းရေး ရေဒါနှင့် ကွပ်ကဲကြီးကြပ်မှုယာဉ်တို့ ပါရှိမည်ဖြစ်ကြောင်း သိရသည်။

Bavar-373 သည် အီရန်ထုတ် Sayyad-4B ဒုံးကျည်ကိုတပ်ဆင်ပစ်လွှတ်နိုင်သည်။ Sayyad-4 ဒုံးကျည်ကို အဆင့်မြှင့်တင်ထားသောဗားရှင်းဖြစ်ပြီး အဆင့်နှစ်ဆင့်ပါ အစိုင်အခဲလောင်စာသုံး ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်အမျိုးအစားဖြစ်သည်။ ဒုံးကျည်သည် အကွာအဝေး ကီလိုမီတာ ၃၀၀၊ အမြင့် ကီလိုမီတာ ၁၂၀ ထိ ဝင်ရောက်လာသော ရန်သူ့ဝေဟင်ပစ်မှတ်များကို ကြားဖြတ်တိုက်ခိုက်ရန် ဒီဇိုင်းထုတ်ထားသည်။

Sayyad-4B ဒုံးကျည်တွင်ပိုမိုကောင်းမွန်သော အာရုံခံစနစ်၊ လမ်းညွှန်မှု၊ ထိန်းချုပ်လုပ်ဆောင်မှုစနစ်အသစ်နှင့် အဆင့်မြင့်ထိပ်ဖူးများပါရှိကြောင်း၊ ဤတိုးတက်အဆင့်မြင့်လာမှုများသည် ခရုဇ်ဒုံးကျည်များ၊ ဒရုန်းများနှင့် လေယာဉ်များအပါအဝင် ပစ်မှတ်များစွာကိုတိုက်ဖျက်ရန် ဒုံးကျည်၏ အကွာအဝေး၊ တိကျမှုနှင့်ထိရောက်မှုတို့ကို တိုးမြှင့်ရန်ရည်ရွယ်သည်။

**Iran deploys in Syria new Bavar-373 air defense missile systems to counter Israeli F-35 fighter ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်နိုင်ငံ Nimitz လေယာဉ်တင်သင်္ဘောတိုက်ခိုက်ရေးအုပ် တောင်တရုတ်ပင်လယ်တွင် တပ်ဖြန့်မှုစတင်



အမေရိကန်နိုင်ငံရှိ လေယာဉ်တင်သင်္ဘောတိုက်ခိုက်ရေးအုပ် Nimitz Carrier Strike Group (NIM-CSG) သည် အဖွဲ့၏ ၂၀၂၂-၂၀၂၃ ခုနှစ် တပ်ဖြန့်မှုကာလအတွင်း တောင်တရုတ်ပင်လယ်ပြင်တွင် ပထမဆုံးအကြိမ်တပ်ဖြန့်မှုစတင်လုပ်ဆောင်ခဲ့ကြောင်း အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန(US DoD)က ဇန်နဝါရီ ၁၃ ရက်က ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

တောင်တရုတ်ပင်လယ်အတွင်း အဆိုပါ လေယာဉ်တင်သင်္ဘောတိုက်ခိုက်ရေးအဖွဲ့သည် ပင်လယ်ရေကြောင်းတိုက်ခိုက်မှုလေ့ကျင့်ခြင်း၊ ရေငုပ်သင်္ဘောတိုက်ဖျက်မှုစစ်ဆင်ရေး၊ မြေပြင်နှင့်ဝေဟင်စွမ်းအားစုများကြား ပေါင်းစပ်လေ့ကျင့်ခြင်း၊ Fixed နှင့် Rotary Wing တပ်လေယာဉ်များဖြင့် ပျံသန်းလေ့ကျင့်ခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။ တောင်တရုတ်ပင်လယ်တွင် လေယာဉ်တင်သင်္ဘော စစ်ဆင်ရေးများသည် အင်ဒို-ပစိဖိတ်ဒေသရှိ အမေရိကန်ရေတပ်အတွက် ပုံမှန်စစ်ဆင်ရေးတစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

အမှတ်(၁၁) လေယာဉ်တင်သင်္ဘောတိုက်ခိုက်ရေးအုပ် တပ်ဖွဲ့ဝင်များသည် USS Nimitz (CVN 68)လေယာဉ်တင်သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည်။ Ticonderoga အတန်းအစားပဲ့ထိန်းဒုံးကျည်ခရူဇာ USS Bunker Hill (CG 52)၊ Arleigh Burke-Class ပဲ့ထိန်းဒုံးကျည်ဖျက်သင်္ဘော USS Decatur (DDG 73)၊ USS Chung Hoon (DDG 93)၊ USS Wayne E Meyer (DDG 108)၊ အမှတ်(၁၇) လေယာဉ်တင်သင်္ဘောလေကြောင်းအုပ် - Carrier Air Wing Seventeen (CVW 17) မှ လေကြောင်းတပ်ခွဲများ၊ အမှတ်(၉)ဖျက်သင်္ဘောအုပ် - Destroyer Squadron Nine (DESRON 9) မှ ဝန်ထမ်းများကို တိုက်ခိုက်ရေးအုပ်လက်အောက်သို့ တွဲဖက်ပေးထားကာ မြေပြင်၊ ဝေဟင်၊ ရေပြင်နယ်ပယ်စုံတွင် ပြိုင်ဘက်ကင်းတိုက်စွမ်းအားကို ပိုင်ဆိုင်ထားနိုင်မည်လည်းဖြစ်ကြောင်း သိရသည်။

CVW 17 တွင် အမှတ်(၂၂)တိုက်ခိုက်ရေးအုပ်၊ အမှတ်(၉၄)တိုက်ခိုက်ရေးအုပ်၊ အမှတ်(၁၃၇)တိုက်ခိုက်ရေးအုပ်၊ အမှတ်(၁၄၆)တိုက်ခိုက်ရေးအုပ်၊ အမှတ်(၁၃၉) အီလက်ထရွန်နစ် တိုက်ခိုက်ရေးအုပ်၊ အမှတ်(၁၁၆)လေကြောင်းကြိုတင်သတိပေးရေးအုပ်၊ အမှတ်(၇၃)ပင်လယ်ရေကြောင်းတိုက်ခိုက်ရေး ရဟတ်ယာဉ်အုပ်နှင့် အမှတ်(၆)ပင်လယ်ပြင်တိုက်ခိုက်ရေး ရဟတ်ယာဉ်အုပ်တို့ ပါဝင်ဖွဲ့စည်းထားကြောင်း သိရသည်။

အမေရိကန်နိုင်ငံ USS Nimitz (CVN-68) သည် အမေရိကန်ရေတပ်၏ Nimitz-Class လေယာဉ်တင်သင်္ဘောများ၌ ဦးဆောင်လေယာဉ်တင်သင်္ဘောဖြစ်သည်။ ၎င်းကို ၁၉၇၅ ခုနှစ်တွင် တာဝန်ပေးအပ်ခဲ့ပြီး လက်ရှိတွင် တာဝန်ထမ်းဆောင်ဆဲဖြစ်သည်။

Nimitz အတန်းအစားလေယာဉ်တင်သင်္ဘောများသည် ကမ္ဘာပေါ်တွင်အကြီးဆုံးစစ်သင်္ဘောများဖြစ်ပြီး အတိုးတက်ဆုံးနှင့် စွမ်းရည်အရှိဆုံးလေယာဉ်တင်သင်္ဘောများထဲမှတစ်စီးအဖြစ် သတ်မှတ်ခံရသည်။

**US Nimitz Carrier Strike Group began operating in South China Sea ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး




# အာဆင်နယ်အသင်းက ဘရိုက်တန်အသင်းမှ ထရိုဆက်ကို ယူရို သန်း ၂၀ ဖြင့် ကမ်းလှမ်း

**လန်ဒန် ဇန်နဝါရီ ၁၆**

အာဆင်နယ်အသင်းက ဘရိုက်တန်အသင်းမှ ထရိုဆက်ကို ယူရို သန်း ၂၀ ဖြင့်ခေါ်ယူရန် ကမ်းလှမ်းမှုပြုလုပ်ခဲ့ကြောင်း Dailycannon.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အာဆင်နယ် အသင်းသည် လက်ရှိ အပြောင်းအရွှေ့ကာလ မစတင်မီကတည်းက အသင်းတိုက်စစ်ပိုင်းကိုအင်အားဖြည့်တင်းရန် ကြိုးပမ်းခဲ့ပြီး ရှက်တာဒိုးနက်အသင်းမှ တောင်ပံကစားသမား မက်ဒရိုင်းခ်ကို ခေါ်ယူရန် ပစ်မှတ်ထားခဲ့သော်လည်း ကစားသမားအနေဖြင့် ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့သည့်အတွက် ဘရိုက်တန်အသင်းတွင် ခြေစွမ်းပြနေသည့် တောင်ပံကစားသမား ထရိုဆက်ကိုသာခေါ်ယူရန် ကြိုးပမ်းနေသည်။

ထရိုဆက်သည် ဘရိုက်တန်အသင်းနှင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ပြီး နည်းပြဒီဇာဘီနှင့် ဆက်ဆံရေး တင်းမာမှုများရှိလာသောကြောင့် အသင်းမှထွက်ခွာရန် ဆန္ဒရှိနေသဖြင့် အာဆင်နယ်အသင်းနည်းပြအာတီတာက ထရိုဆက်ကို ခေါ်ယူရန် ပစ်မှတ်ထားနေသည်။

အသက် ၂၈ နှစ်ရှိ ထရိုဆက်သည် ယခုနှစ်ဘောလုံးရာသီတွင် ဘရိုက်တန်အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၃ ပွဲပါဝင်ခဲ့ရာ သွင်းဂိုး ကိုးဂိုးနှင့် ဂိုးဖန်တီးမှု သုံးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သောကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းကြီးများ၏ စိတ်ဝင်စားမှုကိုခံခဲ့ရပြီး အာဆင်နယ်အသင်းက ကစားသမား၏အေးဂျင့်ဖြစ်သူနှင့် ဆွေးနွေးမှုပြုလုပ်ခဲ့ကာ ယူရို သန်း ၂၀ ဖြင့် ကမ်းလှမ်းခဲ့ကြောင်း သိရသည်။ ML



# အီတလီကိုပါအီတာလီယာဖလားပွဲစဉ် ပွဲကြိုသုံးသပ်ချက်

STA

**နာပိုလီ Vs ခရီမိုနန်စီ**

**ကစားမည့်ရက်/အချိန် ၁၈-၁-၂၀၂၃ (နံနက် ၀၂:၃၀နာရီ)**

**နောက်ဆုံးတွေ့ဆုံမှုရလဒ်**

**ခရီမိုနန်စီ ၁ - ၄ နာပိုလီ**

**နောက်ဆုံးသုံးပွဲ နိုင်/ရှုံးရလဒ်**

| | | | | |
|---|---|---|---|---|
| **နာပိုလီ** | - | **ဝေး(ရှုံး)** | **ဝေး(နိုင်)** | **အိမ်(နိုင်)** |
| **ခရီမိုနန်စီ** | - | **အိမ်(ရှုံး)** | **ဝေး(ရှုံး)** | **အိမ်(ရှုံး)** |

လက်ရှိခြေစွမ်းပိုင်းအကောင်းဆုံးပုံစံမှာရှိနေတဲ့ နာပိုလီအသင်းကို ခရီမိုနန်စီအသင်း ပွဲချိန်ပြည့်တုံ့ပြန်ကစားနိုင်ဖို့အတွက် ခက်ခဲနေမှာပါ။ ခရီမိုနန်စီအသင်းရဲ့ခြေစွမ်းပိုင်းကလဲ သုံးပွဲဆက်ရှုံးနိမ့်ပြီး ဆိုးရွားနေလို့ အခုပွဲစဉ်မှာလဲ သရေရလဒ်တောင်မျှော်လင့်လို့မရပါဘူး။ ဒါကြောင့် ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ နာပိုလီအသင်းပဲ အနိုင်ရယူမှာပါ။

**အင်တာနက်ခန့်မှန်း - နာပိုလီ ၃ - ၀ ခရီမိုနန်စီ**

## အားကစားသတင်း အတိုအထွာများ

- မက်ဒရိုင်းခ်ကိုရောင်းချ၍ရခဲ့သည့် ပြောင်းရွှေ့ကြေးမှ စတာလင်ပေါင် ၂၀ ဒသမ ၅ သန်းကို ယူကရိန်းစစ်ဘေးရှောင်များအတွက် လှူဒါန်းမည်ဖြစ်ကြောင်း ရှက်တာဒိုးနက်အသင်းပိုင်ရှင်က ထုတ်ပြန်ခဲ့သည်။
- ချဲလ်ဆီးအသင်းအနေဖြင့် ဂျာအိုဖီးလစ်ကို အပြီးသတ်ခေါ်ယူခဲ့ပါက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း လေဗာကူဆင်အသင်းတွင် အငှားစာချုပ်ဖြင့်ကစားနေသည့် အိုဒွိုင်းက ပြောကြားခဲ့သည်။
- လန်ဒန်ဒါဘီပွဲစဉ်တွင် အမှားကျူးလွန်ခဲ့ပြီးနောက် ဂိုးသမားလိုရစ်ကို စပါးနည်းပြကွန်တီက သတိပေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။ ML

# အာဆင်နယ်အသင်းဂိုးသမား ရမ်ဒေးလ် စပါးအသင်းပရိသတ်တစ်ဦး၏ တိုက်ခိုက်မှုခံခဲ့ရ



**လန်ဒန် ဇန်နဝါရီ ၁၆**

စပါးအသင်းနှင့် အာဆင်နယ်အသင်းတို့ကစားခဲ့သည့် လန်ဒန်ဒါဘီပွဲစဉ်၌ အာဆင်နယ်အသင်းဂိုးသမားရမ်ဒေးလ်ကို စပါးအသင်းပရိသတ်တစ်ဦးက တိုက်ခိုက်မှုပြုလုပ်ခဲ့သည်ဟု 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် အာဆင်နယ်အသင်းက စပါးအသင်းကို အဝေးကွင်းတွင် သွားရောက်ယှဉ်ပြိုင်ခဲ့ရာ နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ပွဲပြီးဆုံးချိန်တွင် ဂိုးသမား ရမ်ဒေးလ်နောက် ပွဲကြည့်စင်မှ စပါးအသင်းပရိသတ်တစ်ဦးက ရမ်ဒေးလ်ကို တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း အသင်းတာဝန်ရှိသူများက အတည်ပြုထုတ်ပြန်ခဲ့သည်။

လက်ရှိအချိန်တွင် အဆိုပါပရိသတ်ကို အရေးယူမှုပြုလုပ်ရန် စစ်ဆေးမှုများ ပြုလုပ်နေသကဲ့သို့ စပါးအသင်း တာဝန်ရှိသူများကလည်း ၎င်းကို အသင်းပွဲစဉ်များကြည့်ရှုခွင့် ပိတ်ပင်မည်ဖြစ်သည့်အပြင် ပရော်ဖက်ရှင်နယ်ဘောလုံးအဖွဲ့ချုပ်(PFA)ကလည်း ၎င်းဖြစ်ရပ်ကို လက်မခံဘဲပြင်းထန်စွာ အရေးယူမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စပါးအသင်းနှင့် အာဆင်နယ်အသင်းတို့၏ပွဲစဉ်သည် အစဉ်အလာအရပြိုင်ဆိုင်မှုပြင်းထန်သော လန်ဒန်ဒါဘီပွဲစဉ်ဖြစ်သည့်အတွက် ပရိသတ်များအနေဖြင့် ယခုကဲ့သို့ဖြစ်ရပ်များ မကြာခဏ ကျူးလွန်လေ့ရှိကြောင်း သိရသည်။ ML

# စပိန်စူပါဖလားဗိုလ်လုပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်ကို သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဘာစီလိုနာအသင်း ချန်ပီယံဆုဆွတ်ခူး

**ရီယာဒ် ဇန်နဝါရီ ၁၆**

ဆော်ဒီအာရေဗျနိုင်ငံ၌ကျင်းပခဲ့သည့် စပိန်စူပါဖလားဗိုလ်လုပွဲစဉ်တွင် ဘာစီလိုနာအသင်းက ရီးရဲလ်မက်ဒရစ်အသင်းကို သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း Fotmob.com က ယနေ့တွင်ဖော်ပြခဲ့သည်။

စပိန်စူပါဖလားကို ၁၇ကြိမ်ရရှိထားသည့် ဘာစီလိုနာအသင်းသည် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီကနောက်ဆုံးအကြိမ် ရရှိခဲ့ပြီးနောက် ဆုဖလားနှင့်ဝေးကွာခဲ့ရသော်လည်း ယခုနှစ်နည်းပြဇာဗီလက်ထက်တွင် အဆိုပါပြိုင်ပွဲကို နိုင်ငံပြင်ပ၌ကျင်းပခဲ့သော်လည်း ရီးရဲလ်မက်ဒရစ်အသင်းကို သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ၁၈ ကြိမ်မြောက်ဆုဖလားရရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် နှစ်သင်းလုံးမှ ကစားသမားအစုံအလင်ဖြင့်ပွဲထွက်လာခဲ့သဖြင့် တစ်ဖက်နှင့်တစ်ဖက် ပြိုင်ဆိုင်မှုပြင်းထန်ခဲ့ပြီး ဘာစီလိုနာအသင်းက ပွဲချိန် ၃၃ မိနစ်တွင် လီဝမ်ဒေါ့စကီး၏ ဖန်တီးပေးမှုမှ လူငယ်ကစားသမား ဂါဗီ၏သွင်းဂိုးကြောင့် ဦးဆောင်ဂိုးရရှိခဲ့ပြီး ရီးရဲလ်မက်ဒရစ်အသင်းက ချေပဂိုးရရှိရန် ကြိုးစားခဲ့သော်လည်း ဂါဗီနှင့် လီဝမ်ဒေါ့စကီးကို ထိန်းချုပ်နိုင်ခြင်း မရှိသောကြောင့် ပွဲချိန် ၄၅ မိနစ်၌ ဂါဗီ၏ဖန်တီးမှုမှ လီဝမ်ဒေါ့စကီးက ဒုတိယဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းပြီးဆုံးချိန်တွင် နှစ်ဂိုးတစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းတွင် ရီးရဲမက်ဒရစ်အသင်းက ချေပဂိုးရရှိရန်အတွက် လူစားလဲမှုများပြုလုပ်၍ တိုက်စစ်မြှင့်တင်ခဲ့သော်လည်း ဘာစီလိုနာ ဂိုးသမား တာစတီဂန်ကြောင့် ဂိုးရရှိရန် ရှုန်းကန်ခဲ့ရပြီး ပွဲကစားချိန် ၆၉ မိနစ်အရောက်တွင် ဘာစီလိုနာအသင်း လူငယ်ကစားသမား ပက်ထရီက တတိယဦးဆောင်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သဖြင့် ပြိုင်ပွဲကို ထိန်းချုပ်ကစားခဲ့ရာ နာကျင်အချိန်ပိုမိနစ် ၉၀ ကျော်၌ ဘင်ဇီးမားက ရီးရဲလ်မက်ဒရစ်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့ကာ ပွဲပြီးဆုံးခဲ့သောကြောင့် ဘာစီလိုနာအသင်းက ချန်ပီယံဆုဖလားဆွတ်ခူးခဲ့ကြောင်း သိရသည်။ ML

# Sony Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကင်မ်စီဝူ ချန်ပီယံဆုဆွတ်ခူး

**ဝါရှင်တန် ဇန်နဝါရီ ၁၆**

အမေရိကန်နိုင်ငံ ဟာဝိုင်ယီကျွန်းတွင်ကျင်းပခဲ့သည့် Sony Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား ကင်မ်စီဝူက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျှော့ရိုက်ကာ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း Gulf News သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက် ကစားသမား ဘက်ကလေက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၇ ချက်လျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး နိုင်ငံတူကစားသမားဖြစ်သည့် ခရစ်ကစ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၅ ချက် လျှော့ရိုက်ကာ အမှတ်ပေးဇယား၏တတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။

ကင်မ်စီဝူက "နောက်ကနေလိုက်ကစားခဲ့ရပေမဲ့ အဆုံးသတ်မှာ ချန်ပီယံဖြစ်ခွင့်ရခဲ့လို့ ဂုဏ်ယူပါတယ်။ ခက်ခဲတဲ့အခြေအနေတစ်ရပ်ကိုကျော်ဖြတ်ပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာမိပါတယ်။ ဒီပြိုင်ပွဲမှာ အောင်မြင်မှုရယူနိုင်ဖို့ ပြိုင်ပွဲမစမီကတည်းက အကောင်းဆုံးပြင်ဆင်လာခဲ့ပါတယ်။ တတိယနေ့ထိ ချန်ပီယံဖြစ်ဖို့ အခွင့်အရေးနည်းပါးခဲ့ပါတယ်။နောက်ဆုံးနေ့မှာတော့ အမှားအနည်းဆုံးနဲ့ ရေကုန်ရေခမ်းကစားနိုင်ဖို့ လိုအပ်တယ်လို့ တွေးမိတဲ့အတွက် ကျွန်တော်လုပ်နိုင်သမျှ အကောင်းဆုံးလုပ်ခဲ့ပါတယ်။ အမှားနည်းခဲ့တဲ့အတွက် ကျွန်တော်ဖြစ်ချင်တာ ဖြစ်ခွင့်ရခဲ့တယ်။ နောက်ဆုံးနေ့မှာ ကစားနိုင်ခဲ့တဲ့ပုံစံဟာ ကျွန်တော်မျှော်လင့်ထားတာထက် တောင်ပိုကောင်းခဲ့ပါတယ်။ ဒါပေမဲ့ နောက်ဆုံးလေးကျင်းမှာတော့ ကစားပုံအမှားအယွင်း တချို့ရှိခဲ့ပါတယ်။ အစောပိုင်းကျင်းတွေမှာ ရလဒ်ကောင်းတွေ ရယူထားနိုင်ခဲ့လို့ နောက်ဆုံးကျင်းလေးကျင်းက အမှားသိပ်ပြီးမသိသာခဲ့ပါဘူး"ဟုပြောကြားခဲ့သည်။

ကင်မ်စီဝူသည် ပထမနေ့မှ တတိယနေ့ထိ နောက်မှလိုက်ကစားခဲ့ရသော်လည်း နောက်ဆုံးနေ့တွင် ရလဒ်အကောင်းဆုံးရရှိအောင်ကစားသွားနိုင်ခဲ့သည့်အတွက် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကာ ၎င်းအနေဖြင့် ကစားသမား ဘဝသက်တမ်းတစ်လျှောက် PGA Tourတွင် လေးလုံးမြောက် ချန်ပီယံဆုဖလားကိုဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ AZL



# ၁၉၉၆ ခုနှစ်နောက်ပိုင်း အီတလီစီးရီးအေတစ်ပွဲတည်း ရှစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးအသင်းအဖြစ် အတ္တလန်တာအသင်း မှတ်တမ်းဝင်

**ရောမ ဇန်နဝါရီ ၁၆**

စီးရီးအေကလပ် အတ္တလန်တာအသင်းသည် စီးရီးအေပြိုင်ပွဲသမိုင်းတစ်လျှောက် ၁၉၉၆ ခုနှစ်နောက်ပိုင်း တစ်ပွဲတည်းသွင်းဂိုး ရှစ်ဂိုးသွင်းယူနိုင်ခဲ့သည့် ပထမဆုံးအသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်ဟု Football Italia သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



အီတလီစီးရီးအေပြိုင်ပွဲ ပွဲစဉ်(၁၈)အဖြစ်ကစားခဲ့သည့် အတ္တလန်တာအသင်းနှင့် ဆလာနီတာနာအသင်းတို့ပွဲစဉ်တွင် အတ္တလန်တာအသင်းက အိမ်ကွင်း၌ ဆလာနီတာနာအသင်းကို ရှစ်ဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး အတ္တလန်တာအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၄မိနစ်တွင် ဘိုဂါ၊ ပွဲချိန် ၂၀မိနစ်နှင့် ၅၄ မိနစ်တွင် လွတ်မန်း၊ ပွဲချိန် ၂၃ မိနစ်တွင် စကာဗီနီ၊ ပွဲချိန် ၃၈ မိနစ်တွင်ကော့မိုင်နာ၊ ပွဲချိန် ၄၁ မိနစ်တွင် ဟော့လန်း၊ ပွဲချိန် ၆၁ မိနစ်တွင် အီဒါဆန်နှင့် ပွဲချိန် ၈၅ မိနစ်တွင် ဇော်တီးယားတို့က သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါပွဲစဉ်တွင် အတ္တလန်တာအသင်းက ပွဲချိန် ပထမပိုင်းတွင်ပင် ငါးဂိုး တစ်ဂိုးဖြင့် ဦးဆောင်ခဲ့ပြီး ပွဲချိန် ဒုတိယပိုင်းတွင် သွင်းဂိုး သုံးဂိုးထပ်မံသွင်းယူနိုင်ခဲ့ပြီးနောက် ၁၉၉၆ ခုနှစ်နောက်ပိုင်း တစ်ပွဲတည်း ရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့သည့်အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

အီတလီစီးရီးအေပြိုင်ပွဲသမိုင်းတစ်လျှောက် တစ်ပွဲတည်း ရှစ်ဂိုးထိ သွင်းယူနိုင်ခဲ့သည့် ပထမဆုံးအသင်းအဖြစ် ၁၉၉၆ ခုနှစ်က အင်တာမီလန်အသင်းက ပါဒိုဗာအသင်းကို ရှစ်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ၂၆ နှစ်အကြာတွင် အတ္တလန်တာအသင်းက ဆလာနီတာနာအသင်းကို ရှစ်ဂိုးနှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ STA

# ဒဏ်ရာပြဿနာကြောင့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှ နစ်ခ်ကိုင်ဂျီအို့စ် နုတ်ထွက်


**ကင်ဘာရာ ဇန်နဝါရီ ၁၆**

ဩစတြေးလျ တင်းနစ်ကစားသမား နစ်ခ်ကိုင်ဂျီအို့စ်သည် ဩစတြေးလျနိုင်ငံတွင်ကျင်းပမည့် အိုးပင်းတင်းနစ်ပြိုင်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ရန်ပြင်ဆင်နေစဉ် ဒဏ်ရာရရှိခဲ့သည့်အတွက် ပြိုင်ပွဲမှနုတ်ထွက်ခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု The West သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နစ်ခ်ကိုင်ဂျီအို့စ်သည် ဒူးဆစ်တွင်အကျိတ်ရောင်သည့် ပြဿနာကြောင့် ခွဲစိတ်ကုသမှုခံယူရဖွယ်ရှိနေပြီး ဒဏ်ရာအခြေအနေမှာ ကစားသမားဘဝ၏ အနာဂတ်ကို ခြိမ်းခြောက်နိုင်သည့် ဒဏ်ရာမျိုး မဟုတ်သော်လည်း ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲကို လွဲချော်ရမည်ဟု ၎င်း၏ကြံ့ခိုင်ရေးနည်းပြ ဝီလ်မဟာက ပြောကြားခဲ့သည်။

နစ်ခ်ကိုင်ဂျီအို့စ်က "ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲက ကျွန်တော်အကြိုက်ဆုံးပြိုင်ပွဲပါ။ဒီပြိုင်ပွဲအတွက် ကျွန်တော်အများကြီးပြင်ဆင်ထားသလို အများကြီးလဲမျှော်လင့်ထားတာပါ။ ဒါပေမဲ့ ဒဏ်ရာပြဿနာကြောင့် ပြိုင်ပွဲဝင်နိုင်တော့မှာမဟုတ်တဲ့အတွက် စိတ်ပျက်မိပါတယ်" ဟု ပြောကြားခဲ့သည်။

နစ်ခ်ကိုင်ဂျီအို့စ်သည် မွေးရပ်မြေတွင်ကျင်းပမည့်ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရန် ဆန္ဒပြင်းပြနေသော်လည်း ၎င်း၏ ဆန္ဒမပြည့်ဝတော့သည့်အတွက် စိတ်ပျက်မိသည်ဟု နစ်ခ်ကိုင်ဂျီအို့စ်က ပြောကြားခဲ့ကြောင်း သိရသည်။ AZL




# မန်ယူအသင်းသို့ အငှားစာချုပ်ဖြင့် ရောက်ရှိလာသော ဝက်စ်ဟော့ ပဲလေ့စ်အသင်းနှင့်ပွဲစဉ်တွင် စတင်ပါဝင်ကစားဖွယ်ရှိနေ

**မန်ချက်စတာ ဇန်နဝါရီ ၁၆**

လက်ရှိ ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလတွင် ဘန်လေအသင်းမှ မန်ယူအသင်းသို့ ရာသီဝက်အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့သည့် တိုက်စစ်ကစားသမား ဝက်စ်ဟော့သည် ကျောနံပါတ်(၂၇)ကို ဝတ်ဆင်ကစားမည်ဖြစ်ပြီး ပဲလေ့စ်အသင်းနှင့်ကစားမည့်ပွဲစဉ်တွင် စတင်ပါဝင်ကစားလာဖွယ်ရှိနေကြောင်း မန်ချက်စတာညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၀ နှစ်ရှိ ဝက်စ်ဟော့သည် ယခုနှစ်ဘောလုံးရာသီတွင် ဘန်လေအသင်းမှ တူရကီကလပ် ဘီဆစ်တပ်အသင်းတွင် တစ်ရာသီအငှားစာချုပ်ဖြင့်သွားရောက်ကစားနေသူဖြစ်ပြီး မန်ယူအသင်းက လက်ရှိ ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ကာလ၌ကမ်းလှမ်းခဲ့သည့်အတွက် ဘီဆစ်တပ်အသင်းနှင့် စာချုပ်ဖျက်သိမ်းပြီး မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းက စီရော်နယ်ဒိုကို စာချုပ်ဖျက်သိမ်းခဲ့ပြီးနောက် အသင်း တိုက်စစ်ပိုင်းအတွက် အစောပိုင်းက ပီအက်စ်ဗွီ အသင်းမှ ဂက်စ်ပိုကို ခေါ်ယူရန်သတင်းများ ထွက်ပေါ်ခဲ့သော်လည်း နောက်ပိုင်းတွင် ဂက်စ်ပိုသည် လီဗာပူးအသင်းသို့ပြောင်းရွှေ့ကစားခဲ့သည့်အတွက် ဝက်စ်ဟော့ကို ရာသီဝက်အငှားစာချုပ်ဖြင့်သာ ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဝက်စ်ဟော့သည် လက်ရှိတွင် မန်ယူအသင်းနှင့် ပူးပေါင်းနေပြီး မန်ယူအသင်း ကစားသမားဘဝ ပထမဆုံးပွဲစဉ်ကို ဇန်နဝါရီ ၁၉ ရက်တွင်ကစားမည့် မန်ယူအသင်းနှင့်ပဲလေ့စ်အသင်းတို့ ပွဲစဉ်တွင် စတင် ပါဝင်ကစားသွားဖွယ်ရှိနေကြောင်း သိရသည်။ STA

# ဂျိုးဆပ်စ်ပါကားအနေဖြင့် ဂျက်ခ်မက်ဆေးနှင့် ပွဲပြီးမှသာ ဒီယွန်တေနှင့် ထိုးသတ်ရမည်

**မန်ချက်စတာ ဇန်နဝါရီ ၁၆**

WBO Inter-Continental ဟဲဗီးဝိတ်တန်း ချန်ပီယံဟောင်း နယူးဇီလန်လက်ဝှေ့သမား ဂျိုးဆပ်စ်ပါကားသည် WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံဟောင်း အမေရိကန်လက်ဝှေ့သမား ဒီယွန်တေနှင့် ထိုးသတ်ရန် ဆန္ဒရှိနေသော်လည်း အင်္ဂလန်လက်ဝှေ့သမား ဂျက်ခ်မက်ဆေးနှင့်ထိုးသတ်ပြီးမှသာ ထိုးသတ်ရမည်ဟု Ring News24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျက်ခ်မက်ဆေးသည် IBO ခရူဆာဝိတ်တန်း ယာယီချန်ပီယံတစ်ဦးဖြစ်သော်လည်း ဟဲဗီးဝိတ်တန်းတွင် ဂျိုးဆပ်စ်ပါကားနှင့် ဇန်နဝါရီ ၂၁ ရက်၌ အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့တွင်ထိုးသတ်ရမည်ဖြစ်သည်။

ဂျိုးဆပ်စ်ပါကားက "ဒီယွန်တေက တိုင်ဆန်ကို နှစ်ပွဲဆက်တိုက်ရှုံးနိမ့်ခဲ့ပြီးနောက် အကောင်းဆုံးပုံစံနဲ့ကြိုးဝိုင်းထဲ ပြန်ရောက်လာပါတယ်။ ဟယ်လင်နီယပ်စ်နဲ့ထိုးသတ်ခဲ့တဲ့ပွဲစဉ်မှာ အကောင်းဆုံးလုပ်ပြနိုင်ခဲ့တယ်။ ဒီယွန်တေက ကမ္ဘာ့ချန်ပီယံခါးပတ်တွေကို စိန်ခေါ်နိုင်ဆဲဖြစ်ကြောင်း သက်သေပြထားတယ်။ ကျွန်တော့်အနေနဲ့ ဒီယွန်တေနဲ့ ထိုးသတ်ချင်ပါတယ်။ ညှိနှိုင်းမှုအားလုံး အဆင်ပြေရင်တော့ ထိုးသတ်သွားဖို့ အမြန်ဆုံးစီစဉ်သွားမှာပါ။ ဒါပေမဲ့ဂျက်ခ်မက်ဆေးနဲ့အရင်ထိုးသတ်သွားရမယ်။ ဂျက်ခ်မက်ဆေးနဲ့ကလဲ ပွဲစီစဉ်ထားပြီးဖြစ်နေပါတယ်။ ဂျက်ခ်မက်ဆေးနဲ့ပွဲစဉ်အတွက် အကောင်းဆုံးပြင်ဆင်နေပါတယ်"ဟု ပြောကြားခဲ့သည်။

ဂျိုးဆပ်စ်ပါကားသည် ဂျက်ခ်မက်ဆေးနှင့် ထိုးသတ်ပြီးမှသာ ဒီယွန်တေကို စိန်ခေါ်နိုင်မည်ဖြစ်သည့်အတွက် ဂျက်ခ်မက်ဆေးကို အနိုင်ထိုးသတ်ရန် ပြင်ဆင်ထားကြောင်း ပြောကြားခဲ့ပြီး WBC ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံ တိုင်ဆန်ဖျူရီနှင့် ဆက်ဆံရေးကောင်းများရှိသည့်အတွက် ပူးတွဲလေ့ကျင့်မှုများလည်း ပြုလုပ်နေသူဖြစ်ကြောင်း သိရသည်။ AZL

# ပီအက်စ်ဂျီအသင်းနှင့် ဆော်ဒီညွန့်ပေါင်းအသင်းတို့ပွဲစဉ်တွင် ဆော်ဒီညွန့်ပေါင်းအသင်းခေါင်းဆောင်အဖြစ် စီရော်နယ်ဒိုတာဝန်ယူမည်

**ရီယာ့ဒ် ဇန်နဝါရီ ၁၆**

ဆော်ဒီထိပ်တန်းကလပ်နှစ်သင်းဖြစ်သည့် အယ်နာဆာအသင်းနှင့် အယ်လ်ဟီလယ်အသင်းတို့မှ ကစားသမားများဖြင့် စုဖွဲ့ထားသည့် ဆော်ဒီညွန့်ပေါင်းအသင်းနှင့်ပြင်သစ်ထိပ်သီး ပီအက်စ်ဂျီအသင်းတို့ကစားမည့်ခြေစမ်းပွဲစဉ်တွင် ဆော်ဒီညွန့်ပေါင်းအသင်း ခေါင်းဆောင်အဖြစ် စီရော်နယ်ဒိုက တာဝန်ယူသွားမည်ဟု 90Min သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ဆော်ဒီနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ပီအက်စ်ဂျီအသင်းတို့၏နှစ်ဖက်သဘောတူညီချက်အရ ဆော်ဒီနိုင်ငံတွင် ဇန်နဝါရီ ၁၉ ရက်၌ ဆော်ဒီညွန့်ပေါင်းအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ ခြေစမ်းပွဲစဉ်အဖြစ် ကစားသွားမည်ဖြစ်ပြီး အဆိုပါပွဲစဉ်တွင် ပြိုင်ဘက်ဟောင်းများဖြစ်သည့် လက်ရှိ အယ်နာဆာအသင်းတိုက်စစ်ကစားသမား စီရော်နယ်ဒိုနှင့် ပီအက်စ်ဂျီအသင်း တိုက်စစ်ကစားသမား မက်ဆီတို့ပြိုင်ဘက်အဖြစ် ပြန်လည်တွေ့မြင်ရမည်ဖြစ်သည်။

စီရော်နယ်ဒိုသည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက မန်ယူအသင်းနှင့် စာချုပ်ဖျက်သိမ်းခဲ့ပြီး အသင်းလက်မဲ့ဖြစ်နေရာမှ အယ်နာဆာအသင်းသို့ စံချိန်တင်လုပ်ခလစာဖြင့်ပြောင်းရွှေ့ကစားခဲ့ပြီး လက်ရှိအချိန်ထိ အယ်နာဆာအသင်းတွင် ပါဝင်ကစားရခြင်းမရှိသေးဘဲ ဆော်ဒီညွန့်ပေါင်းအသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ပွဲစဉ်တွင် ပွဲဦးထွက်ပွဲစဉ်အဖြစ် ပါဝင်ကစားသွားမည်ဖြစ်သည်။

လက်ရှိတွင် ဆော်ဒီညွန့်ပေါင်းအသင်းတွင်မည်သည့်ကစားသမားများစာရင်းကို ထုတ်ပြန်ခြင်းမရှိသေးသော်လည်း အယ်နာဆာအသင်းမှ စီရော်နယ်ဒိုအနေဖြင့် ပါဝင်ကစားသွားမည်ဟု အယ်နာဆာအသင်းနည်းပြ ဂါစီယာကအတည်ပြုထားပြီး အဆိုပါခြေစမ်းပွဲစဉ်ကို တာဝန်ယူစီစဉ်သည့် အယ်လ်ရှိတ်ကလည်း ဆော်ဒီညွန့်ပေါင်းအသင်း ခေါင်းဆောင်လက်ပတ်ကို စီရော်နယ်ဒိုထံလွှဲပြောင်းပေးအပ်ပြီးဖြစ်သည်ဟုသတင်းများ ထွက်ပေါ်နေကြောင်း သိရသည်။ STA

**ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း**

# ပါကစ္စတန်နိုင်ငံ၏ ကင်ဆာရောဂါထိန်းချုပ်ကုသမှုအခြေအနေများ (၂)



လာဟိုမြို့ရှိ Shaukat Khanum အမှတ်တရကင်ဆာဆေးရုံကို တွေ့ရစဉ်။

Shaukat Khanum အမှတ်တရ ကင်ဆာဆေးရုံနှင့်သုတေသနဌာနတွင် ကမ္ဘာ့အဆင့်မီ ကင်ဆာရောဂါရှာဖွေရေး၊ ကုသရေးနှင့်ဘက်စုံကုသမှုများပေးစွမ်းနိုင်ရန် ကြိုးပမ်းနေကြသည်။ အလှူငွေဖြင့် ရပ်တည်ထားသည့်အတွက် လူနာဘက်မှကုန်ကျစရိတ်ကျခံရန်မလိုဘဲ အကောင်းဆုံးကုသမှုများကို စိတ်ချလက်ချရရှိနိုင်သည်။ ကင်ဆာကုသရေးပိုင်းအတွက်သာမက ဆရာဝန်၊ သူနာပြုများအတွက် စဉ်ဆက်မပြတ်ဆေးပညာသင်ကြားမှုများ၊ ပါကစ္စတန်နိုင်ငံတစ်ဝန်းကင်ဆာရောဂါနှင့်ပတ်သက်သည့် အသိပညာဗဟုသုတ ကျယ်ပြန့်လာစေရေးနှင့် ကင်ဆာဆေးလက်တွေ့သုတေသနများ ဆောင်ရွက်နိုင်ရေးထိ မျှော်မှန်းဆောင်ရွက်ခဲ့ကြသည်။

လာဟိုမြို့တွင်ရှိသည့် Shaukat Khanum အမှတ်တရ ကင်ဆာဆေးရုံ၏ လူနာ ၃၀ ရာခိုင်နှုန်းက ပါကစ္စတန်နိုင်ငံ၏ Khyber Pakhtunkhwa ပြည်နယ်မှ လာရောက်ကုသမှုခံယူကြသူများဖြစ်သည်။ အာဖဂန်နစ္စတန်နှင့် တာဂျစ်ကစ္စတန်နိုင်ငံတို့မှ လာရောက်ကြသူ လူနာများလည်းရှိသည်။ ဒုတိယမြောက် Shaukat Khanum အမှတ်တရ ကင်ဆာဆေးရုံနှင့်သုတေသနဌာနကို ပတ်စ်ရှဝါမြို့တွင် ၂၀၁၅ ခုနှစ်က ထပ်မံဖွင့်လှစ်နိုင်ခဲ့သည်။ တတိယမြောက်ဆေးရုံကိုလည်း မြို့တော်ကရာချိ၌ ဖွင့်လှစ်နိုင်ရန် တည်ဆောက်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်သည်။ ကရာချိမြို့ Shaukat Khanum အမှတ်တရ ကင်ဆာဆေးရုံသည် ပါကစ္စတန်နိုင်ငံ၏ အကြီးမားဆုံးသော ကင်ဆာအထူးကုဆေးရုံကြီး ဖြစ်လာမည်ဖြစ်ပြီး ယခုနှစ်တွင် စတင်ဖွင့်လှစ်နိုင်မည်ဖြစ်သည်။

Shaukat Khanum အမှတ်တရ ကင်ဆာဆေးရုံသို့ တစ်နှစ်လျှင် ကင်ဆာလူနာသစ် ၄၅၀၀၀ ခန့်လာရောက်ဆေးကုသမှုခံယူနေကြသည်။ သို့သော် ဆေးရုံ၏ တစ်နှစ် လူနာကုသနိုင်စွမ်းက လူနာ ၁၂၀၀၀ ခန့်သာဖြစ်သည့်အတွက် ကျန်လူနာများကို ပြည်သူ့ဆေးရုံများသို့ ပြန်လည်စေလွှတ်ပေးနေရသည်။ ကင်ဆာလူနာတိုင်းကို လက်ခံကုသပေးနိုင်ခြင်းမဟုတ်ဘဲ ကုသမှုပျောက်ကင်းနိုင်ခြေ ရှိ၊ မရှိ လူနာ၏အသက်အရွယ်၊ ဆေးဝါးရရှိမှုအခြေအနေကို ချိန်ဆပြီး လက်ခံနေရသည်။

လှူဒါန်းငွေဖြင့် လည်ပတ်ရသည့်ဆေးရုံဖြစ်သည့်အတွက် Shaukat Khanum အမှတ်တရ ကင်ဆာဆေးရုံတွင် ထိုကဲ့သို့လူနာများကို စိစစ်ပြီးလက်ခံနေရခြင်းဖြစ်သည်။ အမျိုးသမီးများအတွက် ရင်သားကင်ဆာ၊ အူမကြီးနှင့် အစာဟောင်းအိမ်ကင်ဆာ၊ မီးယပ်ကင်ဆာရောဂါများကို အဓိကလက်ခံကုသပေးသလို အမျိုးသားများအတွက် အူမကြီးနှင့်အစာဟောင်းအိမ်ကင်ဆာ၊ ဆီးကျိတ်ကင်ဆာ၊ ဆီးအိတ်ကင်ဆာ၊ အာခံတွင်းကင်ဆာနှင့် ဦးနှောက်အကျိတ်ကင်ဆာများကို ဦးစားပေးကုသပေးသည်။

လူနာအားလုံး၏ ၁၁ ရာခိုင်နှုန်းမှာ ကလေးငယ်များဖြစ်ပြီး လင်ဖိုးမား အကျိတ်ကင်ဆာရောဂါ အမျိုးမျိုး၊ Retinoblastoma ခေါ် မျက်လုံးကင်ဆာ၊ သွေးကင်ဆာနှင့် Ewing's Sarcoma ခေါ်သည့် ကလေးငယ်များတွင်အဖြစ်များသည့် အရိုး၊ ကြွက်သားကင်ဆာရောဂါများကို အဓိကကုသပေးနေသည်ကို တွေ့ရသည်။

လက်ရှိအချိန်ထိ ပါကစ္စတန်နိုင်ငံ၌ Shaukat Khanum အမှတ်တရကင်ဆာဆေးရုံကြီး နှစ်ရုံရှိသည်။ လာဟိုမြို့နှင့် ပတ်စ်ရှဝါမြို့တို့တွင်ဖြစ်ပြီး ကရာချိဆေးရုံသည်လည်း တည်ဆောက်နေဆဲဖြစ်သည်။ ဆေးရုံကြီးများသည် ပါကစ္စတန်နိုင်ငံတွင်းမှ အလှူရှင်များနှင့် နိုင်ငံပြင်ပမှ ပါကစ္စတန်နိုင်ငံသားများ၏ လှူဒါန်းငွေများဖြင့် ရပ်တည်နေကြခြင်းဖြစ်သည်။ ဆေးကုသမှုခံယူသည့် လူနာများထံမှ ထည့်သွင်းပါဝင်ငွေမှာ အနည်းငယ်မျှသာရှိသည်။ တတ်နိုင်သည့် လူနာအနည်းစုက ဆေးကုသမှုကုန်ကျစရိတ်များကို ကျခံပေးကြပြီး ချို့တဲ့သည့်လူနာအများစုအတွက်က ကုသမှုအခမဲ့ဖြစ်သည်။ ဆေးရုံကြီးများ၏ လူနာ ၇၅ ရာခိုင်နှုန်းကို ဆေးဝါးကုသမှုကုန်ကျစရိတ် အခမဲ့ကုသပေးနိုင်ပြီး လူမျိုးဘာသာခွဲခြားမှုမရှိဘဲ ကုသပေးနေခြင်းဖြစ်သည်။

Shaukat Khanum အမှတ်တရ ကင်ဆာဆေးရုံကြီးများ၏အခြေခံမူဝါဒမှာ ကင်ဆာကုသမှု အရည်အသွေးနှင့် တန်းတူညီမျှမှုရှိနေရန်ဖြစ်သည်။ အခမဲ့ဆေးရုံကြီးများဖြစ်သော်လည်း အရည်အသွေးစံချိန်စံနှုန်းသတ်မှတ်ချက်များနှင့် မှတ်ကျောက်တင်ခံနိုင်ကြသည်။လာဟိုမြို့မှ ကင်ဆာဆေးရုံကြီးဆိုလျှင် ၂၀၁၈ ခုနှစ်တွင် JCI ခေါ်သည့် အရည်အသွေးပြည့်မီမှု ထောက်ခံချက်ကိုရရှိထားပြီး ပတ်စ်ရှဝါမြို့ဆေးရုံကြီးက အဆိုပါထောက်ခံချက်ကို ၂၀၁၉ ခုနှစ်က ရရှိခဲ့သည်။ အချို့သောသူနာပြုလုပ်ငန်းဌာနများမှာ ISO လက်မှတ်များရရှိထားပြီး အစားအသောက်အရည်အသွေးပြည့်မီမှုအတွက် ISO 22000 လက်မှတ်ရရှိထားသည်။

ကင်ဆာကုသမှု တန်းတူညီမျှမှုရှိစေရေးအတွက် လူနာများ၏ ငွေကြေးတတ်နိုင်မှု အခြေအနေကို ဆရာဝန်၊ သူနာပြုများမသိအောင် ဖုံးကွယ်ထားသည်ဟု ဆိုသည်။ သို့မှသာ ဆေးကုသရေးတွင် ဘက်လိုက်မှုများ နည်းပါးသွားမည်ဖြစ်သည်။ ငွေကြေးတတ်နိုင်သူအတွက်ကုသမှုပုံစံတစ်မျိုး၊ မတတ်နိုင်သူများအတွက် ကုသမှုပုံစံတစ်မျိုး မဖြစ်စေရဘဲ ပြီးပြည့်စုံသည့် ကင်ဆာကုသမှုရရှိနိုင်ရန် ရည်ရွယ်ရင်းဖြစ်သည်။ ရောဂါရှာဖွေမှုနှင့် ဆေးကုသမှုများကို အလုံးစုံ အခမဲ့ရရှိနိုင်ရေးအတွက် လူနာဘက်မှ လျှောက်လွှာတစ်ကြိမ် တင်ရသည်။ အမှန်တကယ် ချို့တဲ့ကြောင်းစစ်ဆေးပြီး သေချာပါက ကုသမှုအလုံးစုံ အခမဲ့ရရှိမည်ဖြစ်သည်။

ကင်ဆာလူနာများအတွက် တန်းတူညီမျှမှုက ဆေးကုသမှုလုပ်ငန်းစဉ်များတွင်သာ မဟုတ်။ လူနာအခန်းများ၊ လူနာထမင်းဟင်း၊ လူနာအဝတ်များတွင်ပါ အရည်အသွေး အတူတူဖြစ်ရန် စီမံထားသည်။ ဆရာဝန်စောင့်ဆိုင်းရသည့်အချိန်များနှင့် ကုသမှုပုံစံများကိုလည်း ဦးစားပေးစနစ်မရှိ၊ အားလုံးတန်းတူဖြစ်အောင် ဆောင်ရွက်ထားသည်။ VIP ပုဂ္ဂိုလ်ဟူ၍ မရှိဘဲ ရောဂါပြင်းထန်မှုအပေါ်ကြည့်၍သာ ကုသမှုဦးစားပေးစနစ် ကျင့်သုံးသည်။ ကင်ဆာလူနာအားလုံးသည် ကုသမှုတစ်စုံတစ်ရာမစမီ MDT ဟု အတိုကောက်ခေါ်ကြသည့် အထူးကုဆရာဝန်များအဖွဲ့နှင့် မဖြစ်မနေ တစ်ကြိမ်တွေ့ရမည်ဖြစ်ပြီး ကုသမှုအစီအစဉ်များကို ရှင်းပြခံရမည်ဖြစ်သည်။ ဆေးရုံကြီးများတွင် တာဝန်ထမ်းဆောင်နေကြသူ လူငယ်ဆရာဝန်များအားလုံးနီးပါး ပါကစ္စတန်ဆေးပညာနှင့် ခွဲစိတ်ဆရာဝန်များ ကောလိပ်မှဖွင့်လှစ်သည့် အထူးကုသင်တန်းများသို့ တက်ရောက်ခွင့်ရကြမည်ဖြစ်သည်။ သင်တန်းသစ်နှစ်ခုအဖြစ် ကင်ဆာခွဲစိတ်ကုပညာ အထူးကုသင်တန်းနှင့် ဘက်စုံအထောက်အကူပြုကုသမှုဆေးပညာ (Palliative Medicine)သင်တန်းနှစ်ခုကိုလည်း စတင်ဖွင့်လှစ်ပေးနေပြီဖြစ်သည်။

၂၀၂၂ ခုနှစ်အတွင်း Shaukat Khanum အမှတ်တရ ကင်ဆာဆေးရုံကြီးနှစ်ရုံမှ ကင်ဆာဆေးသုတေသနစာတမ်း ၁၂၂ စောင် ပုံနှိပ်ဖော်ပြခြင်းခံခဲ့ရပြီး ပါကစ္စတန်နိုင်ငံအတွင်း ကင်ဆာရောဂါများနှင့်ပတ်သက်သည့် သုတေသနစာတမ်းများ အများဆုံး ရေးသားနိုင်သည့်ဆေးရုံကြီးများအဖြစ် မှတ်တမ်းတင်ခံရသည်။ မျိုးရိုးလိုက် ရင်သားကင်ဆာလူနာများနှင့်ပတ်သက်သော BRCA 1 နှင့် BRCA 2 မျိုးဗီဇအသစ်များကို ၎င်းဆေးရုံ သုတေသနဌာနကြီးများမှ ပညာရှင်များက ဖော်ထုတ်ပေးနိုင်ခဲ့သည်။

**❖ Shaukat Khanum အမှတ်တရကင်ဆာဆေးရုံကြီးများ၏ အခြေခံမူဝါဒမှာ ကင်ဆာကုသမှု အရည်အသွေးနှင့် တန်းတူညီမျှမှုရှိနေရန်ဖြစ်သည်။ အခမဲ့ဆေးရုံကြီးများဖြစ်သော်လည်း အရည်အသွေးစံချိန်စံနှုန်းသတ်မှတ်ချက်များနှင့် မှတ်ကျောက်တင်ခံနိုင်ကြသည်။ လာဟိုမြို့မှ ကင်ဆာဆေးရုံကြီးဆိုလျှင် ၂၀၁၈ ခုနှစ်တွင် JCI ခေါ်သည့် အရည်အသွေးပြည့်မီမှု ထောက်ခံချက်ကိုရရှိထားပြီး ပတ်စ်ရှဝါမြို့ဆေးရုံကြီးက အဆိုပါထောက်ခံချက်ကို ၂၀၁၉ ခုနှစ်က ရရှိခဲ့သည်။ ❖**

၂၀၀၅ ခုနှစ်ထိ ပါကစ္စတန်နိုင်ငံတွင် လူဦးရေအခြေပြုကင်ဆာလူနာမှတ်တမ်း(PBCR) ကောက်ယူနိုင်ခြင်းမရှိခဲ့ပါ။ ၂၀၀၅ ခုနှစ်အရောက်တွင် လူဦးရေသန်း ၁၁၀ နေထိုင်သည့် ပါကစ္စတန်နိုင်ငံ၏ အကြီးဆုံးပြည်နယ်ဖြစ်သော ပန်ဂျတ်ပြည်နယ်တွင် နိုင်ငံ၏ ပထမဆုံးသော လူဦးရေအခြေပြု ကင်ဆာလူနာစာရင်းကောက်ယူခြင်းကို စတင်နိုင်ခဲ့သည်။ ပန်ဂျတ်ပြည်နယ်၏ လူဦးရေအခြေပြု ကင်ဆာလူနာမှတ်တမ်းကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် GLOBOCAN အမည်ရ ကင်ဆာသုတေသနအဖွဲ့ကြီးတို့က မှီငြမ်းအသုံးပြုလျက်ရှိပြီး ပါကစ္စတန်တစ်နိုင်ငံလုံး၏ ကင်ဆာလူနာ ခန့်မှန်းစာရင်းနှင့်အိမ်နီးချင်း အာဖဂန်နစ္စတန်နိုင်ငံ၏ ကင်ဆာလူနာ ခန့်မှန်းစာရင်းများကိုပါ တွက်ချက်နေကြသည်။

ကင်ဆာရောဂါများသည် စောစီးစွာသိရှိပါက လုံးဝကုသပျောက်ကင်းနိုင်ခြေရှိသည်။ ကင်ဆာရောဂါများကို သံသယစိတ်ဖြင့်စောစီးစွာ ဖော်ထုတ်သိရှိနိုင်ရန်က ကင်ဆာရောဂါများနှင့်ပတ်သက်သည့် ကျန်းမာရေးအသိအမြင် လူထုကြားထဲစိမ့်ဝင်ပျံ့နှံ့နေရန်လိုသည်။ လွန်ခဲ့သည့် ၂၅ နှစ်အတွင်းတွင် ပါကစ္စတန်နိုင်ငံအဖို့ ရင်သားကင်ဆာနှင့် ပတ်သက်သည့် ကျန်းမာရေးအသိပညာများကို လူထုကြားထဲ ပျံ့နှံ့အောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည်။ တစ်ချိန်က လူအများကြား ထုတ်ဖော်ပြောဆိုခွင့်မရခဲ့သည့် ရင်သားကင်ဆာအချက်အလက်များကို ယနေ့အချိန်တွင် ရုပ်မြင်သံကြားအစီအစဉ်များ၌ ထည့်သွင်းပြောဆိုခွင့်ရလာသည်။ ကင်ဆာဆရာဝန်များအနေဖြင့်လည်း ရင်သားကင်ဆာဖြစ်ခါစ လူနာသစ်များကို ပိုမိုများပြားစွာ တွေ့လာကြရသည်ဟုဆိုသည်။

တိုးတက်မှုများ အများအပြားရှိလာသော်လည်း ပါကစ္စတန်နိုင်ငံ၏ ကင်ဆာရောဂါများထိန်းချုပ်ကုသနိုင်ရေးသည် စိန်ခေါ်မှုများစွာ ရှိနေဆဲဖြစ်သည်။ မျက်မှောက်ကာလတွင် ကင်ဆာလူနာသစ်တစ်ဦးလက်ခံကုသလိုက်တိုင်း ကင်ဆာလူနာသုံးဦးကို မျက်နှာလွှဲပြီး လက်လျှော့နေရဆဲဟုဆိုသည်။ ပါကစ္စတန်နိုင်ငံ၏ ကင်ဆာလူနာတစ်ဦးချင်းစီအတွက် ပြီးပြည့်စုံသည့် ကင်ဆာကုသမှုအဆင့်အတန်းကရရှိနိုင်ရန် လာဟိုမြို့မှ ကင်ဆာဆေးရုံကြီးကဲ့သို့ အရွယ်အစား၊ အင်အားရှိသည့် နောက်ထပ်ဆေးရုံ ၂၀ ခန့် ထပ်မံလိုအပ်နေပါသေးသည်။

Shaukat Khanum အမှတ်တရကင်ဆာဆေးရုံကြီးများ၏ ဘဏ္ဍာရေးလိုငွေမှာလည်း တစ်နှစ်ထက်တစ်နှစ်တိုးပြီး လိုအပ်လာသည်သာဖြစ်သည်။ ပုံမှန်လှူဒါန်းနေကြသည့်အလှူရှင်များ အလှူငွေထည့်ဝင်ရန် ပင်ပန်းသွားမည်ကိုလည်း ထည့်တွက်ရပါမည်။ လူနာအားလုံးကို ခွဲခြားဆက်ဆံခြင်းမပြုဘဲ အကောင်းဆုံးကုသမှုများပေးနေသည်ဟု အားလုံးက ယုံကြည်ကြသည့်အတွက် ဆေးရုံကြီးများ၏ အလှူငွေများမှာ တစ်နှစ်ထက်တစ်နှစ် တိုး၍လာနေပါသည်။

အဆိုပါယုံကြည်မှုများကို အခြေခံလျက် ကင်ဆာအထူးကုဆေးရုံကြီးများ ဆက်လက်တည်ဆောက်ကြရမည်၊ အမျိုးသားအဆင့် တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်မည့် ကင်ဆာကြိုတင်ရှာဖွေရေး စီမံချက်များကို အကောင်အထည်ဖော်ရမည်၊ ကြိုတင်ကာကွယ်၍ရသည့် ကင်ဆာရောဂါများ မဖြစ်ပွားရအောင် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်သွားကြရမည်၊ တစ်ချိန်ချိန်တွင် ပါကစ္စတန်နိုင်ငံ၏ ကင်ဆာလူနာတစ်ဦးတစ်ယောက်ချင်းစီကို နိုင်ငံတကာအဆင့်မီ ကင်ဆာကုထုံးများဖြင့် ကုသပေးသွားနိုင်လိမ့်မည်ဟု ယုံကြည်မိပါတော့သည်။

**ကိုးကား** –

**Pursuing excellence in cancer care in Pakistan by Muhammed Aasim Yusuf from Lancet Oncology, Nov 2022**

**ဒေါက်တာလွှမ်းမိုးဟန်**

## အရိယာမဏ္ဍိုင်တောရရိပ်သာရှိ သံဃာတော်၊ သီလရှင်များအား အဆိုတော်နှင့် သရုပ်ဆောင် နွေးနွေးချစ်ဖွယ်က နေ့ဆွမ်းဆက်ကပ်လှူဒါန်း



**ရန်ကုန် ဇန်နဝါရီ ၁၆**

အဆိုတော်နှင့် သရုပ်ဆောင် နွေးနွေးချစ်ဖွယ်က ရန်ကုန်- မန္တလေး အမြန်လမ်း ၁၆ မိုင် ငါးဖလုံ အရိယာမဏ္ဍိုင်တောရ ရိပ်သာရှိ သံဃာတော်၊ သီလရှင်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းကို ဇန်နဝါရီ ၁၅ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုတော်နှင့် သရုပ်ဆောင် နွေးနွေးချစ်ဖွယ်သည် အရိယာမဏ္ဍိုင်တောရရိပ်သာရှိ သံဃာတော် အပါး ၂၀ နှင့် တရားစခန်းဝင် သီလရှင်အပါး ၄၀တို့အား နေ့ဆွမ်းအဖြစ် ကြက်သားဟင်းနှင့် ထမင်းတို့ကို ဆက်ကပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ လှူဒါန်းမှုအနေဖြင့် ငွေကျပ် ၃၅၀၀၀၀ ဖြစ်ကြောင်း သိရသည်။

"ဒီတရားရိပ်သာလေးကတော့ နွေးကိုယ်တိုင် အကြိမ်ကြိမ်တရားစခန်းဝင်ခဲ့တဲ့ တရားရိပ်သာဖြစ်ပါတယ်။ တရားစခန်းတွေဝင်ဖြစ်သလို မကြာမကြာလဲ အခုလို နေ့ဆွမ်းအလှူတွေ လှူဒါန်းဖြစ်ပါတယ်။ ဒီတစ်ခေါက်ကတော့ နွေးနဲ့ နွေးအစ်မက မွေးလတူပြီးတော့ မွေးရက်ကလဲ ဒီရက်ဝန်းကျင်ပဲဖြစ်တဲ့အတွက် နှစ်ယောက်စလုံးရဲ့ မွေးနေ့အလှူအနေနဲ့ လှူဖြစ်သွားတာပါ"ဟု အဆိုတော်နှင့် သရုပ်ဆောင် နွေးနွေးချစ်ဖွယ်က ပြောပြသည်။

အဆိုတော်နှင့် သရုပ်ဆောင် နွေးနွေးချစ်ဖွယ်သည် ကိုယ်တိုင်ရေးဆို အဆိုတော်တစ်ဦးလည်းဖြစ်ရာ ၎င်းကိုယ်တိုင် ရေးသားသီဆိုထားသည့် စိတ်လျှော့၊ မလွမ်းလောက်ပါဘူး၊ ဖြေပါသီချင်းတို့သည် အောင်မြင်သည့်သီချင်းများဖြစ်ပြီး ကိုဗစ်ကာလမှစတင်က B & P Myanmar Product အလှကုန်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

အဆိုတော်နှင့် သရုပ်ဆောင် နွေးနွေးချစ်ဖွယ်က Canal + ရုပ်သံလိုင်းမှ ထုတ်လွှင့်မည့် မြန်မာရုပ်သံဇာတ်လမ်းတွဲများတွင် ၎င်းကို သရုပ်ဆောင်တစ်ဦးအဖြစ်လည်း တွေ့မြင်ရမည်ဖြစ်ကြောင်း သိရသည်။

ASH

## ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ အချစ်ဟာသဇာတ်ကား၌ ဆစ်ဒနီဆွီနေးနှင့် ဂလန်းပိုဝဲတို့ ပါဝင်မည်

**နယူးယောက် ဇန်နဝါရီ ၁၆**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ အချစ်ဟာသရုပ်ရှင်ဇာတ်ကားတွင် မင်းသမီး ဆစ်ဒနီဆွီနေးနှင့် မင်းသား ဂလန်းပိုဝဲတို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။

လက်ရှိတွင် အဆိုပါဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ်နှင့် တရားဝင်ဇာတ်ကားနာမည်တို့ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ထုတ်ပြန်ခြင်းမရှိသေးကြောင်း သိရသည်။

သို့ရာတွင် အဆိုပါဇာတ်ကားကို ဇာတ်ညွှန်းရေးဆရာ အီလာနာ ဝိုးလ်ပါတ်၏ ဝတ္ထုဇာတ်ညွှန်းကို အခြေခံရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဝီလပ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ထုတ်လုပ်မှုလုပ်ငန်းကို ယခုနှစ်ဖေဖော်ဝါရီလကုန်ပိုင်းတွင် စတင်ဖွယ်ရှိသည်။

၎င်း အချစ်ဟာသဇာတ်ကား၌ မင်းသမီး ဆစ်ဒနီဆွီနေးနှင့် ဂလန်းပိုဝဲတို့အနေဖြင့် အဓိကဇာတ်ကောင်များအဖြစ် ပါဝင်ရမည်ဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကား ရုံတင်ပြသမည့်ရက်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO




## ကျောက်တံတားမြို့နယ် The Collector Art Gallery တွင် ပန်းချီဆရာခုနစ်ဦး၏ ခဲခြစ်ပန်းချီပြပွဲ အွန်လိုင်းမှ ပြသမည်

**ရန်ကုန် ဇန်နဝါရီ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ The Collector Art Gallery ပန်းချီပြခန်းတွင် ပန်းချီဆရာခုနစ်ဦး၏ ခဲခြစ်ပန်းချီပြပွဲကို ဇန်နဝါရီ ၁၇ ရက်မှ ဇန်နဝါရီ ၂၀ ရက်ထိ အွန်လိုင်းမှ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါပန်းချီပြခန်းတာဝန်ခံ ဒေါ်ကေဇာဦးက ပြောပြ၍ သိရသည်။

အဆိုပါ ခဲခြစ်ပန်းချီပြပွဲတွင် ပန်းချီ ညီအောင်မော်၊ ပန်းချီ စောစတီးဖ၊ ပန်းချီ မင်းဇော်အောင်၊ ပန်းချီ ဦးကျော်၊ ပန်းချီ ပန်းကြည်၊ ပန်းချီ ဇေယျာအေး၊ ပန်းချီ စောကျော်စောတို့၏ လက်ရာစုံပန်းချီကား ၂၀ ကား ပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ခေတ်ပြိုင်ပန်းချီဆရာ ခုနစ်ယောက်ရဲ့ ရှားပါးတဲ့ခဲခြစ်လက်ရာတွေကို စုစည်းပြသပေးမှာဖြစ်ပါတယ်။ ခဲခြစ်ပန်းချီကားတွေက နည်းနည်းတော့ရှားသွားပြီ။ ဈေးကွက်မှာ စုဆောင်းသူနည်းတဲ့အတွက် သိပ်မရေးကြတော့ဘူး။ ဒါပေမဲ့ အခုပြမဲ့ပန်းချီကားတွေက ဈေးကွက်အတွက်မဟုတ်ဘဲ သူတို့စိတ်ကြိုက်ဖန်တီးထားတာဖြစ်လို့ ဝယ်ယူစုဆောင်းမယ်ဆိုရင် အကျိုးအမြတ်ရှိပါတယ်"ဟု ဒေါ်ကေဇာဦးက ပြောပြသည်။



အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆×၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈×၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားအစုံပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းအနေဖြင့် အနည်းဆုံး ငွေကျပ်ငါးသိန်းမှ အများဆုံး ငွေကျပ် ၁၅ သိန်းထိ ရှိကြောင်း သိရသည်။

ASH

## Rotten Tomatoes ၏ ရုပ်ရှင်ဆုရဇာတ်ကားများစာရင်း ထွက်ပေါ်

**နယူးယောက် ဇန်နဝါရီ ၁၆**

အမေရိကန်ရုပ်ရှင်နှင့် ရုပ်သံသုံးသပ်ရေးဝက်ဘ်ဆိုက်တစ်ခုဖြစ်သော Rotten Tomatoes ၏ ရွှေအာလူးရုပ်ရှင်ဆုရ (Golden Tomato Awards) ဇာတ်ကားများစာရင်းထွက်ပေါ်လာပြီဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဇန်နဝါရီ ၁၅ ရက်တွင် ရေးသားတင်ပြထားသည်။

Rotten Tomatoes ၏ ၂၀၂၂ ခုနှစ် အကောင်းဆုံးအက်ရှင်စွန့်စားခန်းရုပ်ရှင်ဆုကို Paramount ၏ Top Gun: Maverick ဇာတ်ကားက ရရှိခဲ့သည်။

၂၀၂၂ ခုနှစ် အကောင်းဆုံးဟာသဇာတ်ကားဆုကို The Banshees of Inisherin ဇာတ်ကားကလည်းကောင်း၊ အကောင်းဆုံးဒရာမာဇာတ်ကားဆုကို Happening ဇာတ်ကားကလည်းကောင်း ရရှိခဲ့သည်။

Rotten Tomatoes ၏ ၂၀၂၂ ခုနှစ် အကောင်းဆုံး ထိတ်လန့်သည်းဖိုဇာတ်ကားဆုကို X ဇာတ်ကားကရရှိခဲ့ပြီး အကောင်းဆုံးသိပ္ပံဇာတ်ကားဆုကို Everything Everywhere All at Once ဇာတ်ကားက ရရှိခဲ့သည်။

Netflix ကုမ္ပဏီ၏ Glass Onion: A Knives Out Mystery ဇာတ်ကားက Rotten Tomatoes ၏ အကောင်းဆုံးလျို့ဝှက်ဆန်းကြယ်မှုခင်းဇာတ်ကားဆုကို ရရှိခဲ့ကြောင်း သိရသည်။

KKO




## Channel K ရုပ်သံလိုင်းတွင် ပြသမည့် ရင်ခုန်သံ FM ဇာတ်လမ်းတွဲ ရန်ကုန်မြို့တွင် ရိုက်ကူးလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၁၆**

Channel K အခမဲ့ရုပ်သံလိုင်းတွင် ပြသမည့် ရင်ခုန်သံ FM အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲကို ဇန်နဝါရီလပထမပတ်မှစတင်၍ ရန်ကုန်မြို့တွင် ရိုက်ကူးလျက်ရှိကြောင်း အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်နေသည့် သရုပ်ဆောင် လီလီကျော်ခိုင်က ပြောပြ၍ သိရသည်။

ရင်ခုန်သံ FM အမည်ရှိ ရုပ်သံဇာတ်လမ်းတွဲသည် ဇာတ်လမ်း၊ ဇာတ်ညွှန်း ညမွှေးပန်း၏ ဇာတ်လမ်းကို ဒါရိုက်တာ ဝေယံမေက ပုံဖော်ရိုက်ကူးလျက်ရှိရာ AGE Creative ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်နေခြင်းဖြစ်ပြီး Channel K ရုပ်သံလိုင်းတွင် မေလနှင့် ဇွန်လအတွင်းထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲကတော့ Channel K ရုပ်သံလိုင်းမှာ ထုတ်လွှင့်ပြသမှာပါ။ ဇန်နဝါရီလ ပထမပတ်က မဟာဝိဇယဘုရားမှာ ကန်တော့ပွဲပေးပြီးတော့ စတင်ရိုက်ကူးနေပါပြီ။ ဇာတ်လမ်းအကြောင်းအရာကတော့ FM အသံလွှင့်ရုံအတွင်းက အချစ်ဇာတ်လမ်းလေးတစ်ပုဒ်ဖြစ်ပါတယ်။ သာမန်အချစ်ဇာတ်လမ်းလိုမျိုးမဟုတ်တဲ့အတွက် စိတ်ဝင်စားစရာကောင်းတဲ့အလှည့်အပတ်တွေနဲ့ ကြည့်ကောင်းမဲ့ ဒရာမာဇာတ်လမ်းတစ်ပုဒ်လို့ ပြောလို့ရပါတယ်"ဟု သရုပ်ဆောင် လီလီကျော်ခိုင်က ပြောပြသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် အောင်မင်းခန့်၊ ဗညားဘုန်းပြည့်၊ လီလီကျော်ခိုင်၊ မေသစ်လွင်၊ ရန်ရန်း၊ မေဘရဏီ၊ ဒေါင်းဝေ၊ ဦးရွှေမိုး၊ ဟန်နီခေတ်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing takes part in special meeting on development of Naga Self-Administered Zone



Senior General Min Aung Hlaing addresses special meeting on development of Naga Self-Administered Zone.

**Nay Pyi Taw January 16**

A special meeting on development of Naga Self-Administered Zone was held at the Malataung Sports Stadium in Lahe at the Zone this morning. Chairman of State Administration Council Prime Minister Senior General Min Aung Hlaing discussed matters relating to regional development.

Also present together with the Senior General were SAC Joint Secretary Lt-Gen Ye Win Oo, SAC members General Mya Tun Oo and Jeng Phang Naw Taung, Union ministers U Win Shein, U Hla Moe, U Thaung Han, Dr Nyunt Pe, Dr Thet Khaing Win, Sagaing Region Chief Minister U Myat Kyaw, senior military officers from Office of Commander-in-Chief, Chairman of Management Committee of Naga-Self-Administered Zone U Tun Tun Win, zone and township officials of Lahe, Leshe and Nanyun townships, official of Naga Traditional Literature and Culture Committee, MSME entrepreneurs of the Zone and local elders.

**Regional facts, development undertakings and requirements**

The region chief minister reported on regional facts, annual financial assistance for Naga zone development, provision of solar panels for rural electrification, assistance and buildings provided for education, health and religion, provision of necessary assistance for farm mechanization, sector-wise loans from national economic development funds for development of Naga area, support for MSME development, Chairman of Management Committee of Naga-Self-Administered Zone U Tun Tun Win on Naga races living in the Zone, Pankin project to issue NRCs, enumeration tours, development of farming, edible crop cultivation, electricity requirements, transport development.

Official of the respective Naga Traditional Literature and Culture Committees of Lahe, Leshe and Nanyun townships reported on requirements for regional development, which included land shortages encountered in celebrating annual Naga New Year festivals, and requirements for education, sports, communication and transport development.

**Discussions to fulfil requirements**

As regards the reports, the Senior General said a sports stadium with stands and running tracks will be built in the Naga area. When completed locals should properly maintain the facility. As the festivals are no daily activities, instead of designating a specific land plot for them, movable stand system should be used. Plans to build half-open dams instead fully blocked dams will be considered to generate power and ensure constant water supply. A goal has been set to complete Chindwin river bridge (Htamanthi) and a tarred road before the 2025 Naga New Year. Moreover, Leshe-Lahe earth road at the foot of Sarramaeti mountain will be ungraded. As regards education development, a basic education high school where agriculture, breeding and mechanical engineering science is available will be set up in Naga region. Later, students of the school will have the opportunity to pursue the science at an institute.

**Discussion of MSME operations and requirements**

Kari Fine dried meat entrepreneur Daw Alin Thay and Memory traditional clothing entrepreneur Daw Cherry Pan reported on efforts for sale of dried meat to local and foreign markets, electricity needs for business operations for further development, promotion of traditional businesses to maintain the culture and extension of businesses with capitals for MSME development.

**Discussion of sector-wise businesses**

The Union ministers explained the disbursement of State loans for the improvement of MSMEs, the need for correct operations and success, the need to contact the relevant regional departments as the relevant ministries will provide capital and technical help, feasibility study on natural resources to generate electricity in the Naga region, and measures for education promotion, healthcare services and ensuring enough health staff in the region.

**Discussions and actions required for regional development**

The Senior General said he was very glad to be invited to the Naga New Year Festival 2023 and attend it. He said the government is making visits to various regions and states for nationwide development efforts. In response to the requirements, necessary measures are being taken. Focus has already been on the development of the Naga region since before coming to the festival. As discussions of regional development with the local people are beneficial and effective such a special meeting was arranged with the aim of hearing reports and fulfilling the needs for regional development.

There are a lot of factors for the development of a region. Particularly, it is about food security and abundance. It is learnt that the Naga region has rice sufficienc . Therefore, effort must be made to increase cultivation acreage and per-acre yield. However, being a hilly area, the region has difficulty extending cultivation acreage. Besides more efforts to boost rice production, the region can engage in yam cultivation. Land preparations must be systematic to increase per-acre yield. Attention should be paid to staircase-style highland farming rather than hillside cultivation to ensure local self-sufficien . Regarding livestock breeding, there should be modern methods rather than conventional ones, and businesses will thrive more benefitin the region. In conducting agricultural and livestock businesses, it is important to acquire good strains, fertile soil and enough nutrients for animals.

Efforts must be made for local food sufficiency under the leadership of the leading body of the self-administered zone. Similarly, it is necessary to boost the manufacturing of local products and to promote the manufacturing of products for the long term. Tea cultivation must be carried out as a main local product. Efforts must be made to cultivate tea and coffee as major local products and cultivation of oranges and other fruits and vegetables must be expanded. Production of local products must be boosted. The government will continue to carry out tasks for development of transportation in the self-administered zone.

**Health and education**

Incomes can be earned only when there are production businesses and local residents and the region can enjoy economic development when local residents earn incomes. Health is essential to work for a living and to study education. Having visited the self-administered zone in 2015 together with former President U Thein Sein and learnt that there was a shortage of health workers in the Naga Self-administered Zone based on reports of officials, I have sent medical office from the Tatmadaw to station hospitals and clinics in remote areas in Sagaing Region, Chin State and Naga Self-administered Zone to perform duties. Health is important and other tasks can be carried out successfully only when one is healthy. To be healthy, healthcare services must be made available and it is necessary for individuals to adopt healthy lifestyles. There are educational disadvantages in the self-administered zone but the situation has improved to some extent. All students in the zone must complete middle school education at least.

*See Page 13*

# SAC Chairman Prime Minister Senior General Min Aung Hlaing meets officers, oth ranks, families from local battalion in Lahe, Homalin station



Senior General Min Aung Hlaing meets Tatmadaw members and families in Lahe.

**Nay Pyi Taw January 16**

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by Commander-in-Chief (Navy) Admiral Moe Aung, Commander-in-Chief (Air) General Tun Aung, senior military officers from the Office of the Commander-in-Chief, the commander of North-West Command and officials separately met officers, other ranks and families of the local battalion in Lahe and Homalin station of North-West Command this afternoon.

**Political progress**

At the meetings, the Senior General made speeches, saying that Lahe is a far-flun area, and he expressed his heartfelt feeling of taking pride for military personnel in serving duties in the remote areas. The Senior General expressed his delightedness at meeting with officers other ranks and families of the local battalion in Lahe and those from Homalin station again. The Senior General then explained political changes in successive eras in Myanmar, political declaration of the state of emergency depending on the situations and serving of the Tatmadaw on State responsibilities, crises in Covid-19 pandemic and violent incidents triggered by instigations of those who wished to gain political profit, controlling all measures under the law, development of the nation and implementation of the policies and objectives for restoring peace and stability.

The Senior General continued to say that before Tatmadaw served the State responsibilities, the State economy had declined. Impacts of Covid-19 also triggered the State economy to decline similar to that of global countries. The government strived for economic growth of the State amid crises and difficultie in various ways, encouraging domestic production. As encouragement was given to operating the manufacturing based on agriculture and livestock farms and micro, small and medium scale enterprises, the country's economy has secured improvement to some extent at present.

**Efforts fo building powerful and capable battalions**

The Senior General noted that the primary duty of the Tatmadaw is to discharge the duties of defending the State. To do so, these military units must have military, organizational and administrative capacity. As such, all need to take training for improvement of capability and it is necessary to always improve the Tatmadaw to have higher capacity. If all Tatmadaw members try hard to have individual improvement with proper lifestyle in a systematic system, these military units will be capable. Hence, all officers and other ranks need to systematically take practices for shaping a capable military unit. Moreover, they have to cooperate with relevant departments and local people in carrying out development of the region in unity. They all have to emphasize a fair administrative system for providing entitlement and rights for Tatmadaw members so as to build unity in the military unit.

**Self-control for improvement of social life**

The Senior General underscored that Tatmadaw members need to control indulgence on drinking which cannot bring any benefit to their lives with self-control activities. They all need to avoid cigarette and chewing betel quid which can harm their health conditions. As the Tatmadaw arranges convenience for accommodation and food supplies, they need to strive for successful operation of military own and manageable scale agriculture and livestock farms. Those Tatmadaw members are to systematically live at their housings as the Tatmadaw has fulfilled the needs of clothing and shelter. As the Tatmadaw has fulfilled basic needs for Tatmadaw members and families in individuals as much as it can, they all need to uplift their lives.

The Senior General urged all to read books and publications on general knowledge contributing to improvement of their lives. Libraries of regiments and units have been fulfilled with books. Encouragement must be given to offspring to have improvement of education qualification. If so, they will have the chance to improve themselves. They all should try to be good parents by encouraging education of children and giving education legacy to them.

The Senior General presented foodstuffs for officers, other ranks and families through official of relevant stations.

After the meetings, the Senior General and party cordially greeted officers, other ranks and families and fulfilled their requirements.

100



Senior General Min Aung Hlaing cordially converses with families in Homalin.

---

*From Page 12*

The government will take measures to employ educational staff for the zone. To improve the knowledge and technical skills of local residents, it is necessary to promote education. To promote education, the government has given priority to educational development tasks and plans are underway to carry out educational development tasks in the zone, efforts must be exerted so that all offspring of local residents are educated.

As there were irregularities in the 2020 general election, the Tatmadaw repeatedly urged relevant government authorities to settle disputes but they failed to settle the disputes in accordance with the law. As a result, the Tatmadaw had to declare a state of emergency and assume the responsibilities of the state. During the performance of duties, supporters of the NLD staged violent demonstrations to undermine the stability of the state. The Tatmadaw has assumed the responsibilities of the state in accordance with the law and measures are being taken for stability and development of the country in accordance with the law.

**Efforts will be made t supply adequate electricity for Naga Self-administered Zone**

Plans are underway to increase the electricity generation in Lahe. Electricity will be generated in Leshi by using wind power and measures will be taken to generate electricity in Namyun. As the government has been carrying out regional development tasks, local residents are required to make concerted efforts. As the government needs revenues to carry out development tasks and revenues for the government will increase if local products can be manufactured, efforts must be exerted. As the government will offer assistance necessary for agriculture, livestock breeding and manufacturing businesses, relentless effort must be exerted without fail for the development of all such businesses.

Then, the Senior General presented gifts for staff at the self-administered zone level to zone administrator U Nay Min Thu and for staff at the township level to chairman U Zarni Win of the township administration.

Afterward, the Senior General and party cordially greeted the attendees.

Then, the Senior General inspected the feasibility of upgrading the sports ground in Lahe into a stadium complete with a stand and running tracks and gave necessary instructions on requirements reported by officials.

100

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing visits Theravada Buddhist Missionary (Central) School and the Theravada Buddhist Missionary Nunnery in Lahe and make donations in cash and kind


Senior General Min Aung Hlaing presents offertories to a Sayada

**Nay Pyi Taw January 16**

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing, accompanied by the members of the trip, the Chief Minister of Sagaing Region, the Commander of North-West Command, the Chairman of Naga Self-Administered Zone Administration Body and official went to the Theravada Buddhist Missionary (Central) School and the Theravada Buddhist Missionary Nunnery in Lahe this morning and made donations in cash and kind.

Firstly, the Senior General and party arrived at the Theravada Buddhist Missionary (Central) School and paid homage to the Presiding Sayadaw Saddhamma Zotikadhaka Bhaddanta Sumana and monks. Then, the Senior General made queries on matters on propagation of the Sasana and children's learning of education and made donations in cash and kind. The Senior General also donated Ks 5 million for the teachers who discharge duties at the Theravada Buddhist Missionary (Central) School.

Afterwards, the Senior General took a tour of the Buddhist missionary school and gave instructions to local officials on long-term durability and existence of the school and measures to be taken constantly for keeping the school campus clean.

Then, the Senior General and party arrived at Theravada Buddhist Missionary Nunnery and paid homage to Buddhist Nun Daw Pyinnya Theingi and Buddhist nuns. The Senior General made queries on matters of the Sasana and education and made donations in cash and kind.

Later, the Senior General took a tour of the Buddhist missionary nunnery and fulfilled the needs. The Senior General also gave necessary instructions to the officials for long-term durability and existence of the nunnery. 100


Senior General Min Aung Hlaing presents donations for nuns.

## Myanmar, China to jointly enhance tourism, gems, agricultural produce sectors

**Nay Pyi Taw January 16**

Myanmar and China decided to cooperate in enhancement of tourism gems and agricultural produce sectors with increased investment between them, said deputy director U Htet Aung Win of the Trade Development Branch of the Myanmar Trade Promotion Organization under the Ministry of Commerce.

The Myanmar-China Chamber of Commerce of the Ministry of Commerce and the government of Chongqing Province will cooperate in increasing investments for tourism, gems and trade sectors.

"Primarily, the Dazu district authorities of Chongqing Province in China and the Myanmar Ministry of Commerce together with the Myanmar-China Chamber of Commerce will cooperate among them in bilateral cooperation in tourism, gems and agricultural produce expos. Chongqing Province is booming in economy with development of tourism sector. As people of Chongqing province are used to travel various parts of the world including Asia, it will be a great market for Myanmar. Then, Myanmar's jade products, jewellery and wooden sculptural works will have a tremendous market," he explained.

After resumption of Myanmar's tourism sector, a large number of Chinese tourists enter Myanmar, followed by those from Thailand.

ASH

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

## Nepal plane crash: Pilot didn't report anything untoward, official sa

**Kathmandu January 16**

The pilot of the flight that crashed in Nepal did not report "anything untoward" as the plane approached the airport, a spokesman said.

Anup Joshi said that the "mountains were clear and visibility was good", adding there was a light wind and "no issue with weather".

There were 72 passengers and crew aboard the Yeti Airlines flight from Kathmandu to the tourist town of Pokhara which crashed on Sunday.

No one is believed to have survived.

It is the country's deadliest plane crash in 30 years.

On Monday, fragments of the Yeti Airlines plane were scattered across the riverbank, on both sides, like pieces of a broken toy.

One portion of the aircraft lay on its side, the windows still intact. A few metres away, blue airline seats, now mangled.

The thick stench of smoke hung in the air, the scorched grass on the bank a reminder of the fireball that engulfed the aircraft after it crash landed.

Mobile phone footage showed the plane rolling sharply as it approached the runway. It then hit the ground in the gorge of the Seti River, just over a kilometre from the airport.

BBC

# ဟုမ္မလင်းခရိုင်နှင့် ခန္တီးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၈၄ ဧက စိုက်ပျိုးပြီးစီး



၂၀၂၂ ခုနှစ် မိုးကာလကစိုက်ပျိုးခဲ့သည့် ဖူးစားပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**မုံရွာ ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်နှင့် ခန္တီးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြ၍ သိရသည်။

ဟုမ္မလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၆၈၅ ဧကနှင့် ခန္တီးခရိုင်တွင် ဧက ၃၀၀ တို့ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၅၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းရာသီကာလ ဟုမ္မလင်းခရိုင်နဲ့ ခန္တီးခရိုင်တို့မှာ ဖူးစားပြောင်းသီးနှံဧက ၉၀၀ ကျော် စိုက်ပျိုးဖို့လျာထားတယ်။ ကနေ့ထိ ဧက ၅၀၀ ကျော်လောက်စိုက်ပြီးသွားပြီ။ ဆက်လက်လဲ စိုက်ပျိုးနေကြတယ်။ ဖူးစားပြောင်းသီးနှံစိုက်ပျိုးမှုကတော့ တစ်နှစ်ထက်တစ်နှစ်တိုးလာသလို အောင်မြင်ဖြစ်ထွန်းနေပါတယ်"ဟု တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ယခုနှစ် ဟုမ္မလင်းခရိုင်နှင့်ခန္တီးခရိုင်တွင် ဖူးစားပြောင်းသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ဟုမ္မလင်းခရိုင် ဟုမ္မလင်းမြို့နယ်တွင် ၁၈၄ ဧက၊ မိုပိုင်းလွတ်မြို့တွင် ဧက ၅၀ စုစုပေါင်း ၂၃၄ ဧကနှင့် ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ဧက ၃၅၀ စုစုပေါင်း ၅၈၄ ဧကတို့ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# ပန်းတောင်းမြို့နယ် မြောင်ရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ပန်းတောင်း ဇန်နဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြောင်ရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးအောင်၊ ပြည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးဟန်မြင့်ထွန်း၊ ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်အေးအေးမာနှင့် ဝန်ထမ်းများက မြောင်ရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော နေကြာစိုက်ပျိုးနေမှုနှင့် လအလိုက်ပြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခဲ့ကြကြောင်း သိရသည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ကော်မတီဝင်များနှင့်တွေ့ဆုံပြီး ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးအောင်က (ဆီထွက်သီးနှံ) နေကြာစိုက်ပျိုးနေမှုများနှင့်ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးပြောကြားခဲ့သည်။

ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ) စိုက်ပျိုးလုပ်ကိုင်နိုင်ရန်အတွက် မြောင်ရှည်ကျေးရွာအပါအဝင် စုစုပေါင်းကျေးရွာလေးရွာမှ အသင်းသား၊ အသင်းသူ ၂၂၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ်သိန်း ၆၀၀ ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစ၍ ပထမအကြိမ်အဖြစ် ထုတ်ချေးပေးထားကြောင်း ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**မင်းမြင့်မိုရ်**

# အောင်လံမြို့နယ် ကိုင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**အောင်လံ ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကိုင်းစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ် ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဓမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသီအောင်က ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အောင်လံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ကေသီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ အောင်လံမြို့နယ် ကိုင်းစုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦးကို ငွေကျပ်သိန်း ၁၈၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦးကို ငွေကျပ် ၇၄ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦးကို ငွေကျပ် ၈၆ သိန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦးကို ငွေကျပ် ၃၆ သိန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၁၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၇၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **မြူလေး**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၁၆-၁-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၂၈၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၀၀၀၀၀ |
| **(ခွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **ဓားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **ကော်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၄၆၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၅၄၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၀၈၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၈၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၄၅ |
| **(သာ ကော်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟုမ္မလင်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

သီးခြားစီတွေ့ဆုံအမှာစကားပြောကြားသည်။

**နိုင်ငံရေးဖြစ်စဉ်ပြောင်းလဲမှု**

ထိုသို့ တွေ့ဆုံအမှာစကားပြောကြားရာ၌ လဟယ်ဒေသသည် ဝေးလံသည့်ဒေသတစ်ခုဖြစ်ပြီး ဝေးလံခေါင်ဖျားသည့်ဒေသတွင် တာဝန်ထမ်းဆောင်မှုအတွက် ဂုဏ်ယူပါကြောင်း၊ လဟယ်ဒေသရှိ နယ်မြေခံတပ်နှင့် ဟုမ္မလင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ထပ်မံတွေ့ရှိရသည့်အတွက် ဝမ်းမြောက်ပါကြောင်းဖြင့် ဦးစွာပြောကြားပြီး မြန်မာနိုင်ငံ၏ ခေတ်အဆက်ဆက် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲခဲ့မှုအခြေအနေများ၊ နိုင်ငံတော်တွင် ဖြစ်ပေါ်လာခဲ့သည့် အခြေအနေများအရ နိုင်ငံတော်ကို နိုင်ငံရေးအရအရေးပေါ်အခြေအနေကြေညာခဲ့ပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှုအခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့ရသည့် အကျပ်အတည်းများနှင့် နိုင်ငံရေးအမြတ်ထုတ်လိုသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ် ဖြစ်ရပ်များကို ဥပဒေနှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်နေမှုအခြေအနေများနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်တာဝန်များ ထမ်းဆောင်ခြင်းမပြုမီအချိန်ကတည်းကပင် နိုင်ငံတော်၏ စီးပွားရေးမှာ ကျဆင်းလျက်ရှိသကဲ့သို့ ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုကြောင့်လည်း ကမ္ဘာ့နိုင်ငံများတွင် စီးပွားရေးကျဆင်းမှုနှင့်အတူ မိမိတို့နိုင်ငံသည်လည်း စီးပွားရေးကျဆင်းခဲ့ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခက်အခဲ၊ အကျပ်အတည်းများကြားမှ နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၏ **အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများနှင့် အသေးစား၊ အလတ်စားနှင့် အငယ်စား(MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ခြင်းကြောင့် လက်ရှိအချိန်တွင် နိုင်ငံ၏စီးပွားရေးသည် အတိုင်းအတာတစ်ခုအထိ တိုးတက်လာပြီဖြစ်**ကြောင်း။

**စွမ်းရည်၊ စွမ်းအားရှိသည့် တပ်များဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်**

**တပ်မတော်၏ မူလတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ခြင်းပင်ဖြစ်**ကြောင်း၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် စွမ်းရည်သုံးရပ်ဖြစ်သည့် စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်နှင့် အုပ်ချုပ်ရေးစွမ်းရည်များ ပြည့်ဝနေရန်လိုကြောင်း၊ စွမ်းရည်များ တိုးတက်စေရေးအတွက် အမြဲလေ့ကျင့်နေရမည်ဖြစ်ပြီး စွမ်းအားများတိုးတက်စေရေးအတွက်လည်း တပ်မတော်ကို အဆင့်မြှင့်တင်ခြင်းများ အမြဲမပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဦးချင်းစွမ်းရည်များတိုးတက်စေရန်အတွက် ဝတ်စားဆင်ယင်မှု၊ နေထိုင်မှု၊ သွားလာမှုများကို စနစ်တကျဖြင့် ဆောင်ရွက်မည်ဆိုပါက စွမ်းရည်ရှိသည့်တပ်ဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး စနစ်တကျဖြင့် နေထိုင်ဆောင်ရွက်ပြီး စွမ်းရည်ရှိသည့် တပ်တစ်ခုဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထို့ပြင် ဒေသခံတပ်များဖြစ်သည့်အတွက် ဒေသတွင် တာဝန်ထမ်းဆောင်နေသည့် ဌာနဆိုင်ရာများ၊ ဒေသခံများနှင့်အတူတကွ ပူးပေါင်း၍ စည်းလုံးညီညွတ်စွာဖြင့် ဒေသ၏ ကောင်းရာကောင်းကျိုးများကိုလည်း စွမ်းဆောင် ပေးနိုင်ရမည်ဖြစ်ကြောင်း၊

> တပ်မတော်၏ မူလတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ခြင်းပင်ဖြစ်၊ တပ်တွင်းစည်းလုံးညီညွတ်ရေးအတွက်လည်း အထက်အောက်ညီညွတ်မှုတသည့် အုပ်ချုပ်မှုပုံစံနှင့် စစ်သည်များ၏ရပိုင်ခွင့်နှင့် အခွင့်အရေးများကို ပြည့်ဝစွာရရှိစေရေးဆောင်ရွက်ပေးရမည်ဖြစ်၊ သားသမီးများ၏ ပညာရည်မြင့်မားရေးအတွက် အားပေးဆောင်ရွက်၍ မိဘကောင်းများဖြစ်အောင် ဆောင်ရွက်ကြစေလိုပြီး ကောင်းမွန်သည့်ပညာအမွေကို ပေးနိုင်ရမည်ဖြစ်...

**တပ်တွင်း စည်းလုံးညီညွတ်ရေးအတွက်လည်း အထက်အောက်ညီညွတ်မှုတသည့် အုပ်ချုပ်မှုပုံစံနှင့် စစ်သည်များ၏ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို ပြည့်ဝစွာရရှိစေရေး ဆောင်ရွက်ပေးရမည်ဖြစ်**ကြောင်း။

**မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ပြီး လူမှုဘဝတိုးတက်ရေး ဆောင်ရွက်ကြရမည်**

ထို့ပြင် မိမိဘဝအတွက်အကျိုးမရှိသည့် အရက်သေစာ သောက်စားခြင်းများကိုလည်း တတ်နိုင်သမျှအသိတရားဖြင့် ထိန်းသိမ်းကြရန်လိုကြောင်း၊ အလားတူ ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် ဆေးလိပ်နှင့် ကွမ်းသုံးစွဲမှုများကိုလည်း ရှောင်ကြဉ်ကြရန်လိုကြောင်း၊ နေထိုင်စားသောက်မှုများ အဆင်ပြေစေရေးအတွက် တပ်မတော်မှ စီမံဆောင်ရွက်ပေးထားသကဲ့သို့ **တပ်ပိုင်စိုက်ပျိုးမွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုလည်း အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်ကြရန်လို**ကြောင်း၊ ဝတ်ရေးနှင့်နေရေးအတွက်လည်း

**စာမျက်နှာ ၁၉ သို့**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဟုမ္မလင်းတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လဟယ်မြို့ရှိ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လဟယ်မြို့ရှိ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်ရာ စစ်သည်မိသားစုဝင်တစ်ဦးက လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လဟယ်မြို့ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ဖြည့်ဆည်း ဆောင်ရွက်ပေးထားပြီးဖြစ်သဖြင့် မိမိတို့နေထိုင်သည့် နေအိမ်များရေရှည်တည်တံ့ရေးအတွက်လည်း စည်းကမ်းစနစ်တကျဖြင့် ထိန်းသိမ်းနေထိုင်သွားရန်လိုကြောင်း၊ **တပ်မတော်မှ စစ်သည်၊ မိသားစုတစ်ဦးချင်းစီ၏ အခြေခံလိုအပ်ချက်များကို တတ်နိုင်သရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်သဖြင့် မိမိဘဝကို မိမိမြှင့်တင်ရန် မိမိကိုယ်တိုင်ကြိုးစားအားထုတ်ရမည်ဖြစ်**ကြောင်း။

မိမိတို့ဘဝတိုးတက်ရေးကို အထောက်အကူပြုစေမည့် ဗဟုသုတများရရှိစေရန် စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာနေရန်လိုကြောင်း၊ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးရှိ စာကြည့်တိုက်များ၌ စာအုပ်စာစောင်များ အမြဲမပြတ်ရရှိစေရန် စီမံဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ **ဘဝတိုးတက်စေရေး အမြဲမပြတ်ကြိုးပမ်းဆောင်ရွက်နေကြရန်လို**ကြောင်း၊ မိမိတို့သားသမီးများ၏ ပညာရည်မြင့်မားရေးအတွက်လည်း အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ ၎င်းတို့၏ ဘဝတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ကြမည်ဖြစ်ကြောင်း၊ **သားသမီးများ၏ ပညာရည်မြင့်မားရေးအတွက် အားပေးဆောင်ရွက်၍ မိဘကောင်းများဖြစ်အောင် ဆောင်ရွက်ကြစေလိုပြီး ကောင်းမွန်သည့် ပညာအမွေကို ပေးနိုင်ရမည်ဖြစ်**ကြောင်း ဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ သက်ဆိုင်ရာတပ်နယ်အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏တင်ပြချက်များကို လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း လဟယ်မြို့နယ် ပြည်သူ့ဆေးရုံနှင့် ဟုမ္မလင်းပြည်သူ့ဆေးရုံများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၊ ဆေးနှင့်ဆေးပစ္စည်းများ ထောက်ပံ့ပေးအပ်



**နေပြည်တော် ဇန်နဝါရီ ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ စစ်ကိုင်းတိုင်းဒေသကြီးခရီးစဉ်တွင်လိုက်ပါလာသည့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ ကြိုဆိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ပြည်သူ့ဆေးရုံအတွင်း တက်ရောက်ကုသလျက်ရှိသော ဒေသခံပြည်သူများကိုလိုက်လံကြည့်ရှုကာ အားပေးစကားပြောကြားပြီး လိုအပ်သည်များကူညီဆောင်ရွက်ပေးကာ ဆေးရုံရှိ လူနာများအတွက် ဆေးနှင့်ဆေးပစ္စည်းများကိုလည်းကောင်း၊ ဆေးရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဟုမ္မလင်းမြို့ရှိ ခုတင်-၁၀၀ ဆံ့ ပြည်သူ့ဆေးရုံသို့သွားရောက်၍ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လေရှီး၊ ခန္တီး၊ ဟုမ္မလင်းဆေးရုံများအတွက် ဆေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းပြီး အဆိုပါဆေးရုံများတွင်Volunter အဖြစ် လာရောက်တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားဆရာဝန်များအတွက် ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းနှင့် ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်ကျောင်းတို့သို့ သွားရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆွမ်းဆန်တော်၊ ဆီနှင့် စားသောက်ဖွယ်ရာပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က လဟယ်မြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများအတွက် ထောက်ပံ့ငွေကျပ် သိန်း ၅၀ ကို ဆက်ကပ်လှူဒါန်းစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၆**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်၌လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများလိုက်ပါ၍ လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းနှင့် ထေရဝါဒဗုဒ္ဓသာသနာပြု သီလရှင်ကျောင်းတို့သို့သွားရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းသို့ရောက်ရှိကြပြီး ကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုမန အမှူးပြုသည့် သံဃာတော်များကို ဖူးမြော်ကြည်ညိုသည်။ ထို့နောက် သာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာများ၊ ကလေးငယ်များ ပညာသင်ကြားရေးဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည်များကို မေးမြန်းလျှောက်ထားပြီး နဝကမ္မအလှူတော်ငွေများ၊ ဆွမ်းဆန်တော်၊ ဆီနှင့် စားသောက်ဖွယ်ရာပစ္စည်းများနှင့် လဟယ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို) ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၅၀ တို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှု၍ ကျောင်းရေရှည်တည်တံ့ခိုင်မြဲရေး၊ သန့်ရှင်းသာယာမှု ရှိစေရေးတို့အတွက် အမြဲမပြတ်ဆောင်ရွက်ပေးနိုင်ရေး နယ်မြေခံ တာဝန်ရှိသူများကို မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထေရဝါဒဗုဒ္ဓသာသနာပြု သီလရှင်ကျောင်းသို့ ရောက်ရှိကြပြီး သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး ဒေါ်ပညာသိဂီနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများကို ဖူးမြော်ကြည်ညိုသည်။ ယင်းနောက် သာသနာရေးဆိုင်ရာများ၊ ပညာသင်ကြားရေးဆိုင်ရာများနှင့်သီလရှင်ကျောင်းအတွက် လိုအပ်ချက်များကို မေးမြန်းလျှောက်ထားကာ နဝကမ္မအလှူတော်ငွေများ၊ ဆွမ်းဆန်တော်၊ ဆီနှင့် စားသောက်ဖွယ်ရာပစ္စည်းများ၊ သီလရှင်ဝတ်စုံများကို ဆက်ကပ်လှူဒါန်းသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ထေရဝါဒဗုဒ္ဓသာသနာပြုသီလရှင်ကျောင်းဝင်းအတွင်းနှင့် ဆွမ်းစားဆောင်တို့ကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ထောက်ပံ့လှူဒါန်းပေးခဲ့ကြောင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့် ထိန်းသိမ်းမှုများ ဆောင်ရွက်ပေးရန် တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။



သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးထံ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆွမ်းဆန်တော်၊ ဆီနှင့် စားသောက်ဖွယ်ရာ ပစ္စည်းများ၊ သီလရှင်ဝတ်စုံများ ဆက်ကပ်လှူဒါန်းစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတက်ရောက်



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ကျင်းပစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၆**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (ရုံးချုပ်) သိရိရတနာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ တက်ရောက်သည်။

အခမ်းအနားသို့ ဂုဏ်ထူးဆောင်နာယကများဖြစ်သည့် ဒေါ်ခင်သက်ဌေးနှင့် ဒေါ်သန်းသန်းနွယ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ဒုတိယခေါင်းဆောင်များ၊ လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင်များ၊ အတွင်းရေးမှူးများ၊ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးနှင့်ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ၁၉၉၅ ခုနှစ် ဘေဂျင်းကြေညာစာတမ်းအရ အမျိုးသမီးများကို ကဏ္ဍစုံ လုပ်ငန်းနယ်ပယ်အသီးသီး၌ ပါဝင်ခွင့်ရရှိစေရန်နှင့် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားရေး၊ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နိုင်ငံတော်အဆင့် လုပ်ငန်းယန္တရားဖြစ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်က ဖွဲ့စည်းခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အနေဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၌ အဖွဲ့ဝင်အဖြစ် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အသီးသီးတွင် ဖွဲ့စည်းထားသည့် အမျိုးသမီးကော်မတီများမှာလည်း တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၏ လုပ်ငန်းယန္တရားများကို ပိုမိုအသက်ဝင်စေကာ လုပ်ငန်းတာဝန်များ ထိရောက်ကျယ်ပြန့်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီအနေဖြင့် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် အမျိုးသား၊ အမျိုးသမီးတန်းတူညီမျှရေး၊ အမျိုးသမီးများကို ကာကွယ်စောင့်ရှောက်ခြင်း၊ စွမ်းပကားမြှင့်တင်ခြင်းလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး နိုင်ငံတကာအဆင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအနေဖြင့် အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် ၂၀၁၅ ခုနှစ်တွင် ကုလသမဂ္ဂကချမှတ်ခဲ့သော စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များစသည့် နိုင်ငံတကာလုပ်ငန်းအစီအစဉ်များကို နိုင်ငံတော်၏ မူဝါဒနှင့်အညီ အကောင်အထည်ဖော်လျက်ရှိခြင်းဖြစ်ပါကြောင်း၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ၁၇ ရက်ထိ ကျင်းပခဲ့သော (၁၇)ကြိမ်မြောက် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်စည်းအဝေးများ ကျင်းပစဉ်ကာလအတွင်း ချီးမြှင့်ခဲ့သည့် အာဆီယံလူမှုဝန်ထမ်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ထူးချွန်ဆုကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်က ထိုက်ထိုက်တန်တန်ရရှိခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း ၂၀၁၃-၂၀၂၂ (NSPAW) Phase 1 ပါ လုပ်ငန်းစဉ်များဖြစ်သော အမျိုးသမီးများနှင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ မီဒီယာ၊ သဘာဝပတ်ဝန်းကျင်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု၊ အရေးပေါ်အခြေအနေနှင့် ပဋိပက္ခဒေသအတွင်းရှိ အမျိုးသမီးများအတွက် လုပ်ငန်းရပ်များ ဆောင်ရွက်ပေးလျက်ရှိရာမှာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်ကို သိရှိရသည့်အတွက် လိုက်လိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) NSPAW Phase 2 ရေးဆွဲရေးကို ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာဆီယံဆိုင်ရာလုပ်ငန်းများအပါအဝင် လူမှုဝန်ထမ်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ကော်မတီအဖွဲ့ဝင် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ အခန်းကဏ္ဍမှာ များစွာအရေးပါသည်ဖြစ်၍ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီနှင့်အတူ အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် ကျေးလက်ဒေသ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးမှတ်တမ်း ဗီဒီယိုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်၊ ကျေးရွာများကို ဆုချီးမြှင့်ခြင်းအစီအစဉ်ကို ဆက်လက်ပြုလုပ်ခဲ့ရာ ဂုဏ်ထူးဆောင်နာယက ဒေါ်ကြူကြူလှက လွှမ်းခြုံမှုနှင့် စွမ်းဆောင်မှုအကောင်းဆုံးဆုတွင် ပထမဆုရ ရှမ်းပြည်နယ်၊ ဒုတိယဆုရ မကွေးတိုင်းဒေသကြီး၊ တတိယဆုရ ရန်ကုန်တိုင်းဒေသကြီးနှင့် အထူးဆုရ ချင်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ကိုယ်စားလှယ်များကို လည်းကောင်း၊ ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးက လွှမ်းခြုံမှုအကောင်းဆုံးဆုတွင် ပထမဆုရ ကချင်ပြည်နယ်၊ ဒုတိယဆုရစစ်ကိုင်းတိုင်းဒေသကြီး၊ တတိယဆုရမွန်ပြည်နယ်နှင့်အထူးဆုရ နေပြည်တော်ကောင်စီနယ်မြေတို့မှ ကိုယ်စားလှယ်များကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ်က စွမ်းဆောင်မှုအကောင်းဆုံးဆုတွင် ပထမဆုရဧရာဝတီတိုင်းဒေသကြီး၊ ဒုတိယဆုရ ကရင်ပြည်နယ်၊ တတိယဆုရ ရခိုင်ပြည်နယ်နှင့် အထူးဆုရ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်း ဒေသကြီးတို့မှ ကိုယ်စားလှယ်များကိုလည်းကောင်း၊ နာယကဒေါ်နီနီဝင်းက စဉ်ဆက်မပြတ်စွမ်းဆောင်မှု အကောင်းဆုံးဆုတွင် ပထမဆုရ ရန်ကုန်တိုင်းဒေသကြီး၊ ဒုတိယဆုရ ရှမ်းပြည်နယ်၊ တတိယဆုရ မွန်ပြည်နယ်နှင့် အထူးဆုရ မန္တလေးတိုင်းဒေသကြီးတို့မှ ကိုယ်စားလှယ်များကိုလည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှက လွှမ်းခြုံမှုနှင့်စွမ်းဆောင်မှုအကောင်းဆုံးဆုတွင် ပထမဆုရ ရှမ်းပြည်နယ်မှ ကိုယ်စားလှယ်တစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်ခင်သက်ဌေးက လွှမ်းခြုံမှုအကောင်းဆုံးဆုတွင် ပထမဆုရ ကချင်ပြည်နယ်မှ ကိုယ်စားလှယ်တစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။



မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ဒေါ်သန်းသန်းနွယ်က စွမ်းဆောင်မှုအကောင်းဆုံးဆုတွင် ပထမဆုရ ဧရာဝတီတိုင်းဒေသကြီးမှ ကိုယ်စားလှယ်တစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် ဂုဏ်ထူးဆောင်နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှနှင့် ဂုဏ်ထူးဆောင်နာယကများဖြစ်သည့် ဒေါ်ခင်သက်ဌေးနှင့် ဒေါ်သန်းသန်းနွယ်တို့သည် အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး နေ့လယ်ပိုင်း (ပထမပိုင်းအစီအစဉ်)ကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်က အမှာစကားပြောကြားပြီး သဘာပတိအဖြစ် ဆောင်ရွက်သည်။ ဆက်လက်၍ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့များက နှစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို တင်ပြကြပြီး တင်ပြချက်များအပေါ် သဘာပတိက ပြန်လည်သုံးသပ်ခဲ့သည်။

ဆက်လက်၍ အစည်းအဝေးနေ့လယ်ပိုင်း (ဒုတိယပိုင်းအစီအစဉ်)ကို ဆက်လက်ကျင်းပရာ ဒုတိယဥက္ကဋ္ဌ-၁ ဒေါ်တင်တင်လတ်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး တိုင်းဒေသကြီး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့များက နှစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို တင်ပြကြရာ တင်ပြချက်များအပေါ် သဘာပတိက ပြန်လည်သုံးသပ်ခဲ့ကြောင်းနှင့် အဆိုပါ နှစ်ပတ်လည်အစည်းအဝေးကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှ ၁၇ရက်ထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ကယားပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ခရစ်ယာန်ဘုန်းတော်ကြီးကျောင်းများသို့ ဆန်နှင့် ဆီများလှူဒါန်း



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ သွားရောက်၍ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြစဉ်။

**လွိုင်ကော် ဇန်နဝါရီ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင် စောဒန်နီယယ်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ဦးစောထွန်းအောင်မြင့်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် ဒေါက်တာအေးထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် ခရစ်ယာန်ဘုန်းတော်ကြီးကျောင်းများသို့ ဆန်နှင့် ဆီများ လှူဒါန်းကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများသည် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ သွားရောက်ကာ ဆရာတော်ကြီးများကို ဖူးမြော်ကြည်ညိုကြပြီး ပြည်နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာစက္ကာထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့ကို လှူဖွယ်ဝတ္ထု၊ ဆန်နှင့်ဆီများဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ခရစ်တော်ဘုရင်ဘုရားရှိခိုးကျောင်းသို့ ရောက်ရှိပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ခရစ်ယာန်ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆန်နှင့် ဆီများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများက ထောက်ပံ့လှူဒါန်းရာ ခရစ်ယာန်ဘုန်းတော်ကြီးများနှင့် သီလရှင်များက လက်ခံရယူကြသည်။

ယနေ့တွင် ကယားပြည်နယ်အတွင်းရှိ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း ၄၁ ကျောင်းမှ ရဟန်းသာမဏေ ၈၁၆ ပါး၊ သီလရှင်ကျောင်း သုံးကျောင်းမှ သီလရှင် ၁၁၆ ပါးအတွက် ဆန် ၂၃၃ အိတ်နှင့် ဆီ ၄၆၆ ပိဿာ၊ ခရစ်ယာန်ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်း ၄၅ ကျောင်းမှ ဘုန်းတော်ကြီး ၁၅၆ ပါး၊ သီလရှင် ၁၀၂ ပါးအတွက် ဆန် ၆၄ အိတ် ၁၂ ပြည်၊ ဆီ ၁၂၉ ပိဿာတို့ကို လှူဒါန်းခဲ့ရာ စုစုပေါင်း လှူဒါန်းငွေကျပ် ၂၀၈၂၅၀၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် စောဒန်နီယယ် ကယားပြည်နယ်အတွင်းရှိ ခရစ်ယာန်ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ဆန်နှင့် ဆီများ ထောက်ပံ့လှူဒါန်းစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ဘာသာရေးအဖွဲ့ခေါင်းဆောင်များ၊ ပြည်သူ့စစ်ခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအဖွဲ့များနှင့်တွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ ဘာသာရေးအဖွဲ့ခေါင်းဆောင်များ၊ ပြည်သူ့စစ်ခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအဖွဲ့များနှင့် တွေ့ဆုံစဉ်။

**လွိုင်ကော် ဇန်နဝါရီ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ အဖွဲ့ဝင်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဘာသာရေးအဖွဲ့ခေါင်းဆောင်များ၊ပြည်သူ့စစ်ခေါင်းဆောင်များ၊ ငြိမ်းချမ်းရေးအဖွဲ့များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက ကယားပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် စောဒန်နီယယ်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဦးစောထွန်းအောင်မြင့်၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် ဒေါက်တာအေးထွန်းနှင့် ဘာသာပေါင်းစုံမှ ဘာသာရေးအဖွဲ့ခေါင်းဆောင်များ၊ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ခေါင်းဆောင်များ၊ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ နယ်ခြားစောင့်တပ်များမှ ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က ပြည်နယ်အတွင်း ငြိမ်းချမ်းရေးကို အတူတကွ ဝိုင်းဝန်းဖော်ဆောင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးမရှိပါက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလည်း ဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း၊ ပြည်နယ်အတွင်း စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးလုပ်ငန်းများ အဆင်ပြေကောင်းမွန်စေရန်အတွက်လည်း ရပ်ကွက်၊ ကျေးရွာပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ပြည်သူများအနေဖြင့် နိုင်ငံရေးဖြစ်စဉ်များကို သိရှိနားလည်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း၌ ငြိမ်းချမ်းရေးရှိမှ မိမိတို့ပြည်နယ်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင်နှင့် ဦးရွှေကြိမ်တို့က နှုတ်ခွန်းဆက်စကားပြောကြားပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ကယားပြည်နယ်အတွင်းရှိ ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များ၊ ပြည်သူ့စစ်အဖွဲ့များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများကလည်း မိမိတို့၏ ကဏ္ဍများအလိုက် ဆောင်ရွက်ချက်များ၊ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက လက်ရှိဆောင်ရွက်ပေးနေသည့် အခြေအနေများကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များကို နှစ်သစ်ကူးအမှတ်တရလက်ဆောင်ပန်းခြင်းများကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်သူ့စစ်(ဌာနေ)အဖွဲ့များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ နယ်ခြားစောင့်တပ်များနှင့်ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် စောဒန်နီယယ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားသည်။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ပြည်ထောင်စုဝန်ကြီးများနှင့်ပြည်နယ်ဝန်ကြီးချုပ်တို့သည် ယမန်နေ့နံနက်ပိုင်းက KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် ယုတ်မာရက်စက်စွာ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်သဖြင့် သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူအမျိုးသားတစ်ဦး၏မိသားစုဝင်များနေအိမ်နှင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လွိုင်ကော်မြို့ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသည့် အပြစ်မဲ့ကျောင်းသား၊ ကျောင်းသူများ၊ အရပ်သားပြည်သူများကို သွားရောက်ကြည့်ရှု အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲပိတ်ပွဲ ကျင်းပစဉ်။

# မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲပိတ်ပွဲ ကျင်းပပြုလုပ်

**နေပြည်တော် ဇန်နဝါရီ ၁၆**

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲပိတ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် မဟာဇေယျသုခဓမ္မာရုံ၌ ပြုလုပ်ရာ ကချင်ပြည်နယ် သံဃနာယကအကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ ဝန်းသိုကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေတုမာလ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင် နှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဝန်းသိုကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များကို လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဇန်နဝါရီ ၁၂ ရက်မှ ယနေ့ထိ ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို နဝမအကြိမ် ဂုဏ်ပြုချီးမြှင့်ပွဲ ပြုလုပ်



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၆**

မန္တလေးတိုင်းဒေသကြီးအတွင်း တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား နဝမအကြိမ် ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေများ အသီးသီးပေးအပ်ကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး မန္တလေးတိုင်းဒေသကြီးအတွင်း သိမ်းဆည်းရမိသော လက်နက်၊ ခဲယမ်းများ ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

# ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင် အမျိုးသား ကိုးဦးကို ၎င်းတို့၏ မိဘအုပ်ထိန်းသူထံ ထပ်မံလွှဲပြောင်းပေးအပ်



ဥပဒေဘောင်အတွင်းဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင် အမျိုးသား ကိုးဦးကို ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၆**

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များကို ပြန်လည်ကြိုဆိုလက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ယနေ့ နေ့လယ်ပိုင်းတွင်လည်း မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နယ်မြေခံသင်တန်းကျောင်းခန်းမ၌ ပြန်လည်ကြိုဆိုလက်ခံခြင်းအခမ်းအနားကို ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်နှင့် အမရပူရမြို့နယ်တို့အတွင်းရှိ PDF အဖွဲ့ဝင် အမျိုးသားကိုးဦးကို ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူထံသို့ လွှဲပြောင်းအပ်နှံပေးပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြသည်။

PDFအပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့် အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်မည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက်နေ စိုးမင်းဦး(ခ)စမြီအွတ်လွှာသည် ၎င်းအသုံးပြုသည့် "Soe Min Oo" Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ပန်လိုကုန်းကျေးရွာနေ စိုးမင်းထက်(ခ)အုပ်စိုးသည် ၎င်းအသုံးပြုသည့် "Soe Min Htet" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ရခိုင်ချောင်(မြောက်)ကျေးရွာနေ အောင်လွင်သည် ၎င်းအသုံးပြုသည့် "Aung Lwin" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနား ကျင်းပနေစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ယုတ်မာရက်စက်စွာ ပစ်ခတ်တိုက်ခိုက်ခဲ့မှုအပေါ် သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်

**နေပြည်တော်  ဇန်နဝါရီ  ၁၆**

ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမရှေ့၌ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲအခမ်းအနားကို ဒေသခံတိုင်းရင်းသားပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနေစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ဇန်နဝါရီ ၁၅ ရက် နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် လွိုင်ကော်မြို့၏ အရှေ့မြောက်ဘက် မီတာ ၄၀၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် ယုတ်မာရက်စက်သည့်အကြံဖြင့် လူမဆန်စွာပစ်ခတ်တိုက်ခိုက်သဖြင့် အခမ်းအနားကျင်းပရာ ပြည်နယ် ခန်းမအနီးနှင့် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါလက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲမှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ တစ်ဦး သေဆုံးပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တချို့နှင့် ကျောင်းသား၊ ကျောင်းသူ ကလေးငယ် ခြောက်ဦး၊ အပြစ်မဲ့အရပ်သားပြည်သူ နှစ်ဦးတို့ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)နှင့် မြန်မာနိုင်ငံပန်းချီ ပန်းပုအစည်းအရုံး(ဗဟို)တို့က လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

## မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ အဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်**

၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၅ ရက် နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမရှေ့၌ (၇၁)မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲကျင်းပစဉ် KNPP အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့ လူမဆန်စွာပစ်ခတ်ခဲ့ခြင်းကြောင့် လုံခြုံရေးအဖွဲ့ဝင်တချို့နှင့် ကျောင်းသား၊ ကျောင်းသူ ခြောက်ဦး၊ အပြစ်မဲ့ပြည်သူ နှစ်ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး ပြည်သူတစ်ဦး သေဆုံးခဲ့ကြောင်း သတင်းများကို စိတ်မချမ်းမြေ့ဖွယ်ရာ ကြားသိပါသည်။

ထိုကဲ့သို့ အပြစ်မဲ့ပြည်သူများကို ပစ်မှတ်ထား လူမဆန်စွာတိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်ကို မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)အနေဖြင့် လုံးဝလက်မခံနိုင်ကြောင်းနှင့် ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့်**
**နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)**

## မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ သဘောထားထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၆ ရက် တနင်္လာနေ့**

၁။ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက် တနင်္ဂနွေနေ့ နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမရှေ့၌ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို တိုင်းရင်းသားပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနေစဉ် KNPP နှင့် PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ကြီးဖြင့် လူမဆန်စွာပစ်ခတ်တိုက်ခိုက်ခဲ့ရာ ပြည်နယ်ခန်းမအနီးနှင့် လူနေရပ်ကွက်အတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့အရပ်သား တစ်ဦးသေဆုံး၍ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့၊ ကျောင်းသား၊ ကျောင်းသူကလေးငယ် ခြောက်ဦးနှင့် အပြစ်မဲ့အရပ်သား နှစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် ကြားသိရပါသည်။

၂။ ပြည်ထောင်စုဖွား ကယားတိုင်းရင်းသားပြည်သူများ၏ ပြည်နယ်နေ့ အခါသမယတွင် ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သည့် လူစည်ကားရာ နေရာကို အများပြည်သူများ အစုလိုက်အပြုံလိုက် သေကျေဒဏ်ရာရစေရန် အလို့ငှာရည်ရွယ်ချက်ရှိရှိဖြင့် လာရောက်ပစ်ခတ်ခဲ့သည့် အကြမ်းဖက်သမားများ၏ လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့**

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

**၁၃၈၄ ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ ရက်**
**၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်**

၁။ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်(တနင်္ဂနွေနေ့)တွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမတွင် ကယားပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲ အခမ်းအနားကျင်းပနေစဉ် အကြမ်းဖက်သမားအချို့က လက်နက်ကြီးများကိုအသုံးပြု၍ ပစ်ခတ်ဖျက်ဆီးမှုများပြုလုပ်ခဲ့ရာ အဆိုပါအကြမ်းဖက် ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သား ပြည်သူတစ်ဦး သေဆုံးခဲ့ရပြီး အခမ်းအနားတွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေသော ကျောင်းသား၊ ကျောင်းသူ ခြောက်ဦးနှင့် ပြည်သူနှစ်ဦးအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိရပါသည်။

၂။ ယခုလုပ်ရပ်သည် ဒေသခံတိုင်းရင်းသားများ၏ အထိမ်းအမှတ် အခမ်းအနားကို ဖျက်ဆီးလိုသောရည်ရွယ်ချက်အပြင် အပြစ်မဲ့ပြည်သူများကို သေကျေဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ပစ်ခတ်မှုပြုလုပ်ခဲ့ကြောင်း ထင်ရှားသဖြင့် အဆိုပါအကြမ်းဖက်လုပ်ရပ်ကို လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများကို မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)**

## မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး သဘောထားထုတ်ပြန်ချက်

၁။ ဇန်နဝါရီလ ၁၅ ရက် နံနက်ပိုင်း ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမရှေ့ (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ကျင်းပနေစဉ် အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် အကြောင်းမဲ့ပစ်ခတ်ခဲ့ကြောင်း သိရှိရပါသည်။

၂။ ဒေသခံတိုင်းရင်းသားများ၏ အထိမ်းအမှတ်အခမ်းအနားကို ပျက်စီးစေလိုသောလုပ်ရပ်နှင့် အပြစ်မဲ့ပြည်သူများကို သေဆုံးစေရန် ရည်ရွယ်ချက်ဖြင့် ပစ်ခတ်အကြမ်းဖက်သည့်လုပ်ရပ်ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက လက်မခံနိုင်ပါကြောင်းနှင့် ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး**

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

**၁၃၈၄ ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ ရက်**
**၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်**

၁။ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်(တနင်္ဂနွေနေ့)တွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမတွင် ကယားပြည်နယ်နေ့ အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲ အခမ်းအနားကျင်းပနေစဉ် အကြမ်းဖက်သမားအချို့ကလက်နက်ကြီးများကိုအသုံးပြု၍ ပစ်ခတ်ဖျက်ဆီးမှုများပြုလုပ်ခဲ့ရာ အဆိုပါအကြမ်းဖက် ပစ်ခတ်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူတစ်ဦး သေဆုံးခဲ့ရပြီး အခမ်းအနားတွင် ပျော်ရွှင်စွာပါဝင်ဆင်နွှဲနေသော ကျောင်းသား၊ ကျောင်းသူ ခြောက်ဦးနှင့် ပြည်သူနှစ်ဦးအပါအဝင် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ်သိရှိရခဲ့ပါသည်။

၂။ ယခုလုပ်ရပ်သည် ဒေသခံတိုင်းရင်းသားများ၏ အထိမ်းအမှတ် အခမ်းအနားကို ဖျက်ဆီးလိုသောရည်ရွယ်ချက်အပြင် အပြစ်မဲ့ပြည်သူများကို သေကျေဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်ပစ်ခတ်မှုပြုလုပ်ခဲ့ကြောင်း ထင်ရှားသဖြင့် အဆိုပါအကြမ်းဖက်လုပ်ရပ်ကို လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်သမားများကို မြန်မာနိုင်ငံပန်းချီပန်းပု အစည်းအရုံး(ဗဟို)က ကန့်ကွက်ရှုတ်ချကြောင်းသဘောထားထုတ်ပြန် အပ်ပါသည်။

**မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)**

## ဇန်နဝါရီ ၁၆ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိ

**နေပြည်တော်  ဇန်နဝါရီ  ၁၆**

ဇန်နဝါရီ ၁၅ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၉၅၀ ကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် သုံးဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

| ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၇၅၃ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၂၂၀ ဦး |

# ဦးလည်မသုန်

**မိုးမြင့်တိမ်ဦး**

**"ကြေဝဋ္ဋာကို လမ်းညွှန်သောအရာက အတွေးနှင့်ခံစားချက်ဖြစ်သည်။ အလုပ်မဟုတ်ချေ။"**

**အက်ဂါကေဆီ**

**(Edgar Cayce,1877-1945)**

အမေရိကန်နိုင်ငံမှာ **"အက်ဂါကေဆီ"**ဆိုတဲ့ လူတစ်ယောက် နှစ်ဆယ်ရာစုထဲမှာ ပေါ်ပေါက်ခဲ့ဖူးတယ်။ သူက သူ့ဆီလာပြီး အခက်အခဲတိုင်ပင်ဆွေးနွေးတဲ့လူတွေကို ကူညီဖေးမအကြံပေးတယ်။ ဟောပြောတိုင်ပင်ခြင်းအားဖြင့် ရောဂါဝေဒနာတချို့ကိုလည်း ပျောက်ကင်းသက်သာအောင် ကုသပေးတယ်ဆိုရပေမှာပေါ့။ ယုံချင်ယုံ မယုံချင်နေ။ သူကတော့ ကမ္ဘာကျော်အောင်ထင်ရှားတဲ့ စာရေးသူတစ်ယောက်ဖြစ်ခဲ့တယ်။ သူရေးတဲ့ သူကိုယ်တွေ့ဖြစ်ရပ်တွေထဲက လူ့ဝင်စားများအကြောင်း လေ့လာတွေ့ရှိချက်စာအုပ်ဟာ ထူးခြားထင်ရှားတယ်။ မူရင်းစာအုပ်ကို မိမိမဖတ်ဖူးပါ။ ချမ်းမြေ့ရိပ်သာဆရာတော် အရှင်ဇနကာဘိဝံသ ဘာသာပြန်ထားတာတွေ့ဖူးလို့ ဖတ်ခဲ့ပါတယ်။ နှစ်ပေါင်း ၄၀ ကျော်ခဲ့ပါပြီ။ အက်ဂါကေဆီရဲ့ အတွေ့အကြုံတွေဟာ အနောက်တိုင်းမှာ အလွန်တရာထူးဆန်းအံ့သြဖွယ်ဖြစ်ရပ်တွေအနေနဲ့ ပြောဆိုနေခဲ့ကြပေမယ့် ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေအဖို့ရာမှာတော့ ကိုယ့်ပတ်ဝန်းကျင်မှာတင် ဘယ်ကလေးဟာ ဘယ်သူဝင်စားတာ၊ အရင်ဘဝက ဘယ်လိုအဖြစ်အပျက်၊ အချက်အလက်၊ အကြောင်းအရာနဲ့ ပစ္စည်းပစ္စယတွေကိုပါ ထုတ်ဖော်သက်သေခံချက်နဲ့တကွ ပြောပြနိုင်တာဆိုတဲ့ဖြစ်ရပ်တွေက ရိုးနေပါပြီ။ ဘဝအိုးအိမ်အကြိမ်ကြိမ်ကို လူသားအပါအဝင် သံသရာခရီးသည်တွေဟာ ဖြစ်ခြင်း၊ ပြောင်းလဲခြင်း၊ ကုန်ဆုံးခြင်း၊ ဘဝသစ်တစ်ဖန်ရောက်ရပြန်ခြင်းဆိုတာ (ဗုဒ္ဓဘာသာဝင်တိုင်း ငယ်စဉ်ကပင် ကြားဖူးနားဝနဲ့)သိကြပြီးသား။ ကြားဖူး၊ တွေ့ဖူးနေတာကိုး။

ချမ်းမြေ့ဆရာတော်ကိုယ်တော်တိုင် စိတ်ဝင်တစားနဲ့ မြန်မာစာဖတ်ပရိသတ်တွေ သိစေချင်လို့ ဘာသာပြန်ပေးထားတာမို့ တကူးတကရှာဖွေဖတ်ရှုလေ့လာခဲ့လို့ မှတ်မှတ်သားသားရှိပါတယ်။ လက်ကိုင်ဖုန်း၊ အင်တာနက်၊ ဂူးဂဲတို့မှာရှာကြည့်ရင်လည်း တွေ့နိုင်ကြပါတယ်။ အက်ဂါကေဆီဟာ ထူးခြားတဲ့ ပညာရှင်တစ်ယောက်ဆိုတာတော့ ထင်ရှားပါတယ်။

အက်ဂါကေဆီက **"လူသားတစ်ယောက်ရဲ့ အတွေးနဲ့ ခံစားချက်ဟာ သူ့ဘဝတစ်လျှောက်မှာ အဓိကကျလှတဲ့ အခြေခံအကြောင်းရင်းနှစ်ရပ်ဖြစ်တယ်"**ဆိုတာ ပြောလေ့၊ ရေးလေ့ရှိပါတယ်။ သူက ဗုဒ္ဓဘာသာဝင်တွေ သက်ဝင်ယုံကြည်တဲ့ ကံ၊ ကံရဲ့အကျိုး ကောင်းတာပြုက ကောင်းကျိုးရ၊ ဆိုးတာပြုလုပ်ပါက ဆိုးကျိုးရ။ **"ကိုယ်ပြုတဲ့ကံ ပဲ့တင်သံလို ကိုယ့်ထံပြန်လာတယ်ဆိုတဲ့ သဘောတရားနိယာမ"**ကို နားလည်လက်ခံထားပါတယ်။

မြတ်မင်္ဂလာ၊ မင်္ဂလာမောင်မယ်၊ အပ္ပမာဒ အစရှိတဲ့ ဘာသာရေးဆိုင်ရာစာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းတွေမှာလည်း မိမိပြုခဲ့တဲ့ ကောင်းမှုအကျိုးကို အနေးနဲ့အမြန် လက်တွေ့ခံစားရပုံတွေ၊ ဆိုးရွားတဲ့အကုသိုလ်ဒုစရိုက်ကိုပြုမိသူတွေဟာလည်း သူ့ရဲ့အတွေး၊ အပြော၊ အရေး၊ အလုပ်ဆိုတဲ့ ကံဆိုးမှုတွေအတိုင်း ဒေသ၊ ကာလမခြားဘဲ လျင်မြန်စွာဆိုးကျိုးတွေ့ကြုံရပုံတွေ လက်တွေ့ဖတ်ရ၊ သိရ၊ မြင်ကြရမှာပါ။ သတင်းစာထဲပါတာကော၊ လက်ကိုင်ဖုန်းထဲမှာ မြင်ရတာကော၊ လူတချို့ရဲ့မိုက်မဲရမ်းကားမှု၊ ကြမ်းတမ်းရက်စက်မှု၊ လိမ်ညာကောက်ကျစ်မှုတွေနဲ့အတူ သေကျေရရှာတာ သက်သေသာဓကတွေပါပဲ။

ကောင်းတာတွေးမှ ကောင်းတာရေးနိုင်တယ်။ ကောင်းတာစဉ်းစားထားမှ ကောင်းမှုတွေကို ပြုလုပ်နိုင်ပေတယ်။ ကောင်းမွန်တဲ့စိတ်ကောင်းနှလုံးကောင်းနဲ့ တွေးခေါ်ဆင်ခြင်ပါမှ ဉာတတ္ထစရိယ ဆွေမျိုးမိတ်၊ ရပ်ရွာကောင်းကျိုး၊ လောကတ္ထစရိယ ပတ်ဝန်းကျင်မြို့၊ ရွာ၊ နိုင်ငံ၊ လူမျိုးကောင်းကျိုး၊ မေတ္တာစေတနာ ရှေးရှုခံယူတဲ့ သဘောထားအမြင်ရှိမှ မိမိလည်း စိတ်က အေးမြကြည်လင်တယ်။ တည်ကြည်ငြိမ်သက်ပါတယ်။ လူတစ်ဖက်သားကို မပျက်စီးစေလိုပါ။ ဘေးရန်ခပ်သိမ်းကင်းငြိမ်းကြပါစေ။ ရောဂါကပ်ဘေး ကင်းဝေးကြပါစေ။ ပူပန်ကြောင့်ကြစိုးရိမ်ရခြင်းတွေ ကင်းကြပါစေ။ ဆင်းရဲဒုက္ခတွေလည်း ကင်းဝေးကြပါစေ။ လူသားတွေ၊ ကမ္ဘာသူ၊ ကမ္ဘာသားတွေ၊ ၃၁ ဘုံရှိ ပုဂ္ဂိုလ်ကြီးငယ်အသွယ်သွယ်နဲ့ အရပ်ဆယ်မျက်နှာဝယ် ရှိရှိသမျှ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ။ စာဖတ်သူကော၊ စာရေးသူကော၊ မေတ္တာစိတ်ထားနဲ့ မေတ္တာဓာတ်တွေ နေ့စဉ်နေ့စဉ် ကြိမ်ဖန်များစွာပို့လွှတ်နေကြမယ်ဆိုပါစို့။ ကျွန်တော်တို့ မပျက်မကွက်လုပ်နေတာလေ။

စိတ်ရဲ့အစွမ်းသတ္တိဟာ မနောအာရုံပေါ့။ လောကကို ကောင်းအောင်သော်လည်းကောင်း၊ ဆိုးအောင်သော်လည်းကောင်း ပြောင်းလဲပြုပြင်နိုင်ကြတယ်ဆိုတာမဟုတ်လား။ နာမ်တရားဖြစ်တဲ့ လူသားရဲ့စိတ်နဲ့စေတသိက်တွေဟာ မြင်ပင်မမြင်ရပေမယ့် ထူးခြားဆန်းကြယ်အံ့သြဖွယ်တန်ခိုးရှိလှတယ်။ စွမ်းအားကြီးမားတယ်ဆိုတာကတော့ အမှန်တကယ်ပါပဲ။ ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ဆိုတဲ့ ကူးစက်မြန်အဆုတ်ရောင်ကပ်ဆိုးဘေးဆိုးကြီးဟာ နိုင်ငံပေါင်းများစွာ၊ လူသားပေါင်းများစွာ သေဆုံးသွားလိုက်ကြတာ ၂၀၂၀ ပြည့်နှစ်၊ ၂၀၂၁ ခုနှစ်၊ ၂၀၂၂ ခုနှစ် သုံးနှစ်ကြာကာလအတွင်း နိုင်ငံတစ်နိုင်ငံချင်းမှာ သေသူ၊ ရောဂါရသူ (မသေပေမယ့် ရောဂါရိုက်ခတ်ခဲ့မှုကြောင့် အခြားဝေဒနာတွေဆက်ပြီး လူနာဘဝရောက်ခဲ့ကြရရှာသူ တွေ) ကမ္ဘာနာကူးစက်မြန်ကပ်ရောဂါဆိုးကြီးကြောင့် အရောင်းအဝယ်မကောင်း၊ ကုန်ထုတ်မှု၊ ကုန်သွယ်မှုတွေ ကျဆင်းပျက်ပြား၊ ဝင်ငွေနည်းပါးရတဲ့ကြားထဲမှာ လူတိုင်း၊ အိမ်တိုင်း စိတ်နှလုံးညှိုးချုံးဖွယ်ရာ ဒုက္ခသောကတွေကို ရင်ဆိုင်ဖြတ်သန်းခဲ့ကြရပါတယ်။

မိမိတို့ချစ်ခင်သူတွေ၊ လေးစားသူတွေ၊ မှတ်မိသလောက်စာပေနယ်ပယ်ထဲမှ ရေးဖော်ရေးဖက်တွေ၊ သူငယ်ချင်းမိတ်ဆွေတွေ ကွယ်ပျောက်သွားကြတာ စိတ်မကောင်းပါ။ နှမြောတသဝမ်းနည်းခဲ့ရပါတယ်။

ဆရာမြဝင်း (ဒဿန)၊ မောင်ဟေမာ၊ မောင်ယဉ်မှူး၊ မနုသကျော်ဝင်း၊ စလင်းဘုန်းကျော်၊ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)၊ မင်းယုဝေ၊ မြဇင်၊ အဝကျွန်းချစ်မောင်၊ နန္ဒာမိုးကြယ်၊ စိုးမြင့်လတ်၊ အဏ္ဏဝါစိုးမိုး၊ ဂီတာဖေဝင်း၊ သိပ္ပံစိုးမြင့်နိုင်၊ ဒေါ်ခင်စောတင့်၊ ဦးဟုန်ဝမ်၊ ရွှေဒါးမောင်လေးရည်၊ သံအမတ်ကြီး ဦးမြသန်း(ကလောင်အမည် နော်ရထာဝင်း)၊ ဦးအုန်းကြိုင် (မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ)၊ ဒေါက်တာမြင့်မောင်မောင် (သားဖွားမီးယပ်ပါရဂူဆရာဝန်ကြီး)၊ ဒေါက်တာခင်မောင်ဝင်း(သင်္ချာ)၊ သန်းဝင်းလှိုင်၊ မောင်သာနိုး၊ အကြည်တော် စသဖြင့်ပေါ့။ ထားပါတော့။

မနည်းပါလား ထင်စရာရှိသော်ငြားလည်း အခြားနိုင်ငံတွေရဲ့ သေဆုံးနှုန်းဦးရေ၊ ရောဂါကူးစက်ပြန့်ပွားမှုဦးရေ ကိန်းဂဏန်းတွေနဲ့နှိုင်းယှဉ်ကြည့်တဲ့အခါ မိမိတို့ မြန်မာနိုင်ငံဟာ ရောဂါကူးစက်ခံရသူ၊ သေဆုံးသူဦးရေ သိသိသာသာ (သူတကာထက်) လျော့နည်းနေကြောင်း အထင်အရှားတွေ့ရပါလိမ့်မယ်။ အံ့ဩစရာကောင်းပါတယ်။

ပြောလိုတဲ့အချက်က ဒါပါပဲ။ ဗုဒ္ဓဘာသာမြန်မာနိုင်ငံတော်မှာ (ဗုဒ္ဓဘာသာဝင် ၈၇ ရာခိုင်နှုန်းရှိနေတာပါ) သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နဲ့ ပြည့်စုံတော်မူကြတဲ့ ဆရာတော်၊ သံဃာတော်တွေရဲ့ ကြီးမားထူးခြားတဲ့ မေတ္တာဓာတ်စွမ်းအားအဟုန်ရဲ့ မေတ္တာရိပ်မှာ ခိုလှုံခွင့်ရနေကြတယ်။ ကူးစက်မြန်ကမ္ဘာ့ကပ်ဆိုးဘေးဆိုးကြီး ကျရောက်နေပြီဆိုတဲ့အသိနဲ့ မသေခင်ကောင်းမှုကုသိုလ်တွေ ပြုဖြစ်ပြုမိအောင်ပြုမယ်ဆိုပြီး ဒါနကောင်းမှု၊ သီလကောင်းမှု၊ ဘာဝနာကောင်းမှုတွေကိုလည်း ပိုမိုပြုဖြစ်ကြတယ်။ တရားစခန်းတွေမှာ ဝိပဿနာဘာဝနာပွားများနေကြသူတွေဟာ ရာဂဏန်းမှ ထောင်ဂဏန်းများပြားစွာ ပိုမိုကျင့်ကြံအားထုတ်နေကြတာ တွေ့ရပါတယ်။ စိတ်နေစိတ်ထားဖြူစင်ပြီး မေတ္တာဓာတ်တွေ ပို့လွှတ်နေကြတာရယ်၊ ကုသိုလ်အမျှ နေ့စဉ်နေ့စဉ်ဝေနေကြတာရယ်၊ စီးပွားရေးကျဆင်းမှု၊ ကပ်ရောဂါဘေးဖိစီးမှု၊ အသေအပျောက် (ကိုဗစ်လှိုင်း ဒုတိယအကြိမ်ကာလအတွင်း) ကြောက်စရာကောင်းလောက်အောင် များခဲ့ကြတာကြောင့် ဘေးအမျိုးမျိုးကြောက်လို့ပဲ ဆိုချင်ဆို ကောင်းမှုကုသိုလ်တွေပြုဖြစ်ခဲ့ကြတယ်။

တကယ်တော့ ဘဝဆိုတာ တိုတိုလေးပဲ။ မြန်မာမြန်မာချင်း ဘာရန်ငြိုးရန်စမှမရှိခဲ့ပါဘဲလျက် နွေဦးတော်လှန်ရေးအတွက်၊ ဖက်ဒရယ်ဒီမိုကရေစီအတွက်ဆိုပြီး လက်နက်ကိုင်သတ်ဖြတ်ရက်စက်မှုတွေဟာ လူပေါင်း ၅၀၀၀ လောက်တောင်ရှိပြီ (ပြောသူကပြော၊ ရေးသူကရေး၊ စာရင်းဇယားမှန်ကန်မှု ရှိ၊ မရှိတော့ တိတိကျကျမသိနိုင်) ဆိုနေကြတာလည်း သိကြမှာပေါ့။ သူ့ထိုက်နဲ့သူ့ကံ။

တိုးတက်မှု၊ ပြောင်းလဲမှု၊ အောင်မြင်မှုဆိုတာတွေကလည်း ဒီလိုပဲ အခက်အခဲ၊ အကျပ်အတည်း၊ ဘေးရန်အန္တရာယ်၊ အတားအဆီး၊ အပိတ်အဆို့၊ အနှောင့်အယှက်အမျိုးမျိုးတွေရဲ့ကြားကပဲ ရဲရဲရင့်ရင့်၊ ဝံ့ဝံ့စားစားဖောက်ထွက်ပြီး အောင်ပွဲကိုရအောင်ယူခဲ့ကြရစမြဲမဟုတ်လား။

မြန်မာဆိုတာကတော့ သွေးကနီရဲပါတယ်။ လူဦးရေ သန်း ၅၀ ကျော်ပဲရှိပေမယ့် စည်းလုံးညီညွတ်ရင် ကြီးမားခိုင်မာတဲ့စွမ်းအားနဲ့ပြည့်စုံတာ အားလုံးလည်း အသိပါ။ ဘာပဲဖြစ်ဖြစ် မိမိတို့ဟာ ကိုယ်ကျင့်သီလ လုံခြုံကြရင်၊ မေတ္တာစွမ်းအားကြီးမားကြရင် (အချင်းချင်းသွေးကွဲအောင် သွေးခွဲသပ်လျှို ကုန်းချော၊ အမုန်းစကားတွေ မိုးလုံးပြည့်ပြောနေကြတဲ့ကြားက) မိမိတို့ဟာ အောင်အောင်မြင်မြင်ရှေ့ဆက်ချီတက်နိုင်မှာပဲ။

လွန်ခဲ့တဲ့နှစ် ၂၅၀ ကာလဆီ။

သူ့ခေတ်သူ့အခါက အရှေ့တောင်အာရှမှာ အင်အားအတောင့်တင်းအခိုင်မာဆုံး (ဆင်တပ်၊ မြင်းတပ်၊ ရေတပ်၊ ခြေလျင်တပ်) ကုန်းဘောင်ခေတ်နိုင်ငံတော်ကြီးရဲ့ စစ်သည်တော်အားလုံးရဲ့ တစ်စည်းတစ်လုံးတည်းသော နိုင်ငံလူမျိုးအကျိုးအတွက် အသက်ကိုပင်ပေးဆပ်ကာ တာဝန်ထမ်းလိုစိတ်ရှိအောင် **စစ်သည်စာဆို လက်ဝဲသုန္ဒရ (ဦးမြတ်စံ)** (၁၇၂၃-၁၇၉၉) ရေးဖွဲ့ခဲ့တဲ့ **နန္ဒိသေနပျို့**ပါ လင်္ကာတစ်ပိုဒ်ကို ကောက်နုတ်ဖော်ပြပြီး နိဂုံးချုပ်ပါရစေ။

"မြိုင်ဝေတောကြီး၊ ဤခရီးဝယ်
ချည်းနှီးသက်သက်၊ သေသော့ထက်ကား
ဆက်လက်တညီ၊ တစီတလျှဉ်
သားစဉ်မြေးမြစ်၊ ပြောထုံးဖြစ်အောင်
တစစ်တမက်၊ ကိုယ်နှင့်သက်ကို
နှင်းဆက်တိုက်မည်၊ အားသန်ရည်၍
ဦးလည်မသုန်၊ ထမ်းပါကုန်လော့။ ။"

❖ အက်ဂါကေဆီက "လူသားတစ်ယောက်ရဲ့အတွေးနဲ့ ခံစားချက်ဟာ သူ့ဘဝတစ်လျှောက်မှာ အဓိကကျလှတဲ့အခြေခံအကြောင်းရင်းနှစ်ရပ်ဖြစ်တယ်"ဆိုတာ ပြောလေ့၊ ရေးလေ့ရှိပါတယ်။ သူက ဗုဒ္ဓဘာသာဝင်တွေ သက်ဝင်ယုံကြည်တဲ့ ကံ၊ ကံရဲ့အကျိုး ကောင်းတာပြုက ကောင်းကျိုးရ၊ ဆိုးတာပြုလုပ်ပါက ဆိုးကျိုးရ။ "ကိုယ်ပြုတဲ့ကံ ပဲ့တင်သံလို ကိုယ့်ထံပြန်လာတယ်ဆိုတဲ့ သဘောတရားနိယာမ"ကို နားလည်လက်ခံထားပါတယ်။ ❖

## မိုးမိတ်မြို့နယ် ရေတံခွန်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှု စစ်ဆေး

**မိုးမိတ် ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ရေတံခွန်ကျေးရွာ၌ ကျေးရွာ ဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်းနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ရေတံခွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးရွာဘက်စုံသုံးခန်းမတည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်းက လုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် မှာကြားသည်။

မိုးမိတ်မြို့နယ် ရေတံခွန်ကျေးရွာ၌ အလျား ၉၈ ပေ၊ အနံ ၅၄ ပေ၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၄ ဒသမ ၅ သန်း၊ ကျေးရွာလူထုထည့်ဝင်ငွေကျပ် ၁၂ ဒသမ ၂ သန်း စုစုပေါင်းငွေကျပ် ၂၆ ဒသမ ၇ သန်း အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် အောက်တိုဘာလ တတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ကျေးရွာဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်မှုကြောင့် ရေတံခွန်ကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ လူမှုရေး၊ ပညာရေးနှင့် အခြားကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အဆင်ပြေစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးမျိုးဇော်ထွန်းက ပြောပြ၍ သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ဘိုကလေးမြို့နယ်မှခုံးများ ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းသဖြင့် အရောင်းသွက်



**ဘိုကလေး ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ဒေသထွက် ပင်လယ်ခုံးများကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းသဖြင့် အရောင်း သွက်လျက်ရှိကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင်များထံမှ သိရသည်။

ဘိုကလေးမြို့နယ်တွင် သဘာဝအတိုင်း ဖမ်းယူရရှိသည့် ခုံးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ လက်ရှိ တစ်ရက်လျှင် ပိဿာချိန် ၅၀ မှ ၁၂၀ ထိ ဝယ်ယူမှု အားကောင်းနေသဖြင့် အရောင်းသွက်နေခြင်းဖြစ်ကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်မှာ ပင်လယ်စာခုံးတွေကို ဒေသခံရေလုပ်သားတွေက သဘာဝအတိုင်း ရှာဖွေဖမ်းယူ ရရှိတာဖြစ်ပါတယ်။ ပင်လယ်စာခုံးတွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ ရောင်းချတာဖြစ်ပါတယ်။ အရင်နှစ်တွေက အရောင်းအဝယ်မဖြစ်ခဲ့လို့ ရှာဖွေသူတွေရော၊ ကုန်သည်တွေပါ အခက်တွေ့ခဲ့ရတာပါ။ ဒီနှစ် ခုံးဝယ်ယူမှုအားကောင်းလာတော့ ရေလုပ်သားတွေရော၊ ကုန်သည်တွေပါ အဆင်ပြေလာပါတယ်။ ဒီနှစ် ဈေးကလဲမဆိုးပါဘူး။ လက်ရှိ ဒီဘက်ကနေထွက်ကုန်နဲ့ ရန်ကုန်ဘက်ကနေ ဝယ်ယူအားမျှဖြစ်နေပါတယ်"ဟု ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းရှင် ဒေါ်ဆွေဆွေခိုင်က ပြောပြသည်။

ဘိုကလေးမြို့နယ်တွင် ပင်လယ်စာ ခုံးရှာဖွေသည့်လုပ်ငန်း လုပ်ကိုင်သည့် စက်လှေအစီးရေ ၁၂၀ ထိရှိကြောင်း၊ အဆိုပါ ရေလုပ်သားများ ရှာဖွေသည့်ခုံးများကို ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရှင်များက ဝယ်ယူပြီး စားသုံးနိုင်သည့်အဆင့်ထိ စနစ်တကျလုပ်ဆောင်ကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ လက်ရှိ ခုံးအသား တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ ထိပေါက်ဈေးရှိနေကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်းရှင်များထံမှ သိရသည်။ **ကျော်ကျော်လင်း**

# သံတောင်ကြီးမြို့နယ် ထမုံငွေတောင်ကျေးရွာ၌ ဘက်စုံသုံးခန်းမတည်ဆောက်မှု စစ်ဆေး

**သံတောင်ကြီး ဇန်နဝါရီ ၁၆**

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် ထမုံငွေတောင်ကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်၉ နာရီက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ထမုံငွေတောင်ကျေးရွာ၌ ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ထမုံငွေတောင်ကျေးရွာ၌ အလျားပေ ၃၀၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေရှိ ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးရွာနေ ပြည်သူများ၏ လုပ်အား၊ ငွေအား ထည့်ဝင်မှုတို့ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းထံမှ သိရသည်။ **သူသူ**

# ဖြူးမြို့နယ် အင်ကြင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**ဖြူး ဇန်နဝါရီ ၁၆**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်ကြင်းကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ စတုတ္ထအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်း၊ စည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ပြောကြားပြီး မြို့နယ်စီမံကိန်း တာဝန်ခံက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၏



တာဝန်နှင့်ခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ဖြူးမြို့နယ် အင်ကြင်းကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦးကို ငွေကျပ် ၁၅ ဒသမ ၈၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၉ ဒသမ ၂၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦးကို ငွေကျပ် ၁၂ ဒသမ ၆၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၉၄ ဦးကို ငွေကျပ် ၃၇ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညီ**

# လှိုင်လင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**လှိုင်လင် ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) လှိုင်လင်ခရိုင် လှိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက ပင်လုံအရှေ့ကျေးရွာအုပ်စု ခဲလောင်းကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်က ခဲလောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ကာ (ခဲလောင်း+ပါဟုဟုတ်) ကျေးရွာနှစ်ရွာ တစ်ယူနစ်အဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ကျေးရွာတစ်ရွာ၊ တစ်ယူနစ်အဖြစ် ပြောင်းလဲဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကာ တက်ရောက်လာကြသော ခဲလောင်းကျေးရွာမှ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

လှိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်၊ လိုအပ်သော ငွေအရင်းအနှီးများ ရရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ခဲလောင်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း မတည်ရန်ပုံငွေကျပ် ၃၈ ဒသမ ၇၀၇၅ သန်းဖြင့် စီမံကိန်းနှင့်အကျုံးဝင်သည့် လုပ်ငန်းများကိုအကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မောင်ရိုင်**

# ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၅၀၈၈ ဧက စိုက်ပျိုးပြီးစီး

**ယင်းမာပင် ဇန်နဝါရီ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၅၀၈၈ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းနှမ်းဧက ၇၇၉၈၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၅၀၈၈ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ယင်းမာပင်ခရိုင်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီကာလ ဆောင်းနှမ်းဧက ၇၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့ထိ ဧက ၆၅၀၀၀ ကျော်စိုက်ပြီးပြီ။ ဆောင်းနှမ်းစိုက်ပျိုးမှုလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဆောင်းနှမ်းစိုက်ပျိုးရာမှာ နှမ်းစိုက်တောင်သူတွေအနေနဲ့ အထွက်နှုန်းကောင်းဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့၊ မျိုးကောင်းမျိုးသန့်တွေ ပြောင်းလဲစိုက်ပျိုးနိုင်ဖို့အတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းတွေက အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးမြတ်မိုးဝင်းက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်းစိုက်ပျိုးပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၈၀၁၈ ဧက၊ ကနီမြို့နယ်တွင် ၂၁၀၅၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၁၉၀၉၅ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၁၆၉၂၀ စုစုပေါင်း ၆၅၀၈၈ ဧက ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

ပလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့

# မျက်မှောက်ခေတ် ရေတပ်သုံး ခေတ်မီအမြောက်လက်နက်စနစ်များ

မောင်စိန်အိ(နဘဲမြေ)

ကော်ဗက်များ၊ ဖရီဂိတ်များနှင့် ဖျက်သင်္ဘောများကဲ့သို့သော တိုက်ခိုက်ရေးစစ်ရေယာဉ်များသည် ဖြစ်ပေါ်လာနိုင်သော ခြိမ်းခြောက်မှုအန္တရာယ်များမှ စစ်ရေယာဉ်များကိုကာကွယ်ရန်နှင့် ပင်လယ်ပြင်ရှိ တိုင်းပြည်အချုပ်အခြာအာဏာများကို ကာကွယ်ရာတွင် အဓိကကျသောစစ်ရေယာဉ်များပင်ဖြစ်သည်။ ၎င်းစစ်ရေယာဉ်များသည် ရန်သူ့လေယာဉ်၊ စစ်သင်္ဘောများနှင့် ရေငုပ်သင်္ဘောများကို ကာကွယ်ရာတွင် များစွာအထောက်အကူပြုလျက်ရှိသဖြင့် ရေတပ်သုံးစစ်လက်နက်ပစ္စည်းများအဖြစ် အဓိကထား၍ တပ်ဆင်အသုံးပြုလျက်ရှိသည်။

ပြောင်းအချင်းကြီးမားသော စက်သေနတ်များ တပ်ဆင်ထားသည့် စစ်သင်္ဘောများသည် ၁၉၀၀ ပြည့်လွန်နှစ်များမှသည် ဒုတိယကမ္ဘာစစ်အတွင်း၌လည်း ရေတပ်စစ်ဆင်ရေးများတွင် အဓိကလက်နက်များအဖြစ် လွှမ်းမိုးနိုင်ခဲ့သည်။ လွန်ခဲ့သော ဆယ်စုနှစ်များအတွင်း တိုက်ပွဲဝင်စစ်သင်္ဘောများသည် သံတမန်ရေးနှင့်စစ်ရေးဆိုင်ရာ မဟာဗျူဟာနှစ်ရပ်စလုံးတွင် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

ရေတပ်ဖွဲ့သုံး ခေတ်မီစက်သေနတ်များသည် ဒုတိယကမ္ဘာစစ်အတွင်းက လက်နက်ငယ်များလောက်သာ လုပ်ငန်းဖန်ရှင်များ ဆောင်ရွက်နိုင်သော်လည်း ၎င်းတို့၏စွမ်းဆောင်ရည်များမှာမူ တစ်မူထူးခြားသာလွန်လျက်ရှိသည်။ စစ်အေးကာလတိုက်ပွဲအတွင်း အဓိကတိုက်ပွဲဝင်စစ်သင်္ဘောများကို ဘက်စုံသုံးရေတပ်စက်သေနတ်များအပြင် သင်္ဘောဖျက်ဒုံးကျည်များ၊ ဒုံးကျည်ကာကွယ်ရေးလက်နက်များနှင့် တော်ပီဒိုများ တပ်ဆင်ထားရှိသည်။ ခေတ်မီစစ်သင်္ဘောဖြစ်သည့်တိုင်အောင် ရေတပ်စစ်လက်နက်တပ်ဆင်ထားခြင်း မရှိလျှင် ပြီးပြည့်စုံသည်ဟု မဆိုနိုင်ချေ။ အမေရိကန်ရေတပ်မှ နောက်ဆုံးတည်ဆောက်ထားသည့် Zumwalt အတန်းအစားကိုယ်ပျောက်ဖျက်သင်္ဘောများ၌ပင်လျှင် ၁၅၅ မီလီမီတာအဆင့်မြင့်အမြောက်စက်သေနတ် နှစ်လက် တပ်ဆင်ထားရှိသည်။

ထို့ပြင် ခေတ်မီနည်းပညာများတိုးတက်လျက်ရှိသော်လည်း လေဆာလက်နက်စနစ်များနှင့် လျှပ်စစ်သေနတ်များအပါအဝင် ရေတပ်သုံးသေနတ်များကို ၂၀ ရာစုအလယ်ပိုင်းလွန်ကာလများထိ စစ်သင်္ဘောများပေါ်တွင် အဓိကလက်နက်များအဖြစ် တပ်ဆင်ထားရှိသည်။ ရေတပ်သုံး လက်နက်အသေးစားနှင့် အကြီးစားများကို တာဝေးပစ်လက်နက်များနှင့် လေကြောင်းချိပစ်မှတ်များကို ချေမှုန်းနိုင်သော ဘက်စုံသုံးရေတပ်အမြောက်များအဖြစ် အသုံးပြုလျက်ရှိသည်။ ယခုဆောင်းပါး၌ ကမ္ဘာ့ရေတပ်များတွင် အသုံးပြုနေသော ရေတပ်လက်နက်စနစ်များအပြင် နောက်ဆုံးထုတ် ရေတပ်သုံးလက်နက်များကို စုစည်းတင်ပြသွားမည်ဖြစ်သည်။

**Vulcano လက်နက်စနစ်**

လီယိုနာဒိုကုမ္ပဏီက တည်ဆောက်ထားသော 127/ 64 LW Vulcano သည် အကြီးစားနှင့်အလတ်စားသင်္ဘောများတွင်တပ်ဆင်ရန် နောက်ဆုံးထုတ်သေနတ်ဖြစ်ကာ ရေပြင်ပစ်ခတ်ရေးနှင့် ရေတပ်လက်နက်အထောက်အကူပြုလက်နက်အဖြစ် အဓိကထားအသုံးပြုသွားမည်ဖြစ်ပြီး ဒုတိယအဆင့်အနေဖြင့် လေယာဉ်ချေမှုန်းရေးလက်နက်အဖြစ် အသုံးပြုသွားမည်ဖြစ်သည်။ ၎င်းလက်နက်သည် စစ်ရေယာဉ်ပေါ်တွင် ကျဉ်းမြောင်းသောနေရာ၌ပင်လျှင် တပ်ဆင်နိုင်သည်။

၎င်းလက်နက်တွင် 127 mm/5 inches ကျည်များအပြင် Vulcano အုပ်စုခဲယမ်းများအသုံးပြု၍လည်းပစ်ခတ်နိုင်ပြီး အကွာအဝေး ကီလိုမီတာ ၁၀၀ ထိ ရောက်ရှိပစ်ခတ်နိုင်သည်။ ၎င်းလက်နက်ကို လက်ရှိအချိန်တွင် အယ်ဂျီးရီးယား၊ အီဂျစ်၊ ဂျာမနီနှင့် အီတလီရေတပ်တို့တွင် အသုံးပြုလျက်ရှိသည်။ တော်ဝင်နယ်သာလန်ရေတပ်သည် ၂၀၂၀ ပြည့်နှစ်တွင် ၎င်း၏ဘက်စုံသုံးဖရီဂိတ်စစ်ရေယာဉ် လေးစီးအတွက် OTO 127/64 LW Vulcano လက်နက်စနစ်များဝယ်ယူခဲ့သည်။ ထို့ပြင် လီယိုနာဒိုသည် ၂၀၂၁ ခုနှစ် ဧပြီလတွင်လည်း ကနေဒါရေတပ်သို့ OTO 127/64 LW Vulcano လက်နက်စနစ် လေးခု ရောင်းချပေးရန် ကန်ထရိုက်စာချုပ်တစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။

**Super Rapid စနစ်**

လီယိုနာဒိုကုမ္ပဏီကထုတ်လုပ်ထားသော 76/62 Super Rapid (SR) သည် ကမ္ဘာတစ်ဝန်းရှိ ရေတပ်များတွင်အသုံးပြုနေသော ရှက်ခြည်းပစ်ခတ်နိုင်သည့် အပေါ့စားသေနတ်ဖြစ်သည်။ ၎င်းသေနတ်သည် လေကြောင်းရန်ကာကွယ်ရေးနှင့် ရေပြင်ကာကွယ်ရေး၊ အထူးသဖြင့် ဒုံးကျည်ကာကွယ်ရေးအခန်းကဏ္ဍများတွင် ပြောင်မြောက်စွာထမ်းဆောင်လျက်ရှိသည်။ ၎င်းလက်နက်သည် လီယိုနာဒိုကထုတ်လုပ်ထားသော ခဲယမ်းမျိုးစုံဖြင့် အသုံးပြုပစ်ခတ်နိုင်သည်။ ၎င်းလက်နက်စနစ်များသည် ကီလိုမီတာ ၂၀ နှင့် ၃၅ ကီလိုမီတာထိ အသီးသီးရောက်ရှိပစ်ခတ်နိုင်သည်။

76/62 သေနတ်များကို ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှား၊ မြန်မာ၊ အိုမန်၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ဆော်ဒီအာရေဗျ၊ စင်ကာပူ၊ သီရိလင်္ကာ၊ တရုတ်(တိုင်ပေ)၊ ထိုင်း၊ တူရကီ၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ လက်ဘနွန်နှင့် ဗီယက်နမ်ရေတပ်တို့တွင် အသုံးပြုလျက်ရှိသည်။ ထို့ပြင် အစ္စရေးရေတပ်အနေဖြင့်လည်း ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ၎င်း၏ကော်ဗက်စစ်ရေယာဉ်နှစ်စီးအတွက် 76/62 Super Rapid ဘက်စုံသုံး ရေတပ်စစ်လက်နက် နှစ်လက် ဝယ်ယူခဲ့သည်။ လက်ရှိအချိန်ထိ အစ္စရေးနိုင်ငံသည် ကော်ဗက်စစ်ရေယာဉ်များအတွက် 76/62 စနစ် လေးခု ဝယ်ယူထားရှိသည်။

**Bofor ၏ 57 mm စနစ်များ**

Bofor ၏ 57 mm Mk3 သည် ပဋိပက္ခအခြေအနေမျိုးစုံတွင် ဘေးကင်းလုံခြုံမှုနှင့်နည်းဗျူဟာမြောက်လက်နက်အဖြစ် အထောက်အကူပြုလျက်ရှိသည်။ ၎င်းလက်နက်စနစ်များကို အမေရိကန်ရေတပ်နှင့် ကမ်းခြေစောင့်စစ်သင်္ဘောများတွင် BAE Systems ၏ 57 mm Mk110 အဖြစ်လည်း လူသိများပြီး ကမ္ဘာတစ်ဝန်းရှိ ရေတပ်များတွင် အသုံးပြုလျက်ရှိသည်။ Bofors 57 ကို ဘရူနိုင်း၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့တွင် မူကွဲအမျိုးမျိုးဖြင့် အသုံးပြုလျက်ရှိသည်။ Boustead Heavy Industires Corp Bhd (BHIC) သည် မလေးရှားရေတပ်၏ 57 mm/ L70 လက်နက်များပြုပြင်ထိန်းသိမ်းရေး၊ လေ့ကျင့်သင်တန်းပေးရေးနှင့် အပိုပစ္စည်းများလွှဲပြောင်းပေးရေးအတွက် မလေးရှားရင်းဂစ် ၁၅ ဒသမ ၇ သန်းတန်ဖိုးရှိသော ကန်ထရိုက်တစ်ရပ် လက်မှတ်ရေးထိုးခဲ့သည်။ BHIC သည် ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် မလေးရှားကာကွယ်ရေးဝန်ကြီးဌာနထံမှ သုံးနှစ်ကန်ထရိုက်စာချုပ်အတွက် အမှာစာလက်ခံရရှိခဲ့ခြင်းဖြစ်သည်။



Bofor ၏ 57 mm Mk3 ကို တွေ့ရစဉ်။

အမေရိကန်ရေတပ်ကွပ်ကဲမှုဌာနချုပ် (NAVSEA) သည် BAE Systems ထံမှ အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၇ သန်းတန်ဖိုးရှိသော 57 mm Mk 110 သုံးလက် မှာယူထားရှိသည်။ NAVSEA သည် ၂၀၂၁ ခုနှစ် ဇူလိုင်လတွင်လည်း အမေရိကန်ဒေါ်လာ ၂၆ ဒသမ ၀၇ သန်းတန်ဖိုးရှိသော Mk 110 57 mm သုံးလက် မှာယူခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဇူလိုင်လတွင်လည်း အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၂၉ သန်းတန်ဖိုးရှိသော 57 mm Mk 110 နှစ်လက် မှာယူခဲ့သေးသည်။ Bofors 57 mm ကို ဗြိတိန်တော်ဝင်ရေတပ်၏ Type 31 ဖရီဂိတ်များနှင့် အမေရိကန်ရေတပ်၏မျိုးဆက်သစ်ဖရီဂိတ်များတွင် တပ်ဆင်သွားရန် ရွေးချယ်ထားရှိသည်။

**35 mm အမျိုးအစား ရေတပ်သုံးစခ်လက်နက်များ**

Polska Grupa Zbrojeniowa သည် ပိုလန်ရေတပ်အတွက် ရေတပ်သုံးစစ်လက်နက်စနစ်များ ပံ့ပိုးပေးရန် ကန်ထရိုက်စာချုပ်လက်မှတ်ရေးထိုးထားရှိသည်။ အဆိုပါကန်ထရိုက်စာချုပ်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၁ သန်းရှိပြီး ၂၀၂၆ ခုနှစ်တွင် အပြီးသတ်လွှဲပြောင်းပေးသွားမည်ဟု မျှော်မှန်းထားရှိသည်။ ၎င်းမှာယူမှုတွင် OSU-35K လက်နက်စနစ် သုံးခုပါရှိပြီး ပိုလန်ရေတပ်၏ Kormoran II အတန်းအစား မိုင်းရှင်းစစ်ရေယာဉ်များတွင် တပ်ဆင်သွားမည်ဖြစ်သည်။ OSU-35K သည် AM-35K 35 mm အမျိုးအစား အလိုအလျောက်ပစ်ခတ်နိုင်သည့် စိန်ပြောင်းတပ်ဆင်ထားသော အဝေးထိန်းလက်နက်စနစ်ဖြစ်ပြီး အမြင့် ၃ ဒသမ ၅ ကီလိုမီတာရှိ ပစ်မှတ်များကို ပစ်ခတ်နိုင်စွမ်းရှိသည်။ AM-35K သည် တစ်မိနစ်လျှင် ကျည်အတောင့် ၅၅၀ ထိ ပစ်ခတ်နိုင်စွမ်းရှိသည်။

**အရိုးမညီခြိမ်းခြောက်မှုများကို တုံ့ပြန်တိုက်ခိုက်ခြင်း**

နယ်သာလန်ရေတပ်သည် ၎င်း၏စစ်ရေယာဉ်များတွင် တပ်ဆင်ရန် လီယိုနာဒို၏ ရေတပ်လက်နက်စနစ် Lionfish ကို ရွေးချယ်ထားသည်ဟု ဆိုသည်။ Lionfish စနစ်သည် Holland အတန်းအစား ကင်းလှည့် စစ်ရေယာဉ်များ၊ ကမ်းထိုးရေယာဉ်(LPD)၊ ပူးတွဲထောက်ပံ့ရေးသင်္ဘော(JSS)များနှင့် တိုက်ခိုက်ရေးအထောက်အကူပြု သင်္ဘောများတွင် တပ်ဆင်သွားမည်ဖြစ်သည်။ နယ်သာလန်ရေတပ်သည် အဝေးထိန်း ရေတပ်ဆုံလည်သေနတ်များ၏ တစ်စိတ်တစ်ဒေသအနေဖြင့် ၁၂ ဒသမ ၇ မီလီမီတာ မူကွဲ သုံးမျိုးအနက်မှ Lionfish စနစ်ကိုတစ်ခုအဖြစ် ရွေးချယ်ခဲ့သည်။ ၎င်းလက်နက်စနစ်များသည် ခြိမ်းခြောက်မှုများနှင့် အချိုးမညီစစ်ပွဲများတွင် ထိရောက်စွာအသုံးပြုနိုင်ပေသည်။

လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံအသီးသီး၌ ပင်လယ်ပြင်ရေပိုင်နက်အတွင်းရှိ အကျိုးစီးပွားများနှင့် တိုင်းပြည်ပိုင်နက်အချုပ်အခြာအာဏာကာကွယ်နိုင်ရေးအတွက် ရေတပ်များ၌ ခေတ်မီစစ်ရေယာဉ်များ ဖြည့်ဆည်းကာ စွမ်းအားမြင့်စစ်လက်နက်များ တပ်ဆင်လျက်ရှိသည်။ ထိုသို့သော အခြေအနေမျိုးတွင် မိမိတို့ တပ်မတော်အနေဖြင့်လည်း အထူးစီးပွားရေးဇုန်နှင့် ကမ်းလွန်ပင်လယ်ပြင်ရှိ အကျိုးစီးပွားများ ကာကွယ်နိုင်ရေးအတွက် ရေတပ်သုံးခေတ်မီစစ်လက်နက်ပစ္စည်းများ ဝယ်ယူဖြည့်ထားသင့်ပေသည်။

**ကိုးကား**

- **Naval Artillery to the Fore by Asian Defence Journel.**

# ဟိုပုန်းမြို့နယ် ကျောက်တန်းခေတ်မီစံပြကျေးရွာ၌ အိမ်တွင်းလေထုညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးဟောပြော

**ဟိုပုန်း ဇန်နဝါရီ ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်တန်းခေတ်မီစံပြကျေးရွာရှိ ကျေးလက်နေပြည်သူများအိမ်တွင်းလေထုညစ်ညမ်းမှုလျှော့ချရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာစာသင်ကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမျိုးမြတ်မင်းက ပတ်ဝန်းကျင်လေထုညစ်ညမ်းခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုအားနည်းခြင်း၊ အိမ်တွင်းညစ်ညမ်းမှုရှိခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကူးစက်ရောဂါအမျိုးမျိုးနှင့် ကြိုတင်ကာကွယ်ခြင်းနည်းလမ်းများ ဆောင်ရန်ရှောင်ရန် စသည့်ကျန်းမာရေးအသိပညာဗဟုသုတများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ကြည်က ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချခြင်း၏ အကျိုးကျေးဇူးများ၊ အမှိုက်အမျိုးအစားများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာများကို ဆွေးနွေးပြောကြားခဲ့သည်။

အခမ်းအနားသို့ ဟိုပုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ချိုသန်းညွန့်**

# လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်ခဲ့သည့် အလာဘားမားပြည်နယ်ကို သဘာဝဘေးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ် သမ္မတဂျိုးဘိုင်ဒင်အတည်ပြု



**ဝါရှင်တန် ဇန်နဝါရီ ၁၆**

လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်ခဲ့သည့် အမေရိကန်နိုင်ငံ အလာဘားမားပြည်နယ်ကိုသဘာဝဘေးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သမ္မတဂျိုးဘိုင်ဒင်က အတည်ပြု လက်ခံပေးခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်ဟု US News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံ အလာဘားမားပြည်နယ်တွင် ဇန်နဝါရီ ၁၄ ရက်က အားကောင်းသည့် လေဆင်နှာမောင်းဝင်ရောက်တိုက်ခတ်မှုကြောင့် လူနေအိမ်ခြေအမြောက်အမြားပျက်စီးခဲ့ရကြောင်း၊ ထို့ပြင် မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ရေဘေးအန္တရာယ် ရင်ဆိုင်လျက်ရှိရာ သဘာဝဘေးအန္တရာယ်အခြေအနေဆိုးရွားသည့်အတွက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန် အလာဘားမားပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ဖက်ဒရယ်အစိုးရထံမှ အကူအညီရယူလိုသည့်အတွက်ကြောင့် ဇန်နဝါရီ ၁၅ ရက်တွင် အလာဘားမားပြည်နယ်ကို သဘာဝဘေးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ်သတ်မှတ်ရန် တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"အလာဘားမားပြည်နယ်က ရင်ဆိုင်နေရတဲ့ သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် ဖက်ဒရယ်အစိုးရရဲ့အကူအညီ လိုအပ်ပါတယ်။ ဒါကြောင့် လေဆင်နှာမောင်းအန္တရာယ်၊ မုန်တိုင်းအန္တရာယ်တို့ကို သဘာဝဘေးအန္တရာယ်အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ပေးဖို့ တင်ပြထားတာ သမ္မတက အတည်ပြုလက်ခံပေးခဲ့ပါတယ်။ ဖက်ဒရယ်အစိုးရရဲ့အကူအညီကို ရတော့မှာဖြစ်တဲ့အတွက် ပြည်သူတွေ ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်တော့မှာဖြစ်ပါတယ်"ဟု အလာဘားမားပြည်နယ်အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တာရီစီဝယ်လ်က ပြောကြားခဲ့ကြောင်း သိရသည်။

**ခိုင်းဆက်**

# တောင်အာဖရိကနိုင်ငံတွင် အပူချိန်မြင့်တက်သဖြင့် တောမီးအန္တရာယ် သတိပေးချက်ထုတ်ပြန်

**ပရီတိုးရီးယား ဇန်နဝါရီ ၁၆**

တောင်အာဖရိကနိုင်ငံ၏ နေရာအနှံ့အပြားတွင် ဇန်နဝါရီ ၁၅ ရက်မှစ၍ အပူချိန်မြင့်တက်မှုဖြစ်ပေါ်ခဲ့သဖြင့် တောင်အာဖရိကနိုင်ငံ အာဏာပိုင်အဖွဲ့အစည်းက တောမီးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားသည်ဟု The SA သတင်းဌာနက ဇန်နဝါရီ ၁၅ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အပူချိန်မှာ ၄၀ ဒီဂရီစင်တီဂရိတ်ထိမြင့်တက်နေပြီး ဒေသတချို့တွင် အပူလှိုင်းဖြတ်သန်းမှုဖြစ်ပေါ်နေရာ တောမီးလောင်ကျွမ်းမှု အလွယ်တကူဖြစ်ပေါ်လာနိုင်သည့် အခြေအနေမျိုးဖြစ်ကြောင်း၊ အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုနှင့်ရင်ဆိုင်ခဲ့ရသော ဒေသများကို နေရာနှင့်တကွ တောင်အာဖရိကမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"အပူချိန်တွေ မြင့်တက်နေတဲ့အတွက် ရေဓာတ်ပြည့်ဝအောင်နေကြပါ။ အမိုးအကာအောက်မှာပဲ နေကြပါ။ နေရောင်ခြည်တိုက်ရိုက်ထိတွေ့တဲ့နေရာမျိုးကိုလဲ ရှောင်ကြဉ်ကြပါ။ အလုပ်လုပ်မယ်ဆိုရင်လဲ အပူချိန်တော်တော်မမြင့်တဲ့ မနက်ပိုင်းနဲ့ ညနေပိုင်းမှာပဲ လုပ်ကိုင်ကြဖို့ တိုက်တွန်းပါတယ်"ဟု တောင်အာဖရိက ကျန်းမာရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အပူချိန်မြင့်တက်မှုကြောင့် အပူလျှပ်ခြင်းနှင့် ရေဓာတ်ခန်းခြောက်သည့်ပြဿနာများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့်အတွက် အပူအအေးမျှတသည့်နေရာများ၌ နေထိုင်သွားလာရန် တောင်အာဖရိက ကျန်းမာရေးဝန်ကြီးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"အပူချိန်တွေ နေရာအနှံ့ပျံ့နှံ့နေတဲ့အခြေအနေမှာ တောမီးအလွယ်တကူလောင်ကျွမ်းလာနိုင်ပါတယ်။ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရင် တစ်နေရာကနေ တစ်နေရာကို လျင်လျင်မြန်မြန်ကူးစက်လာနိုင်တဲ့အတွက် အသက်အိုးအိမ်စည်းစိမ်တွေဆုံးရှုံးပြီး တောရိုင်းတိရစ္ဆာန်တွေရဲ့အသက်တွေလဲ ဆုံးရှုံးနိုင်တယ်။ ဒီလိုအခြေအနေမျိုးမှာ မီးလုံးဝမပေါ့ဆကြဖို့လဲ တိုက်တွန်းပါတယ်"ဟု တောင်အာဖရိက အာဏာပိုင်အဖွဲ့အစည်းက နိုင်ငံပိုင်ရုပ်သံလိုင်းများမှ သတိပေးချက်ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

# အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းရှိမီးတောင်များ အဆင့်(၂)ရှိ သတိပေးချက်သို့ရောက်ရှိ

**ဂျကာတာ ဇန်နဝါရီ ၁၆**

ပြီးခဲ့သော ရက်သတ္တပတ်အတွင်း မီးတောင်လှုပ်ရှားမှုနှင့် ပတ်သက်၍ အစီရင်ခံမှုများလက်ခံရရှိခဲ့ပြီးနောက် အင်ဒိုနီးရှားနိုင်ငံတစ်ဝန်းရှိ မီးတောင်များအနေဖြင့် အဆင့်(၂)ရှိ သတိပေးချက်ကို ရောက်ရှိနေကြောင်း ဇန်နဝါရီ ၁၅ ရက်က အင်ဒိုနီးရှားမီးတောင်နှင့် ဘူမိဗေဒဆိုင်ရာ အန္တရာယ်လျော့ပါးရေးဗဟိုဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု Macau Business သတင်းဌာနက ဇန်နဝါရီ ၁၅ တွင် ရေးသားဖော်ပြထားသည်။

အရှေ့တောင်အာရှတွင် အင်ဒိုနီးရှားနိုင်ငံရှိ မီးတောင် ၁၇ လုံးသည် အဆင့်(၂)ရှိ သတိပေးချက်သို့ ရောက်ရှိနေကြောင်း အင်ဒိုနီးရှား မီးတောင်နှင့် ဘူမိဗေဒဆိုင်ရာ အန္တရာယ်လျော့ပါးရေးဗဟိုဌာနက သတိပေးချက် ထုတ်ပြန်ခဲ့ပြီး ဆူမားတြားကျွန်းပေါ်ရှိ Marapi မီးတောင်သည် ဇန်နဝါရီ ၁၄ ရက်က မီးတောင်အတွင်း ပေါက်ကွဲမှု ၁၉၁ ကြိမ်ဖြစ်ပွားခဲ့ရာ မီတာ ၃၀၀ မှ မီတာ ၆၀၀ ကြား အမြင့်သို့ မီးခိုးပြာမှုန်များကို မှုတ်ထုတ်ခဲ့ကြောင်း Marapi မီးတောင်စောင့်ကြည့်ရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။



ထို့ပြင် ဂျာဗားကျွန်းပေါ်ရှိ Semuru မီးတောင်သည်လည်း ဇန်နဝါရီ ၁၃ ရက်၊ ၁၄ ရက်တို့တွင် မီးတောင်အတွင်း ပေါက်ကွဲမှုများဖြစ်ပွားခဲ့ပြီး အဖြူရောင်မီးခိုးပြာများ မီတာ ၇၀၀ ထိ မှုတ်ထုတ်ခဲ့ကြောင်း၊ မီးတောင်အတွင်းပေါက်ကွဲမှုများ ဖြစ်ပေါ်လျက်ရှိသည်မှာ ရှစ်ရက်ဆက်တိုက် ရှိလာပြီဖြစ်ကြောင်းနှင့် ပိုမိုပြင်းထန်လာကြောင်း မီးတောင်စောင့်ကြည့်ရေးစခန်းတာဝန်ခံ Ahmad Rifandi က ပြောကြားခဲ့သည်။

အဆိုပါပေါက်ကွဲမှုများကြောင့် မီးခိုးပြာနှင့် ချော်ရည်များ အချိန်မရွေး စီးကျလာနိုင်သည့်အလားအလာရှိသောကြောင့် Semuru မီးတောင်အနီးတစ်ဝိုက်ဒေသများတွင် နေထိုင်သူများအနေဖြင့် မီးတောင်နှင့် ၁၃ ကီလိုမီတာအကွာအဝေးအတွင်း သွားလာလှုပ်ရှားမှုများမပြုလုပ်ရန် မီးတောင်စောင့်ကြည့်ရေးစခန်းအကြီးအကဲ Mukdas Sofian က အကြံပြုထားကြောင်း သိရသည်။

**AZH**

# ရာဝတီတိုင်းဒေသကြီးအတွင်း သစ်တောကြိုးဝိုင်းနှင့် ကြိုးဝိုင်းပြင်ပရှိ သက်တမ်းရင့်သစ်ပင်ကြီးများ ရှာဖွေထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**ပုသိမ် ဇန်နဝါရီ ၁၆**

ဧရာဝတီတိုင်းဒေသကြီးအတွင်း နိုင်ငံပိုင် သစ်တောကြိုးဝိုင်းဧရိယာနှင့် ကြိုးဝိုင်းပြင်ပတို့တွင် ပေါက်ရောက်လျက်ရှိသည့် သက်တမ်းရင့်သစ်ပင်ကြီးများ ရှာဖွေဖော်ထုတ်ထိန်းသိမ်းထားခြင်း လုပ်ငန်းများကို ယခုဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်နေကြောင်း ဧရာဝတီတိုင်းဒေသကြီးသစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဌေးက ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း နိုင်ငံပိုင်သစ်တောကြိုးဝိုင်းဧရိယာနှင့် ကြိုးဝိုင်းပြင်ပတို့တွင် ပေါက်ရောက်လျက်ရှိသည့် သက်တမ်းရင့်သစ်ပင်ကြီးများ ရှာဖွေဖော်ထုတ်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် မြန်အောင်မြို့နယ်၌ သက်တမ်း နှစ် ၁၀၀ ကျော်ရှိ ကညင်ပင်ကြီးနှင့် သပြေပင်ကြီး စုစုပေါင်း သစ်ပင်ကြီးလေးပင်ကို ထိန်းသိမ်းထားကြောင်း သိရသည်။

"လက်ရှိ ထိန်းသိမ်းထားတဲ့ နှစ် ၁၀၀ ကျော်သက်တမ်းရှိ သစ်ပင်ကြီးတွေကတော့ မြန်အောင်မြို့နယ် ဆပ်သွားချောင်းကျေးရွာကဒေါ်ထွေးရဲ့ ဥယျာဉ်ခြံအတွင်းမှာ တွေ့ရှိရတဲ့ လုံးပတ် ၁၂ ပေ၊ အမြင့်ပေ ၁၀၀ နဲ့ လုံးပတ် ၁၇ ပေ၊ အမြင့်ပေ ၁၀၀ရှိတဲ့ ကညင်ပင်နှစ်ပင်၊ နောက် လက်ပံကွင်းကျေးရွာအုပ်စု လက်ပံကွင်းကျေးရွာက ဦးတင်မြင့်ရဲ့ ဥယျာဉ်ခြံမြေအတွင်းမှာတွေ့ရှိရတဲ့ လုံးပတ် ၂၁ ပေ ငါးလက်မ၊ အမြင့်ပေ ၁၀၀ ရှိ ကညင်ပင်တစ်ပင်နဲ့ မျှင်ဝါးတောင်ကြိုးဝိုင်း အကွက်အမှတ်(၄၆)မှာရှိတဲ့ လုံးပတ် ၂၂ ပေ ရှစ်လက်မနဲ့ အမြင့်ပေ ၁၀၀ ရှိတဲ့ သပြေပင်ကြီးတွေကို သက်တမ်းရင့်ရတနာတန်းဝင် ရှားပါးသစ်ပင်ကြီးတွေအဖြစ် မှတ်တမ်းတင်ထားပြီး ထိန်းသိမ်းလျက်ရှိပါတယ်"ဟု ဦးသန်းဌေးက ပြောပြသည်။

နှစ် ၁၀၀ အထက် သက်တမ်းရှိ အကြီးဆုံးသစ်ပင်ကြီးများကို မြန်အောင်မြို့နယ် သစ်တောဦးစီးဌာန ဝန်ထမ်းများက ၂၀၂၁ ခုနှစ်က စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ASH**

# ၂၁၀၀ ပြည့်နှစ်တွင် ကမ္ဘာ့ရေခဲမြစ်ထက်ဝက်ခန့် အရည်ပျော်ကျမှုမြင့်တက်ဖွယ်ရှိ

**အော့စ်လို ဇန်နဝါရီ ၁၆**

နော်ဝေနိုင်ငံ အော့စ်လိုတက္ကသိုလ်မှ သုတေသီများက ရာသီဥတု ဖောက်ပြန်မှုကြောင့် အပူချိန်မြင့်တက်မှုဖြစ်ပေါ်ပြီး ရေခဲမြစ်များ အရည်ပျော်ကျမှုနှုန်းမြင့်တက်လာဖွယ်ရှိနေကြောင်း သုတေသနရလဒ်များနှင့်တကွ ဖော်ပြခဲ့သည်ဟု JP Times သတင်းဌာနက ဇန်နဝါရီ ၁၅ ရက်က ရေးသားဖော်ပြခဲ့သည်။

အပူချိန် မြင့်တက်မှုကြောင့် ကမ္ဘာ့ရေခဲမြစ် စုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းမှာ ၂၁၀၀ ပြည့်နှစ်အရောက်တွင် အရည်ပျော်ကျဖွယ်ရှိနေပြီး ရေပမာဏမြင့်တက်ကာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရေကြီးရေလျှံမှု ဖြစ်ပွားလာနိုင်ကြောင်း၊ မှတ်တမ်းအရ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ရေခဲမြစ်ပေါင်း ၂၁၅၀၀၀ ထိရှိနေပြီး ၂၁၀၀ ပြည့်နှစ်အရောက်တွင် ၎င်းပမာဏ၏ထက်ဝက်ခန့်မှာ ပျောက်ကွယ်သွားမည်ဖြစ်ကြောင်း နော်ဝေသုတေသီများက ထုတ်ပြန်ခဲ့သည်။

"ရာသီဥတု ဖောက်ပြန်တာကြောင့် ကမ္ဘာမြေကြီးပူနွေးမှုက မြင့်တက်လာတယ်။ အပူချိန်တွေ မြင့်တက်လာတာနဲ့အမျှ ကမ္ဘာ့ရေခဲမြစ်တွေ အရည်ပျော်ကျမှုနှုန်းတွေလဲ မြင့်တက်လာနိုင်တယ်။ ရာသီဥတုဖောက်ပြန်မှုနဲ့ ဆက်စပ်ပြီး ရေခဲမြစ်တွေ အရည်ပျော်ကျလာနိုင်တဲ့အခြေအနေပေါ်မှာ သုတေသနပြုလုပ်ထားပါတယ်။ သုတေသနရလဒ်တွေအရ ၂၁၀၀ ပြည့်နှစ်အရောက်မှာ ကမ္ဘာ့ရေခဲမြစ်စုစုပေါင်းရဲ့ ၅၀ ရာခိုင်နှုန်းလောက်ထိ အရည်ပျော်ကျပြီး ရေခဲမြစ်အရေအတွက်တွေ လျော့ကျလာနိုင်ပါတယ်။ ရေခဲမြစ်တွေအရည်ပျော်ကျတာကြောင့် နိုင်ငံတချို့ရဲ့ ဒေသတချို့ဟာ ရေအောက်ရောက်ဖွယ်ရှိနေတယ်။ ရေပမာဏတွေမြင့်တက်လာပြီးတော့ ကမ္ဘာကြီးဟာရေလွှမ်းမိုးမှုနဲ့ ရင်ဆိုင်ရဖွယ်ရှိနေတယ်။ ဒီလိုအခြေအနေမရောက်ဖို့ကတော့ ကမ္ဘာမြေကြီးပူနွေးမှုကို လျှော့ချနိုင်ဖို့ လိုအပ်နေပါတယ်"ဟု အော့စ်လိုတက္ကသိုလ်မှ သုတေသီ ရီဂျင်းဟော့က ပြောကြားခဲ့သည်။

**ခိုင်းဆက်**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ဧက ၄၇၈၀ စိုက်ပျိုးပြီးစီး



**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၆**

ရေဝတီတိုင်းဒေသကြီး လပွတ္တာ ခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၄၇၈၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းဧက ၄၇၈၀ ကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက အားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး သွားပြီဖြစ်ကြောင်း သိရသည်။

"ပဲတီစိမ်းသီးနှံတွေ လျာထား ချက်ပြည့်မီအောင် စိုက်ပျိုးနိုင် ဖို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနက စိုက်ပျိုးရေးနည်းပညာ တွေနဲ့ အခြားလိုအပ်တာတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆောင်း သီးနှံတွေကို ပြီးခဲ့တဲ့နှစ် အောက်တို ဘာလကစ စိုက်ပျိုးခဲ့ပါတယ်။ ဆောင်းသီးနှံတွေထဲက ပဲတီစိမ်း သီးနှံကို ဧက ၄၇၈၀ လျာထား စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိ ပဲတီစိမ်း သီးနှံ လျာထားဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးသွား ပြီဖြစ်ပါတယ်။ စိုက်ပျိုးပြီးသီးနှံ တွေကို တောင်သူတွေနဲ့ ပူးပေါင်း ဆောင်ရွက်ပြီး အထွက်နှုန်းကောင်း စေဖို့ ပိုးမွှားအန္တရာယ်မကျရောက် စေဖို့ စတဲ့လုပ်ငန်းတွေကို ဆက် လက် ဆောင်ရွက်သွားမှာဖြစ်ပါ တယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်သွင်က ပြောပြသည်။

အဆိုပါ ဆောင်းပဲတီစိမ်းသီးနှံ များကို မော်လမြိုင်ကျွန်းမြို့နယ် အတွင်းရှိ ကြက်လျှာ၊ ဝဲဒေါင့်၊ ကျိုက်ပိ၊ ညောင်တုန်းစု၊ စခန်းကြီး၊ မအူထုံး၊ ပုလွနှစ်တာ၊ မြောင်းသာ၊ ဝက်တွင်း၊ ရွှေတချောင်း၊ အုန်းပင် စု၊ မြစ်ကလေးတန်း၊ ကျော်ဇံ၊ ပျား ဖွတ်လျော်ချောင်း စသည့်ကျေးရွာ များတွင် အများဆုံးစိုက်ပျိုးထား ကြောင်း၊ အဆိုပါ ဒေသများတွင် ယခင်နှစ် ဆောင်းသီးနှံစိုက်ပျိုး ရာသီက ပဲတီစိမ်း တစ်ဧကလျှင် ပျမ်းမျှ ၄၃ တင်းသာ ထွက်ရှိခဲ့ပြီး ယခုနှစ်တွင် ပဲတီစိမ်း တစ်ဧက လျှင် တင်း ၅၀ ထိထွက်ရှိစေရန် စနစ်တကျ လျာထားဆောင်ရွက် နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

# မင်းဘူးမြို့နယ် ဖြူကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

**မင်းဘူး ဇန်နဝါရီ ၁၆**

မကွေးတိုင်းဒေသကြီး မင်းဘူး ခရိုင် မင်းဘူးမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ကျေးလက်နေ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ် ၍ ဖြူကုန်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၀၀ ဒသမ ၄ သိန်းဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ ကို ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင် ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ မင်းဘူး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးအောင်ကိုကိုနှင့် တာဝန် ရှိသူများက ဖြူကုန်းကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက် ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေ စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဝင်း မြတ်သိန်းက လုပ်ငန်းများသတ်မှတ် စံချိန်စံညွှန်းပြည့်မီစေရေး ပိုင်းဝန်း ဆောင်ရွက်ကြရန် ဆွေးနွေး မှာကြားသည်။

ဖြူကုန်းကျေးရွာတွင် မြစိမ်း ရောင်ကျေးရွာစီမံကိန်းကို အရင်း မပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၀၀ ဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခု အခါ အဋ္ဌမအကြိမ်မြောက်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၅၃ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၈ ဦး ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ကျပ် ၄၀၀ ဒသမ ၄ သိန်းထိ ထုတ်ချေးပေးနိုင်ခဲ့ပြီး စီမံကိန်း လုပ်ငန်းများ လည်ပတ်ဆောင်ရွက် လျက်ရှိကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက ပြောပြ၍ သိရသည်။

**ဇင်မာ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြို့တော်များ၏ ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၇၀ | ၂၂၂၀ | ၂၂၁၀ | ၂၁၈၀ | ၂၂၁၅ | ၂၂၄၀ | ၂၂၂၅ | ၂၂၈၅ | ၂၃၀၀ | ၂၃၁၅ | ၂၂၁၀ | ၂၂၂၀ | ၂၂၅၅ | ၂၂၅၅ | ၂၂၆၀ | ၂၄၈၅ | ၂၉၀၀ |
| 95 Ron | ၂၂၃၀ | ၂၂၈၀ | ၂၂၇၅ | ၂၂၄၀ | ၂၂၇၅ | ၂၃၀၀ | ၂၂၈၅ | ၂၂၆၅ | ၂၃၆၀ | ၂၃၇၅ | ၂၂၇၀ | ၂၂၈၅ | ၂၃၁၅ | ၂၃၁၅ | ၂၃၂၀ | ၂၅၄၅ | ၂၉၈၀ |
| HSD (500 ppm) | ၂၄၂၅ | ၂၄၇၅ | ၂၄၇၅ | ၂၄၃၅ | ၂၄၇၅ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၀ | ၂၅၈၀ | ၂၅၇၅ | ၂၄၆၅ | ၂၄၈၀ | ၂၅၁၀ | ၂၅၁၅ | ၂၅၁၅ | ၂၇၄၅ | ၃၅၀၀ |
| HSD (50 ppm) | ၂၅၈၅ | ၂၅၅၅ | ၂၅၅၅ | ၂၅၁၅ | ၂၅၅၅ | ၂၅၈၀ | ၂၅၇၅ | ၂၅၄၀ | ၂၆၆၀ | ၂၆၅၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၉၀ | ၂၅၉၅ | ၂၅၉၅ | ၂၈၂၅ | ၃၅၃၀ |
| HSD (10 ppm) | ၂၅၈၅ | ၂၅၅၅ | ၂၅၅၅ | ၂၅၁၅ | ၂၅၅၅ | ၂၅၈၀ | ၂၅၇၅ | ၂၅၄၀ | ၂၆၆၀ | ၂၆၅၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၉၀ | ၂၅၉၅ | ၂၅၉၅ | ၂၈၂၅ | ၃၅၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၃၄ |
| 95 Ron | ၂၁၁၈ | ၂၁၉၄ |
| HSD (500 ppm) | ၂၃၁၂ | ၂၃၈၈ |
| HSD (50 ppm) | ၂၃၈၆ | ၂၄၆၄ |
| HSD (10 ppm) | ၂၃၈၆ | ၂၄၆၄ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၂၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။
- (ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

**၂။ စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့်အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

**၃။ လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရည်မြင့်မားရေး။

❖ မိမိတို့နိုင်ငံတွင် ဆန်ကိုသာ အဓိကစားသုံးကြခြင်းဖြစ်သဖြင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးအပါဆုံး ကောက်ပဲသီးနှံတစ်ခုလည်းဖြစ်...

❖ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ပို့ကုန်မြှင့်တင်ရေးကို အဓိကဦးစားပေးဆောင်ရွက်လျက်ရှိ...

❖ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးအတွက် နိုင်ငံ၏ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီပြီး ပြည်ပဈေးကွက်ကို ပိုမိုတင်ပို့နိုင်မည့် အလားအလာများရှိသည့်ပို့ကုန်များကို ပိုမိုတိုးချဲ့ထုတ်လုပ်တင်ပို့နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိရာတွင် ဆန်စပါးကဏ္ဍကို မြှင့်တင်ဆောင်ရွက်ခြင်းသည် အချိန်တိုအတွင်းရလဒ်ကောင်းများရစေနိုင်သည့်(Quick Win) အစီအစဉ်တစ်ခုလည်းဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် ကျင်းပပြုလုပ်သော မြန်မာ့ဆန်စပါးညီလာခံ-၂၀၂၂ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ထေရဝါဒပုဒ္ဓသာသနာပြု(ဗဟို)ကျောင်းနှင့် ထေရဝါဒပုဒ္ဓသာသနာပြုသီလရှင်ကျောင်းတို့သို့ သွားရောက်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း** စာမျက်နှာ - ၂၀

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လဟယ်မြို့ နယ်မြေခံတပ်နှင့် ဟုမ္မလင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လဟယ်မြို့ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၆**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် လဟယ်မြို့ရှိ နယ်မြေခံတပ်နှင့် ဟုမ္မလင်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်၊ မိသားစုများကို စာမျက်နှာ ၁၈ ကော်လံ ၁ ☆

